www.burmeseclassic.com

# သန့်ရှင်းသော ရယ်သံများနှင့် အခြားဝတ္ထုတိုများ

ရဲသျှမ်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၁၉၈၀၂၁၁
◆
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၀၁၀၃၁၁
◆
ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ ဇွန်လ
◆
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
ဇော်မောင်
◆
အတွင်းဖလင်
AZ
◆
အုပ်ရေ
၅၀၀
◆
တန်ဖိုး
၁၅၀၀ ကျပ်
◆
ထုတ်ဝေသူ
ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄) နန်းဒေဝီစာပေ
အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
◆
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်လှ (စာပေလောက)
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅. ၈၃

ရဲသျှမ်း
သန့်ရှင်းသော ရယ်သံများနှင့် အခြားဝတ္ထုတိုများ/ရဲသျှမ်း
ရန်ကုန်။ နန်းဒေဝီစာပေ၊ ၂၀၁၀၊ ဇွန်လ။
စာ ၁၇၉၊ ၁၃ × ၁၉ စင်တီမီတာ

www.burmeseclassic.com

www.burmeseclassic.com

# သန့်ရှင်းသောရယ်သံများ နှင့်
# အခြားဝတ္ထုတိုများ

## ရဲသျှမ်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ကျေးဇူးစကား

ဆရာ ကျော်စောမင်း၏ အမှာ

၁။ ဂိမ်း (၁) ၁၂

၂။ ဂိမ်း (၂) ၁၈

၃။ မညီမျှခြင်း သင်္ချာ ၂၆

၄။ သန့်ရှင်းသော ရယ်သံများ ၄၀

၅။ ချားရဟတ်ပေါ်မှာ ၅၂

၆။ ရိုက်နေတဲ့ လက်ကို လျက်နေတာလေ ၆၂

၇။ စာစီစာကုံးလေးများ ၇၄

၈။ ဒဏ်ရာ ၈၀

၉။ ငါ့ဝမ်းပူဆာ မနေသာ ၈၈

၁၀။ ပြုံးနေတဲ့ ကာတွန်း ၉၈

၁၁။ စမ်းကျရေများ ၁၁၀

၁၂။ အရိုးပျော့ ၁၂၂

၁၃။ ခေတ်ပြိုင်မာရာဒိုနာ ၁၃၄

၁၄။ အမျက်ဆူး ၁၄၈

၁၅။ မီးနေ့ ၁၅၈

၁၆။ လက်ချောင်းလေးများအကြောင်း ၁၇၀


www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးစကား

ကျွန်တော်ရေးခဲ့တဲ့ ဝတ္ထုတိုလေး တချို့ကို ၁၉၉၃ မှာ 'အသည်းကွဲ ရှန်တိန်နှင့် အခြား ဝတ္ထုတိုများ' ဆိုပြီး ကျွန်တော့်အစ်ကို ကိုရဲတင်က ထုတ်ပေးခဲ့ပါတယ်။

နောက် ၂၀၁၀ ဇန်နဝါရီမှာ ရထားဝတ္ထုလေးတွေချည်း စုစည်းပြီး 'ဘူတာရုံကလေး' ဝတ္ထုတိုများ စာအုပ် ထုတ်ခဲ့ပါတယ်။ သူငယ်ချင်း ကိုကျော်စိုးဝင်း (ကြည်လင်အေး) နဲ့ ကိုအောင်သူမြတ် တို့ ကျေးဇူးကြောင့်ပါ။

အခု တတိယ စာအုပ်အဖြစ် 'သန့်ရှင်းသောရယ်သံများ' ကို ကိုရဲ (သရဖူ) ကျေးဇူးနဲ့ ထုတ်ဝေဖြစ်ပြန်ပါပြီ။

တစုတစည်းတည်း မဖြစ်သေးသော ကျွန်တော့်ရဲ့ ဝတ္ထုတိုများကို အပိုင်းလိုက် ပေါင်းစည်းပေးတဲ့ နန်းဒေဝီစာပေနဲ့ မဂ္ဂဇင်း အဟောင်းများကနေ ကျွန်တော့် ဝတ္ထုတိုလေးများကို မညည်းမညူ ရှာဖွေပေးတဲ့ ကိုဝင်းတင့် (စာကြည့်တိုက်မှူး/ မိတ္ထီလာ တက္ကသိုလ်) တို့ကို အထူးပင် ကျေးဇူးတင်ပါကြောင်း ရင်ထဲ ကမွှည်း ဆိုပါရစေ။

ရဲသျှမ်း

www.burmeseclassic.com

www.burmeseclassic.com

# ရဲသျှမ်းအတွက် အမှာ
# သန့်ရှင်းသော လိမ္မော်သီးများ

(၁)

ဤစာအုပ်ထဲမှ လက်ချောင်းလေးများ အကြောင်းကို ဖတ်ပြီး ကျွန်တော် မချင့်မရဲ ဖြစ်သွားသည်။ စည်းရုံးသိမ်းသွင်းပြီးမှ အပိုင်ရိုက်ချလိုက်သည့်ဟန်။ ဇာတ်လမ်းလေးများနှင့် တွဲလျက် ပြောလိုက်လျှင် ဘယ်လောက် ကောင်းသွားလိုက်မလဲ။ သူ့ ပုံစံသူ့ဟန်ဆိုတော့ ကျွန်တော် ဝင်မစွက်သာ။

(၂)

ရေဆင်းရောက်တော့ ထိုနယ်မြေရှိ စာသမားများနှင့် အသိအကျွမ်းဖြစ်ရသည်။ တက္ကသိုလ်ဝန်းကျင်မှာက တော့ ကျောင်းသူ ကျောင်းသား စာပေသမားများ ရှိကြသည်။ သစ်တော သုတေသန ဌာနမှာလည်း ကျွန်တော်တို့ စာပေဝိုင်း ရှိလျှင် ရောက်ရောက်လာတတ်ပြီး စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲတွေမှာ ရှေ့တန်းက ထိုင်နေတတ်သူ တစ်ဦး ရှိသည်။ သူက သူ့မောင်ငယ်လေးလည်း ဝတ္ထုရေးကြောင်း၊ သူ့အစ်မတစ်ဦး၏ ခင်ပွန်းကလည်း စာရေးဆရာဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြောပြဖူးသည်။ တစ်နေ့မှာ မန္တလေးသို့ အမြန်ရထားနှင့် သွားမည် ပြင်တော့ သာစည်ဘူတာမှာ ရဲသျှမ်းရှိနေကြောင်း ပြောလိုက်၏။ သာစည်ဘူတာတွင် အမြန်ရထားက ငါးမိနစ်လားသာ ရပ်သည်။ ထိုအချိန်ကလေးအတွင်း ကျွန်တော် သာစည်ဘူတာ တစ်ဝိုက် လှည့်ပတ်ပြေးနေရသည်။ ဟိုနား ရှိသလိုလို ဒီနားရှိနေသလိုလို ခုပဲ မြင်လိုက်သလိုလို။ ရထားထွက်လုနီးနေ၍ နီးရာဘူတာဝန်ထမ်းကို တွဲနံပါတ်နှင့် ခုံနံပါတ် ပြောထားခဲ့ရ၏။ ရထား ခရာသံ ကြားရဆဲမှာ လူရွယ်တစ်ဦး ပြေးလာတာ တွေ့ရ၏။ မမှားနိုင်။ ရဲသျှမ်းပဲ ဖြစ်မည်။ မှာလိုက်သူက သူနှင့် အလွန်တူသည်ဟု ပြောထားသည်ပဲ။ သူက လာပြီး နှုတ်ဆက်တော့ ကျွန်တော် ရေဆင်းကပါဟု ပြန်ပြောဖြစ်သည်။ ကိုရဲသျှမ်း မဟုတ်လား။ ကျွန်တော်ပါဟု ကိုယ့်ကလောင်အမည်ကို ဖော်ပြော မိတ်ဆက်လိုက်တော့ ဟာဗျာ စောစောက တွေ့ရင်ကောင်းမှာဟု ပြောရင်း ဘီးလိမ့်စ ပြုနေသော ရထား ဘေးမှ ပြေးလိုက်လာသည်။ ငယ်ငယ် ချောချော သွယ်သွယ်လျှလျှ မီးရထား ဝန်ထမ်းတို့၏ ဘူတာ ဝတ်စုံနှင့် စမတ်ကျကျ။

(၃)

လွန်ခဲ့သည့် နှစ်ပတ်က ရန်ကုန်မြို့ထဲ ရောက်သည်။ ရန်ကင်းသစ်မှ ကိုပြည်သွေးနိုင်က ချိန်းဆိုသဖြင့် ၃၈ လမ်းအထက်ပိုင်းရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။ ကိုဆူးငှက်၊ ကျောက်ပုထိုး ဦးသိန်းလွင် (လင်းလွန်းခင်)၊ ကိုအောင်ဘညို၊ ကိုလေးကိုတင်နှင့် အမည်မသိ ခပ်ဖိုင့်ဖိုင့် လူညိုချောတစ်ဦး။ ကိုဆူးငှက်နှင့် အောင်ပင်လယ် ရေမြှုပ်ဖုံး ကိစ္စတွေ ပြောဆိုအပြီး

www.burmeseclassic.com

www.burmeseclassic.com

မှာ လူညိုချောက ဝင်မိတ်ဆက်သည်။ ကျွန်တော်ရဲ့သျှမ်းပါတဲ့။ ဖြစ်ရလေ။ ပိန်သွယ်သွယ် မျက်နှာက ဝိုင်းပြည့်လာပြီး ပါးလျလျ ကိုယ်ခန္ဓာက ခပ်ဖိုင့်ဖိုင့်ဖြစ်လာ၍ ကြည့်ကောင်းနေသော လူရွယ် တစ်ဦး။

(၄)

နောက်ပိုင်းရေးသော ဝတ္ထုလေးတွေ တိုနန့်နန့် ဖြစ်လာသည်ကို ပြောဖြစ်၏။ ဂျာနယ်မှာ ရေးရတော့ ဂျာနယ် စာမျက်နှာနဲ့ လိုက်အောင် ရေးရတာပါဟု ဆိုပါသည်။ ဝတ္ထုတိုဟုပေါ်စ တစ်ချိန်က ယခုသာ မြန်မာလို ပြန်လျှင် ၁၀၀၀၊ ၁၅၀၀ တန် လုံးချင်း တစ်အုပ်စာလောက် ရှည်အောင်ပင် ရေးခဲ့ကြသည်။ ထိုစဉ်က မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေက လည်း နေရာပေးနိုင်ခဲ့ကြပုံ ပေါ်သည်။ နောင်တော့ ကြော်ငြာတွေ ဝင်လာ၊ သတင်းတွေ ဝင်လာပြီး နေရာ ကျုံ့လာခဲ့၏။ ခပ်ရှည်ရှည် ဝတ္ထုမျိုးကို မဂ္ဂဇင်းတွေ မှာပဲ တွေ့ရတော့သည်။

စက်မှုခေတ်ကြီးက လူတွေကို နေ့ရာမှ မြန်အောင် တွန်းထုတ်လိုက်သော အခါ အချိန်တွေ ရှားသွားသည်။ အချိန်ပိုနေသူတွေလည်း နည်းပါး သွားသည်။ ဤလို ခေတ်ရေစီးကြောင်း ပြောင်းသွားသောအခါ ဝတ္ထုတိုတွေလည်း တို၍ တို၍ လာကုန်ကြတော့သည်။ လှည့်ကွက်သုံး၍ တိုတိုမိမိရေးသော ချက်ကော့ဟန်၊ အိုဟင်နရီဟန်၊ မော်ပါဆွန်းဟန်တို့ ခေတ်စားလာကြသည်။

(၅)

ခေတ်ကြောင့် ဝတ္ထုတိုဟန် ပြောင်းသွားရခြင်းကို စက်မှုခေတ်ဆန်းချိန်တွင် တစ်ကြိမ်ကြုံခဲ့အပြီးမှာ

www.burmeseclassic.com

www.burmeseclassic.com

ဂလိုဘယ် လိုက်ဇေးရှင်း အဝင်တွင် တစ်ကြိမ် ထပ်ကြုံရသည်။ ဈေးကွက် စီးပွားရေးကြောင့်လည်း ဝတ္ထုတို၏ အတာအဝန်း ပြောင်းသွားသည်။ ရဲသျှမ်း၏ ယခု စာအုပ် ရှေ့ပိုင်းပါ ဝတ္ထုများက ဂျာနယ် ဝတ္ထုတို ပုံစံ ဖြစ်နေသော်လည်း နောက်ပိုင်းပါ ဝတ္ထုတိုများကား ရဲသျှမ်း၏ မူမပျက်။ အသည်းကွဲ ရှုန်တိန်မှ မူကို မဖျက်။

ရဲသျှမ်းတွင် ကျွန်တော် အထူး သတိထားမိသော အချက်နှစ်ချက် ရှိသည်။ ပထမ အချက်မှာ half tone ခေါ် တစ်ဝက်သွေးကို သုံးလေ့ ရှိခြင်းပင် ဖြစ်သည်။ ဒုတိယ အချက်မှာ ဤဝတ္ထုတို ပေါင်းချုပ်သည် လိမ္မော်တစ်လုံးပင် ကြွေကျအောင် ခပ်ကြမ်းကြမ်း လှုပ်ခါလိုက်ပြီး မြေပေါ် စုပုံထားသော လိမ္မော်ပုံနှင့် တူနေခြင်း ဖြစ်သည်။ အနု အရင့် စုံသည့်တိုင် လိမ္မော်သီးဆိုသော သဘာဝက မပျက်။

စာဖတ်သူများသည် ရဲသျှမ်း၏ လောကငယ်ထဲမှ လိမ္မော်သီးများ၏ သဘောသဘာဝကို မြင်ကြရပါလိမ့်မည်။

**ကျော်စောမင်း**



www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ခန်း (၇)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

# ဂိမ်း

ကျွန်တော့် ဝန်ထမ်း အိမ်လေးက ကျဉ်းပေမယ့် အချိန်ပြည့်မီးလာတာမို့ လျှပ်စစ်မီးနှင့် လုပ်စား ရသည့် အလုပ်လေးတွေကို စဉ်းစားမိသည်။ ဇနီးသည်က ရပ်ကွက်ထဲမှ ကလေး အုပ်စုကိုကြည့်ပြီး တီဗွီဂိမ်းဆိုင်လေး ဖွင့်ဖို့ အကြံပေးသည်။ သည်လိုနဲ့ပဲ အစ်ကိုအစ်မ၊ မိတ်ဆွေ သူငယ်ချင်း၊ ယောက်ဖ၊ ခယ်မတို့ ကူညီဆောင်ရွက်မှုနဲ့ 'ဂိမ်း'ဆိုင်လေး ဖြစ်လို့သွား သည်။ တရုတ်တီဗွီ ရှစ်လုံး တရုတ် ဂိမ်းစက် ရှစ်လုံး . . .။

ဂိမ်းဆိုင်လေးက စည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲက ကလေး တော်တော်များများ ကျွန်တော့်ဆိုင်လေးထဲ ရောက်လာကြသည်။ ကစားနေသူ၊ တစ်ယောက်နံဘေးမှ အားပေးသူ အကြံပေးသူ ငါးယောက်လောက်မို့ ကျပ်ကျပ်တည်းတည်းနှင့် ကျွန်တော်အိမ် အဖီလေး ပြုံမှာကိုပင် စိုးရိမ် နေရသည်။

ဝန်ထမ်းရပ်ကွက်လေးမို့ ကလေးအများစုက တစ်နာရီ ၂၅၀ ကျပ်ကို တစ်ဦးတည်း မဆော့နိုင်တော့ စုပေါင်းစပ်ပေါင်း ဆော့သည်။ နှစ်ယောက်ဆော့ကစားလို့ရသည့် စက်ဘီး (Down Hill)၊ ကားမောင်း (Rumble Racing)၊ စမတ်ဒေါင်း၊ ဘောလုံး၊ ကားသူခိုး၊ ဝေါဇီလာ၊ ကြောင်နဲ့ကြွက်တို့ကို ကစားကြသည်။ တစ်ယောက်တည်း ဆော့ကစားရသည့် ဇာတ်လမ်းတွဲတွေဖြစ်သည့် God of the War, Motal Compact, Resisdence evil, ဂျိန်းစ်ဘွန်းခွေတွေကိုတော့ လူရွယ်လေးတွေကပဲ ဆော့ကစားကြသည်။

ဂိမ်းခွေတွေအကြောင်း ပြောရရင်တော့ အများကြီးပဲ ဖြစ်သည်။ ဂိမ်းခွေတွေထက် ဂိမ်းဆော့သည့် ကလေးတွေက ပို၍ စိတ်ဝင်စားဖို့ကောင်းသည်။ ကလေးအရွယ်တွေက ၅ နှစ်သား ကလေးမှ ၁၄ နှစ်သား ကလေးထိ အရွယ်စုံသည်။ ၇ နှစ်၊ ၈ နှစ် နှင့် ၁၀ နှစ်ကြား ကလေးတွေက အများဆုံး၊ ဂိမ်းဆိုင်တကာ လှည့်ခဲ့ဖူးပြီ၊ ကစားနည်းတွေ ကျွမ်းကျင်နေပြီ၊ ဘယ်နေရာ ရောက်ရင် ဘယ်ခလုတ်နှိပ်၊ စက်ဘီး အလှကွက်၊ ကား မိုးပေါ်ပျံ၊ ကား ခိုးနည်း သူတို့က နည်းစနစ် ကျွမ်းကျင်သူမို့ ကလေးထဲမှာ 'ဆရာကြီး' ။

၁

'အောင်ဗလ' လေးက ၅ နှစ်အရွယ် သူငယ်တန်း၊ သူ့အဖေ၊ အမေက တွမ်းယာဆိုင်နှင့် အသုပ်ဆိုင် ဖွင့်တာမို့ ကလေးက မုန့်ဖိုး အလွယ်တကူ ရလို့နေသည်။ သည့်ကလေး ကျွန်တော့်ဂိမ်းဆိုင်လေး ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ကလေးငယ် အများစု ဆော့ကစားသည့် စက်ဘီးခွေ ဆော့သည်။ သူ မဆော့တတ်သေးတော့ နံဘေးက အားပေးသည့်၊ ကျွန်တော် ပြောခဲ့သည့် နည်းစနစ်ကျွမ်းကျင်သူ ဆရာကြီးများက ကူ ဆော့ပေးသည်။ ဒါက ကျွမ်းထိုးတာ၊ ဟောဒါက စက်ဘီးကို လှည့်ပြီး အလှကွက်ဖော်တာ ကလေးကို သင်ပေးသလိုနှင့် သူတို့ ဆော့ကစားကြသည်။ အချိန် တစ်နာရီမှာ အောင်ဗလလေး ဂိမ်းဆော့ကစားရတာ ၁၅ မိနစ်ပင် မပြည့် . . .။

'အောင်ဗလ' လေး ကျွန်တော့ဆိုင်ထဲဝင်လာတော့ ဘယ်အချိန်က ချောင်းနေမှန်းမသိသော ကလေးဆရာ တစ်အုပ်လည်း ဆိုင်လေးထဲ ဝုန်းခနဲ ဝင်လာသည်။

'ဟေ့ကောင် ငါဦးတာ'

'လုပ်မနေနဲ့ ဟေ့ကောင်၊ ငါ မနေ့ကတည်းက အောင်ဗလကို ပြောထားတာ၊ ဟုတ်တယ်နော် ညီလေး'

'ညီလေး. . . ဒီကောင်တွေ အလှကွက်လောက်တော့ ပျင်းတောင် ပျင်းသေးတယ်၊ အစ်ကိုကြီး မိုးပျံတွေ၊ ရှူးဒိုင်းတွေ လုပ်ပြမယ် သိလား'

ကလေး 'ဆရာကြီး' အုပ်စုက အောင်ဗလကို ဝိုင်းနေကြပြီ။

အောင်ဗလက မျက်လုံးအဝိုင်းသားနှင့် ဘယ်သူနဲ့ ပူးပေါင်းရမှာလဲ၊ ဘယ်သူ့ ဆရာတင်ရမှာလဲ၊ ဘာလုပ်ရမှာလဲ ဝေခွဲမရ ဖြစ်နေပုံရသည်။

ကျွန်တော်ကတော့ အောင်ဗလလေး စိတ်ညစ်ပြီး အိမ်ပြန်သွားမှာကိုပဲ စိုးရိမ်လို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com




အောင်ဗလလေး လက်ထဲမှာ 'ငါးရာတန်' တစ်ရွက် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်ကို ကျွန်တော်က မြင်ထားပြီးပြီပဲလေ။

ရွှေမန္တလေး ဂျာနယ်

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဂိမ်း [ ၂ ]

ကျွန်တော့်အိမ်မှာ တီဗွီဂိမ်းဆိုင်လေး ဖွင့်ထားပါသည်။ ဂိမ်းစက် ၇ လုံး၊ ၂၀ လက်မတီဗွီ ၇ လုံးမို့ ကျွန်တော့်အိမ် ကျဉ်းကျဉ်းလေး၏ အဖီလေးမှာ ပြည့်ကျပ်လို့ နေပါသည်။ ဂိမ်းကစား သူလောက်နှင့်တော့ အနေတော်လေး ဖြစ်သော်လည်း ဂိမ်း ကစားသူ တစ်ယောက်နှံဘေးက ဝင်အားပေး သူ လေး၊ ငါးယောက် ဆိုတော့ ကျွန်တော့်ဂိမ်းဆိုင်လေးက ပြည့်ကျပ် ဆူညံ နေတတ်ပါသည်။ ပလတ် စတစ် ထိုင်ခုံလေးတွေ အများကြီး ချထားသော်လည်း တစ်ခါတစ်ရံ ဂိမ်းကစားမည့်သူ အတွက် ထိုင်ခုံက

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ အားပေးသူတွေက ထိုင်ခုံ အပိုင်စီးထားကြသည်။ ကျွန်တော့်မှာ အော်ရ ပြောရနှင့် အဆဲမပါ မီအောင်ပင် ဂရုစိုက်ထိန်းနေရသည်။ ဂိမ်းကစားသည့် ကလေးနားမှာ အဖော်လိုက်လာပြီး အားပေးတတ်သည့် အုပ်စုကတော့ တကယ့် ဆရာကြီးတွေပါပဲ။ 'X နှိပ်လေ၊ လေးထောင့် နှစ်ချက်ဆက်နှိပ်ပြီးရင် O နှိပ်၊ $L_1$ $R_1$ နှိပ်၊ $L_2R_2$ နှိပ်၊ ပြီးရင် ဘုခလုတ်ကို လှည့်ပစ်လိုက်' သူတို့မှ ဖော်မြူလာတွေ အလွတ်ရနေတတ်သည်။ ကိုယ်တိုင်ကစားသည့် ကလေးက မလုပ်တတ် မကိုင်တတ် ဖြစ်နေလျှင်တော့ ဟင်းန်ဒ်ဆက် လက်ကိုင်ခလုတ်ကို လုယူပြီး နှိပ်တတ်သည်။ ဒီလိုနဲ့ ပိုက်ဆံ အကုန်အကျခံ ဂိမ်းကစားသည့် ကလေးက သူ ယူထားသည့် တစ်နာရီမှာ မိနစ် ၄၀ လောက်သာ ကစား ရပြီး မိနစ် ၂၀ လောက်ကို 'ဆရာကြီး' တွေက ကစားသွားတတ်ကြပါသည်။ ဂိမ်းဆိုင်လေး အကြောင်းကတော့ ပြောမည်ဆို အများကြီးပါ။ ဂိမ်းခွေတွေအကြောင်း ပြောရမလား၊ ဂိမ်းကစားသည့် ကလေး၊ လူကြီးတွေ အကြောင်း ပြောရမလား။ စိတ်ဝင်စားစရာ ဇာတ်လမ်းတွေက အများကြီး ရှိလို့ နေပါသည်။

ဂိမ်းခွေတွေက အမျိုးမျိုးရှိသည်။ ကလေးတွေ အကြိုက်ကတော့ စက်ဘီးပြိုင်တာ၊ ရမ်ဘိုဂျပု၊ သေနတ်ပစ်တာ၊ ကာတွန်းရုပ်လေးတွေနှင့် စပိုင် စတာတွေပါပဲ။ ၁၆၊ ၁၇ နှစ်နှင့် ၂၀ စွန်းစွန်းလေးတွေက ဇာတ်လမ်းတွဲတွေနှင့် ဘောလုံးကို ကစားတာ များသည်။ ဇာတ်လမ်းတွဲတွေက ကစားမိလျှင် တော်တော်နှင့် မထနိုင်အောင် စွဲလမ်းကြသည်။

ကျွန်တော်က ကစားချိန် တိုင်မာကို တီဗွီရီမုဒ်နှင့် ထည့်ထားတာမို့ ကစားချိန်စေ့လျှင်တော့ တီဗွီက အော်တိုပိတ်သွားပါသည်။ ဇာတ်လမ်းတွဲခွေ ကစားသူက ဆက်ကစားလိုလျှင် ငွေထပ်ဖြည့်၊ တီဗွီထပ်ဖွင့်၊ တိုင်မာ ချိန်ပေးလိုက်ရုံပါပဲ။ ရှင်းရှင်းလေးပဲ ဖြစ်သည်။ မရှင်းသာက ဘောလုံး။

www.burmeseclassic.com

www.burmeseclassic.com



ဇော်သိန်းဝေနှင့် လှမိုးဦးတို့က ကျွန်တော့် ဂိမ်းဆိုင်လေးကို ဝင်ခလုတ် ထွက်ခလုတ် လုပ်နေကြသူများ ဖြစ်သည်။ သူတို့နှစ်ယောက် ပိုက်ဆံထုတ် ကစားတာတော့ အင်မတန်ရှားပါသည်။ အဖော်လိုက်လာပြီး ကပ်ဆော့နေသူများ ဖြစ်သည်။ နှစ်ယောက်လုံးက အသက် ၂၀ မပြည့်တတ်သေး။ ၁၀ တန်းကျ၊ ကျောင်းဆက်မတက်၊ အလုပ်မရှိ ဝေလေလေ။ မိဘတွေကလည်း ပြည့်စုံသူတွေ မဟုတ်။ ဝန်ထမ်းရပ်ကွက်အိမ် ကျဉ်းကျဉ်းလေးမှာ နေစရာလည်း မရှိတာမို့ သူငယ်ချင်းတွေနောက် တကောက်ကောက်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင် (တိုက်မယ့်သူ မရှိလည်း ခပ်တည်တည်နှင့် မျက်နှာပြောင် ဝင်ထိုင်တတ်ပါသည်။) ဂိမ်းဆိုင် ဝင်လိုက်၊ ထွက်လိုက်လုပ်နှင့် အချိန် ဖြုန်းနေကြသူများ ဖြစ်သည်။

သည်နေ့ညနေမှာတော့ ဇော်သိန်းဝေ၊ လှမိုးဦး နှစ်ယောက်တွဲ ကျွန်တော့်ဂိမ်းဆိုင်လေးသို့ ရောက်လာပြီး ဘောလုံးခွေ ကစားကြသည်။ ဇော်သိန်းဝေကပဲ ပိုက်ဆံထုတ်မှာလား၊ လှမိုးကပဲ ထုတ်မှာလား၊ ဒါမှမဟုတ် နှစ်ယောက်စပ်တူ ကစားမှာလား ကျွန်တော့်မှာ ပဟေဠိတစ်ပုဒ်ပင် ရလို့နေပါသည်။ ကျပ် ၂၀၀ ဖိုး မိနစ် ၅၀ ကျွန်တော် တီဗွီ တိုင်မာ ချိန်ပေးလိုက်သည်။

၁

ညနေ ၄ နာရီ ၁၅ မိနစ်ကတည်းက ဇော်သိန်းဝေတို့ ဂိမ်းကစားတာမို့ မိနစ် ၅၀ က ၅ နာရီ ၅ မိနစ်မှာ ပြည့်ပါမည်။ ကျွန်တော် တီဗွီစခရင်ကို လှမ်းကြည့်တော့ ဘောလုံးပွဲက ဒုတိယပိုင်း မိနစ်၃၀ ရှိနေပါပြီ။ သည်မှာတင်ပါပဲ သူတို့နှစ်ယောက်၏ ၂၀၀ ဖိုး မိနစ် ၅၀ က ပြည့်သွားတာမို့ တီဗွီက ပိတ်သွားပါသည်။ နံရံထက်က နာရီ လှမ်းကြည့်တော့ ၅ နာရီ ၅ မိနစ်ကွက်တိ။ ဘောလုံးပွဲက မပြီးသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဇော်သိန်းဝေရဲ့ အပြာရောင် ခဲ့လ်ဆီးက ၃ ဂိုး၊ လှမိုးဦးရဲ့ အနီရောင် မန်ချက်စတာ ယူနိုက်တက်က ၁ ဂိုး။

'တစ်ပွဲလောက်'

နှစ်ယောက်လုံး၏ အသံက တစ်ပြိုင်တည်း ထွက်လာသည်။ ကျွန်တော် ရိမုဒ်နှိပ်ပြီး တီဗွီပြန်ဖွင့်ပေးလိုက်ပါသည်။ ဂိမ်းမှာ ၄၅ မိနစ်ကအပြင် ၁၀ မိနစ်ပဲ ကြာတာမို့ ဂိမ်းထဲက ၁၅ မိနစ်က ၃ မိနစ်သာသာပဲ ကြာသည်။ ကျွန်တော် မတွန့်တိုပါ။ ဒါမျိုး သူတို့ မတောင်းဆိုသည်း ကျွန်တော့်ဘက်က တီဗွီ ပြန်ဖွင့်ပေးတတ်ပါသည်။ ပြီးအောင် ဘာစားစေချင်တာပဲ ဖြစ်ပါသည်။

ဇော်သိန်းဝေတို့ ကစားနေသည့် တီဗွီစခရင်ကို ကျွန်တော် ပြန်လှမ်းကြည့်တော့ ပွဲက ၃ ဂိုး ၂ ဂိုး ဖြစ်နေပါပြီ။ ပွဲပြီးတော့မည့် Last Time နောက်ဆုံးအချိန် ရောက်နေပါပြီ။ သည်မှာပဲ ခဲ့လ်ဆီးဒိုးသမား ပီတာချက်က နောက်တန်းမှ ကပ္ပတိန်ဂျွန်တယ်ရီကို လက်နဲ့ ပစ်ပေး၊ ဂျွန်တယ်ရီက ဂိုးထဲဆွဲပြေးပြီး ကိုယ့်ဂိုးကိုယ် သွင်းလိုက်သည်။ သည်တော့ ပွဲက သရေ ဖြစ်သွားသည်။ ၃ ဂိုး ၃ ဂိုး။

ကျွန်တော် လွတ်ခနဲ ပြောမည်ပြုပြီး စိတ်ကို ထိန်းလိုက်ပါသည်။ ဇော်သိန်းဝေက ကျွန်တော့်ဘက် လှည့်ကြည့်တော့ ကျွန်တော် မမြင်ထိုက်သည့် ပုံစံဖြင့် အားကစားဂျာနယ်တစ်စောင်ကို စိတ်ဝင်တစားဖတ်ချင်ယောင် ဆောင်နေလိုက်ပါသည်။ အချိန်ပို ပထမပိုင်း ဂိုးမသွင်းကြပါ။ ဒုတိယပိုင်း ၁၀ မိနစ်မှာတော့ ဇော်သိန်းဝေ၏ ခဲ့လ်ဆီး တိုက်စစ်မှူး ဒရော့ဘာက ထောင့်ကန်ဘောမှ တစ်ဆင့် ခေါင်းတိုက်သွင်းသွားပါသည်။ ဇော်သိန်းဝေက သူ့ကစားသမား ဂိုးသွင်းလိုက်တာကို အနေ့်ပြုကွက်နှင့် အကြိမ်ကြိမ် ပြန်ကြည့်သည်။

'တွေ့တယ် မဟုတ်လား၊ ငါ့ကောင် ခေါင်းတိုက်သွားတာ မိုင်းဒိုးသမား ဇန်ဒါဆား ငုတ်တုတ်မေ့သွားပြီ'

www.burmeseclassic.com



ဇော်သိန်းဝေ ကြွားတာကို လှမိုးဦးက
'အေးပါ အေးပါ ငါ ပြန်ချေပြမယ်' ဟု ပြောရင်း ပွဲ ပြန်စသည်။
အချိန်ပို ဒုတိယပိုင်း ၁၄ မိနစ်မှာတော့ လှမိုးဦးရဲ့ မန်ယူရှေ့တန်း ရွှန်းနီ ဘောလုံး ရသွားပြီး ချဲလ်ဆီးဘက် ဆွဲပြေးသည်။ ချဲလ်ဆီး ဘောလုံးတစားသမားတွေက ရပ်နေသည်။ ကျွန်တော် ဇော်သိန်းဝေ၏ လက်ကို လှမ်းကြည့်တော့ ဂိမ်းခလုတ် မနှိပ်၊ သည်အတိုင်း လွှတ်ထားသည်။ ရွှန်းနီ ဂိုးသွင်းသွားပါသည်။ ပွဲက ၄ ဂိုး ၄ ဂိုး။
'တောက် . . . ကွာ. . . သရေဖြစ်သွားပြီ၊ မင်း ကံကောင်းသွား တယ်နော်'
ဇော်သိန်းဝေ အပြောကို လှမိုးဦးက တဟဲဟဲ ရယ်နေသည်။ ရွှန်းနီ ဂိုးသွင်းတာကို အနှေးပြကွက်နှင့် အကြိမ်ကြိမ် ပြန်ကြည့်ပြန်သည်။ 'လုပ်လိုက်ကွ' ဟု ကျွန်တော့်စိတ်ကတော့ အောင့်သက်သက်နှင့် အသံ မထွက် အော်ဟစ်နေပါသည်။
သူတို့ ပင်နယ်တီ ၅ လုံးစီ ကန်ကြသည်။ ၃ ဂိုးစီ သရေ ဖြစ်သွား ပြန်သည်။
၁ ဂိုးစီ ကန်ကြပြန်သည်။ ၃ ခါလောက် သရေ ဖြစ်ပြီးမှာတော့ ချဲလ်ဆီးရဲ့ ဘယ်လက်တီ ဘေးကန်သွားတာမို့ ပွဲက ပြီးသွားပါသည်။ ဇော်သိန်းဝေတို့ နှစ်ယောက် တီဗွီရှေ့က မထချင် ထချင်ဖြင့် ထသည်။ ဂိမ်းဖိုးငွေ ၂၀၀ ကျပ်တန် နွမ်းနွမ်းကို လှမိုးဦးက ဂျင်းဘောင်းဘီ နောက်အိတ်ကပ်ထဲက ခက်ခက်ခဲခဲ ဆွဲထုတ်ပေးသည်။

တစ်ပွဲလောက်ကတော့ အချိန်ပို ၆ မိနစ်ရယ် ဂိုးသွင်းတာတွေ ပြန်ကြည့်တာရယ် ပင်နယ်တီ အကြိမ်ကြိမ် သွင်းတာရယ် ပေါင်းလိုက် ရင်တော့ နာရီဝက်ခန့် စွန်းထွက်သွားသည်။ နာရီဝက်ခန့် အချောင် နိုက် ကစားသွားတာ။

www.burmeseclassic.com

www.burmeseclassic.com



ဖော်သိန်းဝေတို့ ပြန်သွားတော့ ကျွန်တော့်မှာ တနုံ့နုံ့ ခံစားနေရဆဲ။ သူတို့နှစ်ယောက်ကတော့ သူတို့ကိုယ် သူတို့ တော်တော်လည်သည်ဟု ထင်မှတ်နိုင်ပါသည်။ သူတို့ လည်ကြပါသည်။ သို့သော် မအပါ။ ဒါကို ကျွန်တော် ထုတ်ပြချင်သည်။ ထုတ်ပြရပါလိမ့်မည်။

၁

ခုတော့ ကျွန်တော့် ဂိမ်းရုံလေး၏ နံရံမှာ
*'ဖိနပ်ပျောက်တတ်သည် သတိထား'*
*'ခလုတ်များကို ကြမ်းတမ်းစွာ မကိုင်ရ'*
*'ထိုင်ခုံများကို မရွှေ့ပါနှင့်'* ဆိုသည့် စာတန်းတွေ ဘေးမှာ
*'အချိန်အတိအကျ သတ်မှတ်ပါသည်၊ တစ်ပွဲ မပေးပါ'* ဆိုသည့် စာတန်းလေးတစ်ခု ထပ်တိုးလို့ နေသည်လေ။

*၂၀၁၀ ဧပြီလ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း*

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖျတ်ခနဲ အိပ်ရာနိုးသွားသည်။ ညက အိပ်ရေးပျက်သော်လည်း နေ့စဉ် ပြုနေကျ အိပ်ရာ အစောထခြင်းသည် အကျင့်ဖြစ်နေပြီ။ အမေ့ကို စောင်းငဲ့ကြည့်တော့ အသက်ရှူသံ မျှဉ်းမျှဉ်းကို ကြားရသည်။ ချွဲသံများ တစီစီ ဖြစ်မနေဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည့် အတွက် ရင်ထဲမှာ ချမ်းမြေ့သွားသည်။ ညတုန်းကတော့ အမေ အိပ်မရပေ။ ၁၀ နှစ်ကျော် စွဲနေသော ပန်းနာက သည်လိုပါပဲ။ နွေမှာလောက်ပဲ အမေ သက်သက်သာသာ ရှိသည်။ ခုလို ဆောင်းကာလတွေမှာတော့ အမေ့မှာ ခံစားရသည်။ ဘယ်လိုပဲ ခံစားနေရပါစေ၊ ရောဂါ ဖောက်နေပါစေ အမေ့လက်သုံးကတော့ ဒေါ်လွန်းမေ ပန်းနာပျောက်ဆေးပါပဲ။

*တစ်ခါတစ်ခါ* အို တစ်ခါတစ်ခါမှ မဟုတ်ပါဘူးလေ၊ အမေ့ကို အထူးကု ဆရာဝန်ကြီးများနှင့် ပြကြည့်ချင်စိတ်က အတိုင်းသိက် အလွန်ပါပဲ။ စက်ကလေး တစ်လုံး ကိုယ်ပိုင် ရှိနေပြီ ဆိုရင်တော့ ပြနိုင်မည် ထင်သည်။ အိုမီဂါ အမျိုးအစား စက်တစ်လုံးတောင် ခုပေါက်ဈေး ၁၅၀၀ ကျော်နေပြီ ဆိုတော့ ကိုယ်ပိုင်စက် ဝယ်နိုင်ဖို့က

www.burmeseclassic.com

www.burmeseclassic.com



လည်း မစဉ်းစားနိုင်စရာပင်။ မစဉ်းစားနိုင်ပေမယ့်လည်း တွေးချင်နေသေးသည်။

နာရီသံချောင်း ခေါက်သံ သုံးစုံကို ခပ်သဲ့သဲ့ကြားတော့ ခင်လှ မနေနိုင်ပြီ။ ခြုံစောင်ကို ခွာသည်။ စိမ့်ခနဲ အအေးဓာတ်ကို ခံစားရသည်။ ရုတ်တရက် ခြုံစောင်ကို ပြန်ခြုံလိုက်မည် ပြုပြီးမှ အို. . . မဖြစ်သေးပါဘူး။ နောက်ကျလို့ အန်တီမြင့်က ဆူနေဦးမယ်ဟု အတွေးဖြင့် ရုတ်ခနဲ ထလိုက်သည်။ ပြီးမှ အမေနိုးသွားမှဖြင့်ဟု သတိရသည်။ ကြမ်းပြင်ကိုဖွဖွနင်းသည်။ ဘုရားစင်ဘက် အမှတ်တမဲ့ ကြည့်တော့ ကိုထွေးလေး ပုဆိုးခြုံပြီး ကွေးနေသည်။ ဒူးနဲ့နဖူး ထိမတတ်ပါပဲ။ လွတ်နေသော စောင်ကို ကိုထွေးအား ပြင်ခြုံပေးသည်။

အိမ်ရှေ့ ရေကပြင်ရောက်တော့ အပြင်မှာက မှောင်နေတုန်းပင်။ နှင်းများက သိပ်သိပ်သည်းသည်း ကျနေသည်။ ဆားနှင့် မီးသွေးမှုန့်ကို မင်ပုလင်းခွံအတွင်းမှ လက်ဝါးထဲ ထည့်ရင်း ဟိုအဝေးကို ငေးကြည့်သည်။ ဓာတ်မီးတိုင်မှ မီးလုံးငယ်၏ အလင်းအားသည် တောင်ပေါ်မြို့ငယ်လေးရဲ့ နှင်းထုထဲမှာ ဝိုးဝါး မှိန်ပျနေလေသည်။

အို . . . ရေကလည်း အေးလိုက်တာ၊ ရေခဲရည် ကျနေတာပဲ။ သည်နှစ် ဆောင်း ပိုအေးတယ် ထင်တာပဲ။ အမေလည်း သည်နှစ် ပိုပြီး ရောဂါသည်းတယ်နော်။ ခင်လှစိတ်က အမေ့ဆီ ရောက်သွားပြန်သည်။ အင်း သည်နေ့ ဈေးနေ့ဆိုတော့ လုံချည်နှစ်ဆယ်လောက်တော့ လာကောင်းပါရဲ့။ အထည်နှစ်ဆယ်ဆိုတော့ ငွေလေးဆယ်။ သည်အထဲမှ ကိုယ်က နှစ်ဆယ် ရမှာ။ ဒါဆို နေခြည်ဆေးခန်းမှာ အမေ့ကို ပြနိုင်လိမ့်မည်။ တောင်ကြီးက အထူးကု ဆရာဝန်ကြီးတွေဆီ မပြနိုင်လည်း ကိုယ့်မြို့ကလေးထဲက ဆေးခန်းလောက်တော့ ပြရမှာပေါ့နော်။ ညကဆို အမေ သိပ်ခံစားရတာပဲ။ မောပြီး ပျော့ခွေ သွားလိုက်တာ။

'သိပ်သနားဖို့ကောင်းတဲ့ အမေရယ်. . .။ သည်နေ့ ဈေးသိမ်းရင် သမီးဆေးခန်း လိုက်ပို့ပေးပါ့မယ်နော်' စိတ်ထဲက ကတိပြုသည်။ ○

www.burmeseclassic.com

www.burmeseclassic.com



အို. . . ကြည့်စမ်း၊ သည်လောက် အစောကြီး ချမ်းချမ်းစီးစီးကိုပဲ စျေးသည်တွေ စုံနေပြီ။ ခါတိုင်း သည်လိုချိန် မစုံသေးပါဘူးနော်။ နှင်းတောင် မကွဲသေးဘူး။ စျေးဝယ်တွေတောင် တွေ့နေရပြီ။ နောက်ကျတယ်ဆိုပြီး အန်တီမြင့်ကတော့ ကျိန်းသေ ဆူဦးမှာပါပဲ။

စျေးအဝင်ဝရှိ ပဲ့ကျ ဟင်းရွက်သည်လေးများကို ရှောင်တိမ်းပြီး ခြေလှမ်းကို သွက်သွက် လှမ်းသည်။ ငါးခြောက်တန်းကို ဖြတ်ရင်း အထည်တန်းဘက် ကြည့်လိုက်တော့ အထည်တွေ ဖြန့်ခင်းနေသော အန်တီမြင့်မျက်နှာ ခပ်ပြည့်ပြည့်ကို မြင်ရသည်။ စက်ခုံတွေ ဘက်မှာတော့ မိစူးတစ်ယောက်ပဲ တွေ့ရသေးသည်။ ကိုစိန်မြင့်နှင့် မခင်စန်းတင့်တို့ လင်မယားတော့ မတွေ့ရ၊ မရောက်လောက်သေးဘူး ထင်သည်။ နောက်ကျဖော်ရပြီဟု တွေးရင်း ခင်လှ အားတက်သွားသည်။

'အန်တီ အစောကြီး ရှိသေးတယ်၊ စျေးက စည်နေပြီနော်' မငုံမရဲဖြင့် အန်တီမြင့်ကို နှုတ်ဆက်သည်။

'ဟဲ့ မနေ့က ပေးဒေးလေ၊ ပြီးတော့ ဒီနေ့ စနေ ရုံးပိတ်၊ ကျောင်းပိတ်နဲ့ စည်မှာပေ့ါ။ ညည်းတို့ကသာ ဝီရိယနည်းနေ၊ သွားသွား၊ စက်ခုံကိုလည်း ဖုန်လေးဘာလေး သုတ်ဦး'

အန်တီမြင့်က ရခိုင်ဆင် သဲတောရက် လုံချည်များကို ဆိုင်နောက်ကျော ကြိုးတန်းပေါ် လွှားတင်ရင်း ပြောသည်။

တော်သေးရဲ့၊ နောက်ကျလို့များ ဆူနေဦးမလားလို့ အန်တီမြင့်ကို စိတ်ထဲက ကျေးဇူးတင်သွားသည်။

စက်အဖုံးကို ဖွင့်သည်။ ဖုန်နှင့် စက်ဆီများဖြင့် ညစ်မှုန်နေသော စက်ခေါင်းကို အဝတ်ဖြင့် ပွတ်သည်။ အင်္ဂလိပ်လို စင်းဂါးဟု ရေးထားသော ရွှေရောင်စာလုံးများ လက်ပြီး တောက်ပလာသည်။ စက်ခုံကို ပွတ်တိုက်သည်။ ဘီးကြီးကို ပွတ်တိုက်တော့ သိပ် စိတ်မရှည်ချင် ဖုန်များက ခဲနေသည်။ စိတ်မရှည်လို့လည်း မဖြစ်ပေ၊ အန်တီမြင့်က

www.burmeseclassic.com

www.burmeseclassic.com



သူ့စက်များကို သားသမီးတွေလို တယုတယရှိသည်။ ခု စင်းဂါးလေး ဆို သူ့အပျိုတုန်း ကတည်းက မြတ်မြတ်နိုးနိုး ကိုင်ခဲ့သော စက်ဟု ပြောသည်။

'ခင်လှ ညည်းမို့ပေးတာနော်၊ သပ်သပ်ရပ်ရပ်နဲ့ ညင်ညင်သာသာ ကိုင်'

အဖေဆုံးတဲ့ နှစ်၊ ခင်လှ ကျောင်းထွက်ပြီး အန်တီမြင့်ဆီမှာ စက် ချုပ်တော့ သည်လို ပြောခဲ့ဖူးသည်။ ခင်လှကလည်း ကိုယ့်ပစ္စည်း မဟုတ်ပေမယ့် မပျက်စီးစေချင်ပါ။ စက်ပျက်လို့ ပြင်ရဆင်ရပြီဆိုရင် ဘုန်ကျစရိတ်တစ်ဝက်ကို ကိုယ်က ပေးရတာပဲ မဟုတ်လား။ ပြင်နေတုန်း ချုပ်ထည်လေးတွေ ရပ်ထားရပြီဆို ခင်လှ သိပ်မုန်းတဲ့ နေ့ပြန်တိုး ချေးယူရတော့တာပဲ။ ရောဂါသည် အမေနဲ့ ကိုထွေးလေးက ရှိသေး တယ်လေ။ ကိုထွေးက ရှစ်တန်းသာ ရှိသေးပေမယ့် ကျောင်းစရိတ်က သိပ်ကြီးတာပဲ။ ကျောင်းဖွင့်စ အချိန်မျိုးဆို သေသာ သေလိုက်ချင် တော့တယ်။ ဒါပေမဲ့ ကိုထွေးက သိတတ်ပါတယ်လေ။ ဘာမှ အပို သုံးတာမှ မရှိဘဲ။

ကိုထွေး ၁၀ တန်း အောင်ရင်တော့ ရန်ကုန်၊ မန္တလေး တက္ကသိုလ် ကြီးတွေ ပို့လိုက်ချင်သေးတယ်။ မဟုတ်တောင် တောင်ကြီးကောလိပ် လောက်တော့ ထားလိုက်ချင်တာပဲ။ အင်းလေ ကိုထွေး ၁၀ တန်း အောင်ခင်တော့ ကိုယ်ပိုင်စက်လေး တစ်လုံးလောက်တော့ ဝယ်နိုင် ကောင်းပါရဲ့။ ကိုယ်ပိုင်ဆို အန်တီမြင့်လည်း ခွဲမပေးရတော့ဘူး။ ငွေရှိတဲ့ လူများကျတော့လည်း ဘာလုပ်လုပ် အဆင်ပြေနေတာပဲနော်။ အန်တီမြင့်ဆို ဈေးနေ့ကျရင် စက်သုံးလုံးနဲ့။ ခါးစက်ဆီက တစ်ရာတော့ အသာလေး ရတာ။ ဒါတောင် အထည်က မြတ်တာ မပါသေးဘူး။ အန်တီမြင့်က အထည်ဆိုလည်း သူများ ဆိုင်နဲ့တောင် မတူဘူး။ ရှိအောင် တင်နိုင်တာ။ ခုပေါ်နေတာ ဘီဘဲဂျင်းတို့၊ ဂျပန်ရှပ်တို့၊ ဒီဇိုင်းတို့၊ ပုလဲရှန်၊ ဂျပန်ဆစ်၊ တီဗွီ၊ ဒေဝီ၊ ဆေးရေး ခါးနှစ်လက် ... အစုံပါပဲ။

www.burmeseclassic.com



'ညီမလေး ဘာလိုချင်လဲ ဖဲလား၊ ပါတိတ်လား၊ ဇာလား ဒီမှာ အစုံ ရှိတယ်နော်'

အန်တီမြင့် ဈေးခေါ်သံ ကြားမှ ခင်လှ အတွေးများ ပြတ်တောက်သွားသည်။ အန်တီမြင့်က ဈေးခေါ် ကောင်းသည်။ စကားပြော ချိုသာလိုက်သည်မှာလည်း သကာရည် လိမ်းထားသလိုပင်။ အန်တီမြင့်က သူ့ဆီမှာ လုံချည်လာဝယ်လျှင် ဆိုင်မှာပဲ ချုပ်သွားဖို့ တွန်းတွန်းပို့ပို့ ပြောတတ်သည်။ သည်လို ပြောတတ်လို့လည်း ခင်လှတို့၊ မိစူးတို့၊ ကိုစိန်မြင့်တို့ လင်မယား ချုပ်ရတာပါပဲ။ အန်တီမြင့်က ဆိုင်မှာ အထက်ဆင်လေးတွေပါ တင်ရောင်းတော့ လုံချည်ဝယ်တဲ့ သူတွေက ခင်လှတို့ဆီမှာ ချုပ်ဖို့ ထားခဲ့တာပဲလေ။ ဈေးသွားပြီး အပြန် ဝင်ယူသွားရုံပင်။ ရွှေညောင်ဈေးမှာတော့ ခင်လှတို့အုပ်စုပဲ လုံချည်လေးတွေ ချုပ်ကြသည်။ ဈေးချုပ် အထည်လေးတွေ ချုပ်ရိုး လိုက်ကြသည်။ ဈေးခြားမှာ ချုပ်ရနည်းပေမယ့် ဈေးနေ့မှာတော့ သိပ် မနားရတတ်ပေ။

ဈေးနေ့ဆို တောင်နီ၊ ဟက်ကယ်က၊ ရေနွေးတာရော စတဲ့ ရွာလေးတွေက တစ်အုပ်တစ်ဖွဲ့ လာကြ၊ ရောင်းကြ၊ ဝယ်ကြမို့ ဈေးက စည်သည်။ အဲသည် ရွာလေးတွေကပဲ ဈေးချုပ် အထည်လေးတွေ ဝယ်တတ်ကြသည်။ မြို့ပေါ်ကတော့ မဝယ်သလောက်ပါပဲ။ အစ ဝယ်ပြီး မြို့ထဲက အဲဗားဆင်းတို့ ရှုတိုင်းယဉ်တို့မှာပဲ ချုပ်ကြသည်။ အဲသည် ဆိုင်ကြီးတွေကလည်း ခမ်းခမ်းနားနား ရှိပြီး ချုပ်ပုံလေးတွေ သပ်သပ်ရပ်ရပ်နဲ့ ပုံဆန်းလေးတွေ ထွင်တတ်သည်ပင်။ သည်ပုံဆန်းလေးတွေကို အစ ခပ်ညံ့ညံ့လေးတွေနှင့် ချုပ်ပြီး ဈေးပေါပေါနဲ့ပဲ ဈေးထဲမှာ ချရောင်းတတ်ကြသည်။ ဈေးပေါသည်မို့ အပ်ချည်ကိုလည်း ဈေးပေါတာပဲ သုံးတတ်ကြသည်။ သည်တော့ ချုပ်ရိုးက သိပ် မခိုင်ချင်၊ သည်လို မခိုင်လို့လည်း ခင်လှတို့ ချုပ်ရိုးလေးတွေ လိုက်ရသည်။ ဒါပါပဲလေ ခင်လှတို့မှာက စက်ချုပ်ပညာ ကျွမ်းကျင်စရာလည်း မလိုပေ။ ချုပ်ရိုး ဖြောင့်ဖြောင့်တန်းတန်းနဲ့ မြန်မြန်သွက်သွက် စက်နင်းနိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



တ အဓိကပဲ ဖြစ်သည်။

၀

'ချုပ်. . . ချုပ် ညီအောင် ချုပ်' ဆိုလို့ ပါတိတ်လုံချည်လေးကို အထက်ဆင် တပ်နေရာမှ မော့ကြည့်သည်။ ကွမ်းသွေးများဖြင့် မည်းညစ်နေသော သွားများပေါ်အောင် ဦးလူပေါ်ကြီး အပြုံးဖြင့် နှုတ်ဆက်သည်။

'နောက်ကျလှချည်လား၊ သူဌေးတွေဆိုတော့ အေးအေးဆေးဆေး ပေါ့နော်'

'မနောက်ပါနဲ့ဟာ၊ ငါ ညက သောက်တာ များသွားလို့ဟာ၊ မနက် အိပ်ရာထ နောက်ကျသွားတာ'

'လုပ်ပြီ၊ ဦးလူပေါ်ကြီးကတော့-မညိုက မဆူဘူးလား'

'မိန်းမများ ထားလိုက်စမ်းပါ၊ ဘယ်ဆူရဲမှာလဲ၊ အဲ ဗိုက်ကြောပဲ ထိမ်ဆွဲတာပေါ့'

ဝါးခနဲ ရယ်မောကြသည်။

'ကျုပ်ဆို အသားကို အထိခံတာ မဟုတ်ဘူး၊ အဟဲ ထွက်ပြေးတာပေါ့' ကိုစိန်မြင့်က နောက်သည်၊ မခင်စန်းတင့်က စက်နင်းနေရာမှ ရယ်သည်။

'ဘာတွေ သဘောကျပြီး ရယ်နေတာလဲ၊ ကျွန်တော်လည်း ရယ်ဦးမယ်'

အသံကြားတာနဲ့ ခင်လှ မျက်နှာတည်ပစ်လိုက်သည်။ နိုင်ငံခြားဖြစ် အထည်တွေ ရောင်းနေတဲ့ ကိုအေးသန်းကိုတော့ ခင်လှ ကြည့်မရချင်။ မင်းသား ရှုံးအောင် ဝတ်စားပြီး ပါဝါမပါတဲ့ မျက်မှန်ကို တပ်ထား တတ်သည်။ သူ့ကိုယ်သူ ရုပ်ရှင်မင်းသား ထွန်းထွန်းနိုင်နဲ့ တူတယ်ဟု တည်း ပြောသေးသည်။ သူ့ဆိုင် ဘေးက ဟင်းချိုမှုန့် ရောင်းတဲ့ ခင်တင့်တို့ တစ်တွေက ပြောမှာပေါ့။ သူ့ဆီက အကျီလေးတွေ ဈေးရင်းအတိုင်း အကြွေးရနေတာကိုး၊

'ခင်လှ ဘာစားပြီးပြီလဲ၊ ငါးထမင်း စားမလား၊ ဝယ်ခဲ့မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'စားပြီးပြီ၊ ဗိုက်လည်း ပြည့်နေပြီ'

တကယ်တော့ ခင်လှ ဘာမှ မစားရသေးပေ။ ကိုအေးသန်း ဝယ်ပေးတာကိုတော့ မစားချင်။ သူပရောပရည်နဲ့ ဝယ်ကျွေးပြီး ဈေးထဲမှာ ပေါက်တတ်ကရ ပြောဦးမည်။ တင့်တင့်ဆိုလည်း သူနဲ့ပဲ ရည်းစားဖြစ်နေသလို၊ တင့်တင့်ကပဲ သူ့ကို ကပ်နေသလို လျှောက်ပြော သေးတာပဲ။

'ကိုအေးသန်းကြီး ခင်လှပဲ ကျွေးမှာလား'

မိစုးက တမျှော်င့်။

'ဟဲ ဟဲ သူ့ပဲ သဒ္ဒါတယ်'

မျက်နှာကိုက . . .။ ခင်လှ အမြင်ကတ်ကတ်နဲ့ မျက်စောင်း ထိုးပစ်လိုက်သည်။ ကိုအေးသန်း မျက်နှာကတော့ စပ်ဖြဲဖြဲပင်။ ဒေါသ ဖြစ်ဖြစ်နှင့် စက်ကို ကျုံးနင်း ပစ်လိုက်သည်။ ချုပ်ရိုးကြောင်းများ ကွေ့ကောက်သွား၍ ပိုပြီး ဒေါသဖြစ်ရလေသည်။ 'သေနာကြီး' စိတ်ထဲက ကျိန်ဆဲပစ်လိုက်သည်။

)

ပါတိတ် တစ်ထည်၊ တရုတ်ပိတ် တစ်ထည်နဲ့ ပလေကပ် နှစ်ထည် ချုပ်ပြီးတော့ ခင်လှဗိုက်ဆာလာသည်။ မိစုးကို လှမ်းကြည့်တော့ ရခိုင် ဆင် သဲဘောရက် လုံချည်တစ်ထည်နဲ့ အလုပ်ရှုပ်နေသည်။ ခေါင်းပင် မဖော်၊ မိစုးကို စောင့်မနေတော့ဘဲ စက်ခုံမှ ထသည်။ ဝက်သားချဉ် တစ်ပွဲလောက် စားဖို့ စိတ်ကူးသည်။ ဝက်သားချဉ်ကို ဟင်းထုပ်နှင့်ရော၊ ဝက်သားချဉ် တစ်ဖွန်းစား၊ ဂျုံမြစ်တစ်ကိုက် ကိုက်ပြီး ဝက်ခေါက်ကြော်ကို တကျွမ်းကျွမ်းနှင့် စားရသည်ကို ခင်လှ သဘောကျသည်။ ဒါပေမဲ့ တကယ်တမ်းကျတော့လည်း ဝက်ခေါက်ကြော်နှင့်ဟင်းထုပ် ထည့်မစား ဖြစ်ပေ။ ဝက်သားချဉ်တစ်ပွဲတည်းကို သုံးကျပ်ကျနေပြီ ဆိုတော့လည်း နောက် နှစ်ကျပ်ကို ခင်လှ နှမြောသည်။ သည်တော့ ရှေ့ခန်းကို တဝ သောက်ဖြစ်သွားတတ်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



'အန်တီ၊ လုံချည်လေးတွေ လာယူရင် ပေးလိုက်ပါဦး၊ ကျွန်မ မုန့်သွားစားမလို့'

'ဟဲ့ မကြာနဲ့နော်၊ ဒီနေ့က အရောင်း သိပ်စိပ်တာ၊ အပ်ထည်တွေ က လာဦးမှာ'

အန်တီမြင့်က ဘီဘဲလ်ရှန်ပြာနုလေးကို ကိုက်တံနှင့် တိုင်းနေရာမှ ပြောသည်။

ခင်လှက 'ဟုတ်ကဲ့ပါ' ဟု ပြောပြီး မုန့်ဆိုင်တန်းဘက်ကို တိုးတိုး ဝှေ့ဝှေ့ ဆင်းလာခဲ့သည်။ အန်တီပြောသလိုပါပဲ၊ လခထုတ်ပြီး စနေ နေ့မျိုးကျရင် ဈေးက တိုးလို့ကို မပေါက်ဘူး။ ဟော ရက် ၂၀ ကျော် ဒြန်တော့လည်း ဈေးထဲ သရဲခြောက်သလား အောက်မေ့ရတယ်။

အိုး၊ ငါးထမင်းဆိုင်တွေကလည်း လူအပြည့်ပါပဲလား။ ထိုင်စရာ တောင် မရှိဘူး။ ဆိုင်မှာ မစားတော့ဘဲ အထုပ်လိုက် ဝယ်သွားဖို့ပဲ စိတ်ကူးလိုက်သည်။ ရေခွေးတဝသောက်ဖို့ စိတ်ကူးကိုတော့ ခင်လှ ဖျက်လိုက်ရလေသည်။

'ကိုယ့်ဖို့ကော မပါဘူးလား'

ခင်လှ ဝက်သားချဉ်ထုပ်လေး ဆွဲပြီး ဆိုင်ဘက် ပြန်လာတော့ ကိုအေးသန်းက စသည်။ ခင်လှ မကြားချင်ယောင် ဆောင်ပြီး ဦးလူပေါ်ကို စကားမရှိ စကားရှာသည်။

'ဦးလူပေါ်ကြီး အမူးပြေပလား'

'အေးဟာ၊ မပြေလို့လည်း မရဘူးလေ၊ မူးကြောင်ကြောင်နဲ့ ငိုက်နေလို့ မုန့်ကြွပ် နှစ်ထုပ်လောက် ဆွဲသွားရင် ငါ အရင်းရှုံးမှာ'

ခင်လှ ဦးလူပေါ်၏ ဈေးခုံကို အမှတ်တမဲ့ ကြည့်သည်။ ပဲကြမ်း ကြော်၊ လက်ဖက်ထုပ်၊ မုန့်ကြွပ်ထုပ်များကို ကျိုးကျိုးကျဲကျဲ တွေ့ရ သည်။ ဟိုတုန်းကတော့ ဦးလူပေါ် ဆိုင်က ဝယ်ချင်စရာ ပစ္စည်း ပြည့်ပြည့်စုံစုံနှင့်ပင်။ ခုတော့ ကိုစိန်မြင့် ညည်းသလို ဘာလည်း ပရုတ်လုံးနဲ့ တူလာပြီ၊ တဖြည်းဖြည်း ပါးပါးလာတယ်' ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်လှတို့သာ လုံးပါးပါးလာတာ၊ အန်တီမြင့်တို့၊ ကိုအေးသန်းတို့ ကတော့ ပိုပြီး ပြည့်ပြည့်လာသည်။ ဆိုင်မှာတင်တဲ့ ပစ္စည်းရော၊ လူရော ပါပဲလေ။ 'ခင်လှရေ၊ ဒီဓားနှစ်လက် ပါတိတ်လေး ချုပ်ကွယ်၊ သပ်သပ်ရပ်ရပ်နော်၊ ဒေါက်တာ ဦးထွန်းဇော်ကတော်ဖို့၊ အန်တီက လက်ဆောင်ပေးရမှာ၊ ဖြည်းဖြည်းချုပ်၊ ရတယ်၊ ဈေးသိမ်းပြီးမှ အန်တီ ကိုယ်တိုင် သွားပေးမှာ'

အန်တီမြင့် လှမ်းပေးသော လုံချည်ကို ယူသည်။ လှလိုက်တာ၊ အစိမ်းရင့်ပေါ်မှာ အနက်ပွင့်၊ အနီ၊ အဝါပွင့်လေးတွေနဲ့။ ဆရာဝန်တတော်နဲ့ သိပ်လိုက်မှာပဲ။ ဆရာဝန်ကတော်က ဖြူဖြူနုနုလေးဆိုတော့ ဟပ်မှ ဟပ်။ ဟင်း ဟင်း၊ ဒီပါတိတ်မျိုး ဘယ်တော့ ဝတ်ဖူးမလဲ မသိဘူးနော်။ ခင်လှ လုံချည်ကို တယုတယကိုင်ရင်း တွေးသည်။

ခင်လှ စက်ခုံပေါ် ထိုင်တော့ အမျိုးသားနှစ်ယောက်၊ မလေးရှား လုံချည် နှစ်ထည် ကိုင်လျက် စက်ခုံရှေ့ ရပ်သည်။ ခဏနေ ယူမယ် ချုပ်ထားပေးပါဟု ဆိုသည်။

'နှစ်ခေါက်ထပ်ချုပ်ပေးနော်၊ လိုင်းညီအောင်လည်း ချုပ်ပေး'

တစ်ယောက်က ပြောသည်။

'ဩော်. . . နှစ်ပေထပ်ကို ပြောတာလား၊ ပုဆိုးတွေကတော့ နှစ်ထပ်ပဲ ချုပ်ကြတာပါ၊ စိတ်ချပါရှင်၊ ကျေနပ်စေရပါမယ်'

ပုဆိုးနှစ်ထည် လှမ်းယူရင်း အပ်သူ စိတ်ကျေနပ်အောင် ပြောသည်။

'ဟဲ့ ကလေးမ၊ ငါလည်း ဒါလေးချုပ်ပေးပါဦး၊ နိုင်လွန်ချည်နဲ့နော်'

အဒေါ်ကြီး တစ်ယောက်က ချည်လုံချည်ကြမ်း တစ်ထည်ကို ထိုးပေးသည်။

'ဟုတ်ကဲ့ အဒေါ်၊ ဈေးတစ်ပတ် ဝယ်လိုက်ပါဦး၊ ရပါတယ်'

'အဒေါ်က ဈေးဝယ်ပြီးပြီ၊ စောင့်ရုံပဲ'

အဒေါ်ကြီးက စောင့်ယူမည်ဆို၍ ပေါင်ပေါ်တွင် ရှိနေသော

www.burmeseclassic.com

www.burmeseclassic.com



ပါတိတ်နှင့် မလေးရှားနှစ်ထည်ကို စက်ခုံဘယ်ဘက် နေရာလွတ်ပေါ် တွင် တင်သည်။ အဒေါ်ကြီး လုံချည်ကို စက်နင်းဖို့ ပြင်သည်။

ခင်လှ စက်ခုံပေါ် အာရုံစိုက်မိတော့ မိစုးတို့၊ ကိုစိန်မြင့်တို့ဘက် လှည့်မကြည့်အား။ သူတို့မှာလည်း ဈေးချုပ်တွေ၊ လုံချည်တွေ၊ ကလေး အင်္ကျီတွေနှင့် ခေါင်း မဖော်နိုင်အားပေ။

အဒေါ်ကြီးလုံချည်ပြီးတော့ ပုဆိုးနှစ်ထည်ချုပ်သည်။ နောက်ထပ် လည်း ပါတိတ်တစ်ထည်၊ ဘီဘဲလ်ဂျင်းတစ်ထည်နှင့် နတ်စင်လိုက်ကာ သုပ်ဖို့ တက်ထရွန်အနီစ တစ်စ လက်ခံထားသည်။ ဆရာဝန်ကတော် အတွက် လုံချည်ကိုတော့ ဈေးစဲမှ၊ လူပါးမှ ချုပ်ပေးဖို့ စဉ်းစားသည်။

စက်ကို တဖြောင်းဖြောင်း နင်းသည်။ အထည်နှင့် လိုက်ဖက်သော အပ်ချည်ကို လဲသည်။ တစ်ထည်ပြီး တစ်ထည် ဆက်သည်။ စက်ခုံရှေ့ ဈေးဝယ်များ၊ ဈေးလည်များ စုစုခဲခဲ ဖြတ်သွားဖြတ်လာဖြင့် ဈေးက ညံကားနေသည်ကို သတိထားမိသည်။ ခေါင်းမမော့အား။ အပ်ထည် ဆေးတွေက ဈေးဝယ်ပြီး၊ ဈေးလည်ပြီး ယူကြမှာမို့ ပြီးပြတ်ဖို့ကိုပဲ အာရုံစိုက်သည်။ နောက်ဆုံး နတ်စင်လိုက်ကာလေး အနားလုံးပြီးတော့ ခင်လှ ညောင်းပြီ ဈေးလည်း ကွဲစပြုပြီ။

ခင်လှ စက်ခုံမှ ထသည်။ ခါးကို ဟိုဘက် သည်ဘက် လှည့်ချိုး သည်။ စက်ခုံ ဘယ်ဘက်ကို ကြည့်လိုက်တော့ နေရာ လပ်နေသည်။ ခင်လှ ထိတ်ခနဲ ဖြစ်သွားပြီ။ ထိတ်ထိတ်ပျာပျာဖြင့် အောက်ကို ကြည့် သည်။ စက်ခုံရှေ့နှင့် အနီးအနား ကျိုးကန်းတောင်းမှောက် ကြည့်သည်။ ခင်လှ ငိုချင်လာလေသည်။

၁

“ဒေပ်မြို ညည်းကတော့၊ ဒီလောက် လူရှုပ်နေတာ ပေါ့ပေါ့တန်တန် ထားရသလား”

“စောစောက ဘီဘဲလ်တစ်ထည် ချုပ်တော့ ရှိသေးတယ်”

ခင်လှ မဝံ့မရဲ ပြောသည်။ အန်တီမြင့် မျက်နှာကတော့ မကြည့်လင်

www.burmeseclassic.com

www.burmeseclassic.com



လှပေ။ မိစူး၊ ကိုစိန်မြင့်တို့ လင်မယားနှင့် ဦးလူပေါ်တို့ မျက်နှာကို တစ်လှည့်စီ ကြည့်မိသည်။ သူတို့လည်း မျက်နှာ မကောင်းလှ။

'ဖြစ်မှ ဖြစ်ရလေဟာ' ဦးလူပေါ် က စိတ်မကောင်းစွာ ပြောသည်။ ကိုစိန်မြင့်က ဆေးလိပ်ကို မီးခိုး ထောင်းထနေအောင် ဖွာသည်။

'ဒါဆို ဘယ်လိုလုပ်မလဲ'

'ဟဲ့ ဘယ်လိုလုပ်ရမှာလဲ၊ လျော်ရမှာပေါ့'

မခင်စန်းတင့်အပြောကို အန်တီမြင့်က ခပ်ဆတ်ဆတ် တုံ့ပြန်သည်။

'ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ'

ကိုအေးသန်းက သူ့အထည်များကို သေတ္တာကြီးထဲတွင် ထည့်သိမ်းရင်း မေးသည်။ ဦးလူပေါ် က အကျိုးအကြောင်း ပြောပြသည်။

'ဘယ်လောက်မို့လို့လဲ၊ ကိုယ် စိုက်ပေးမယ်လေ'

ခင်လှနှလုံးသားမှာ စူးအောင့် နာကျင်သွားသည်။ ကိုအေးသန်း စိုက်ပေးတာကို လက်မခံချင်။ ကိုအေးသန်း အကူအညီမျိုးတော့ ခင်လှ မလိုချင်ပါ။

'နေပါစေ၊ ကျွန်မဘာသာ ကျွန်မ ဖြစ်တဲ့နည်းနဲ့ လျော်ပါမယ်'

'ကိုယ်က စေတနာနဲ့ပါ'

'မလိုပါဘူး'

ခင်လှ စူးစူးရဲရဲ တုံ့ပြန်ပြောသော်လည်း မျက်ရည်များက စီးကျလာသည်။ ရင်ထဲမှာ တင်းကျပ်နေသော ဝေဒနာကို ခံစားရသည်။

'သည်လို လုပ်အေ၊ ငါကပဲ စိုက်ထားပေးပါမယ်၊ ဓားနှစ်လက် က ၄၅၀ ဆိုတော့ ညည်း တစ်နေ့နှစ်ဆယ်ဖြစ်အောင် ဆပ်၊ ဟုတ်လား'

တစ်နေ့ နှစ်ဆယ် ဆပ်ရလို့ကတော့ ခင်လှ ကြိုးစား ဆပ်ရပေါ့သည်။ ညပိုင်း ဆေးလိပ်လိပ်ပြီး အပင်ပန်းခံရုံပင်။

'ဟုတ် . . . ဟုတ်ကဲ့' ခင်လှ ဆတ်ခနဲ ခေါင်းညိတ်သည်။

'ဒါပေမဲ့ တစ်နေ့ချင်း ပေးရမှာဆိုတော့ တစ်လ ဆပ်ရမှာနော်'

'ဒါဆို ၁၅၀ တောင် ပိုနေပြီပေါ့'

www.burmeseclassic.com

ဦးလှပေါ်က မကျေမနပ်ဖြင့် အန်တီမြင့်ကို ဝင်ပြောသည်။

'ပေးရမှာပေါ့၊ ဒါ ထုံးစံပဲ၊ နှမြန်တိုး တောင်းသလိုပဲ ပေးကြရမှာပဲ၊ မပေးချင်ရင် တစ်ခါတည်း လျှော်ပေါ့'

အန်တီမြင့်ကို တအံ့တသြ မော့ကြည့်မိသည်။ ခင်လှ ရင်မှာ ပိုမြီး နာကျင်လာသည်။ တစ်ခုခုကို တုံ့ပြန် ပြောဆိုချင်သော်လည်း နှုတ်ဖျားမှာ တုန်ယင်ပြီး ဆွံ့လေးနေလေသည်။

၁

ခင်လှပြန်တော့ မိစူးလည်း နံဘေးမှ ကပ်ပါလာသည်။ နှစ်ယောက်လုံး စကားမပြောဖြစ်ကြပေ။ ဈေးပေါက် ရောက်တော့ ကားလမ်းဘေးရှိ [illegible]နှင့် မယ်ဒလင် တီးဝိုင်းဆီမှ သီချင်းသံ ခပ်အက်အက်ကို ကြားရသည်။

'လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်'

'မဟုတ်ဘဲနဲ့'

မိစူးက တိုးတိုးဖွဖွ ပြောသည်။

လမ်းမပေါ် ရောက်တော့ မိစူးက ခင်လှလက်ထဲကို လေးဆယ့်ငါးကျပ်တန် တစ်ရွက် ထိုးပေးသည်။

'နင် စက်ခေါင်းသိမ်းနေတုန်း ငါရယ်၊ မခင်စန်းတင့်တို့ လင်မယားချော ဦးလှပေါ် ရယ် စုလိုက်တာ'

ခင်လှ ရင်ထဲတွင် စာနာသိ၊ အကြင်နာ ရသကို စောစောပိုင်းကနှင့် [illegible]ထွင်စွာ ခံစားရသည်။

'နေပါစေဟာ. . . နင်တို့စေတနာ. . .'

'ဟင့်အင်း ယူရမယ်၊ နင့်အမေမှ နေမကောင်းတာ၊ နင်ပဲ သည်နွေ [illegible]နီး ပြချင်တယ်ဆို'

မိစူး ချာခနဲ လှည့်ထွက်သွားသည်။

မယ်ဒလင် တီးဝိုင်းဆီမှ သီချင်းသံကတော့ ပျံ့လွင့်နေဆဲပင်. . .။

*မဟေသီ မဂ္ဂဇင်း ၁၉၈၉၊ အောက်တိုဘာ*

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရထားသွားလာရေး လုပ်ငန်းတွေမှာ အန္တရာယ်ကင်းရှင်းစွာ အချိန်မှန်တန်စွာနဲ့ ခရီးသည်တွေ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ဖို့အတွက် ဝန်ထမ်းအားလုံး တာဝန်ရှိတဲ့အထဲမှာ ဘူတာရုံပိုင်တွေက တာဝန်ပိုကြီးလို့ ထင်တယ်။ ရုံပိုင်တွေရဲ့ သွက်လက်ချက်ချာမှု၊ စေ့စပ်သေချာမှု၊ တိကျတဲ့ ဆုံးဖြတ်မှုတွေက သိပ်ပြီး အခရာကျတယ်။ ဒါကြောင့်လည်း ဒီဘက်ခေတ် ရုံပိုင်သင်တန်း ရွေးချယ်တဲ့အခါ ဌာနက မေးတဲ့ အရည်အချင်းစစ် စာမေးပွဲအောင်ရုံနဲ့တင် မရဘူး။ စိတ်ပိုင်းဆိုင်ရာ စမ်းသပ်မေးခွန်းလို့ ခေါ်တဲ့ PSYCHO TEST ပါ ဖြေရတယ်။

ဟုတ်တယ်လေ။ စိတ် မူမမှန်တဲ့ စိတ်ရောဂါရှင် တစ်ယောက်ယောက်ကို ရုံပိုင်လုပ် ခိုင်းရင် လုပ်ငန်းစဉ် အမှားအယွင်း ဖြစ်ပြီး ရထားချင်း တိုက်ကုန်မှာ ပေါ့။ ကိုယ့် ဘူတာဆီ မရောက်သေးတဲ့ ရထားကို အရောက်ပြပြီး တစ်ဖက်ဘူတာကို လမ်းရှင်း ခွင့်ပြုချက်ယူပြီး ကိုယ့်ဘူတာက ရထားကို လွှတ်ချလိုက်ရင် လမ်းပိုင်းထဲမှာ ရထားနှစ်စင်း သေချာပေါက် တိုက်မှာ ပဲ။ ရထားဝန်ထမ်းတွေ၊ ခရီးသည်တွေ သေကြေ ထိခိုက်ဒဏ်ရာရကုန် မယ်။ ဒါကြောင့် ရုံပိုင်တွေက ရထား သွားလာရေး လုပ်ငန်းမှာ အဓိက အကျဆုံး လက်တွေ့လုပ်ဆောင်ရတဲ့သူ ဖြစ်တယ်ဆိုတာ တညီတညွတ် တည်း လက်ခံထားရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းက စိတ်မမှန်တဲ့ ရှုံပိုင်တစ်ယောက်ရှိခဲ့ဖူးတယ်။ နာမည်တော့ မပြောတော့ဘူး။ သက်ရှိထင်ရှား ရှိသေးလား၊ ကွယ်လွန် သွားပြီလားတော့ ရေရေရာရာ မသိဘူး။ တချို့ကတော့ သက်ရှိ ထင်ရှားရှိတယ်၊ ဘုန်းကြီးဝတ်နဲ့လို့တော့ ပြောကြတာပဲ။ သူနဲ့ ပတ်သက်တဲ့ ပုံပြင်တွေက အများကြီးပါ။ အစပိုင်းမှာတော့ သူ့အကြောင်း ပြောကြတဲ့ အခါ ရယ်စရာ ဟာသ ပြဇာတ် တစ်ခု နားထောင်လိုက်ရသလို ဖြစ်ပြီး နောက်ဆုံးကျတော့ ကြေကွဲဖွယ်ရာ အဖြစ်ဆိုးကြီးတစ်ခုကို ရင်နင့်ဖွယ်ရာ ကြားရတော့တာပါပဲ။

၁

ရန်ကုန်-မန္တလေး ရထားလမ်းမကြီးရဲ့ လမ်းခွဲတွေ အများကြီးရှိတဲ့ အထင်ကရ ဘူတာကြီးနဲ့ကပ်လျက် တစ်ဖက်မှာ ဘူတာသေးသေးလေး တစ်ခုရှိတယ်။ ဘူတာလေးက ရွာနဲ့လည်း အလှမ်းဝေး၊ ရေတောင်သောက်စရာ မရှိတာနဲ့ ဌာနက ရေတွဲထားပေးရတဲ့ ဘူတာကလေးပေါ့။ ရွာလေးက ကားလမ်း မပေါက်တာကြောင့် ဈေးပတ်လိုက်တဲ့ ဈေးသည်လေးတွေနဲ့ မြို့ပေါ်တက်ပြီး ကြုံရာကျပန်း လုပ်ရတဲ့ ရွာသားတချို့သာတော့ ဘူတာလေးဆီ ရထားလာစီးကြတယ်။ ပြောရရင် တစ်နေ့ဆယ်ဝကာန်းလောက်တော့ ရထားစီးခရီးသည် ရှိတဲ့ ဘူတာလေးပဲ ဖြစ်ပါတယ်။ ဒီဘူတာလေးမှာ လော်ကယ်ရထားကလွဲရင် ဘာရထားမှ ထည်း မရပ်ပါဘူး။ ဒါကြောင့် လော်ကယ်ရထားကိုပဲ အချိန်မီ လာစောင်းစီးကြတယ်။ လော်ကယ်ရထားက အချိန်မှန်ရင် မနက် ၆ နာရီခွဲလောက် ရောက်တာ ဖြစ်ပေမယ့် တစ်ခါတစ်ရံမှာ အဝင်နောက်ကျလို့ အထွက်နောက်ကျတာနဲ့၊ စက်ခေါင်းပြင်လို့ နောက်ကျတာနဲ့၊ တွဲပြင်လို့ နောက်ကျတာနဲ့ ဆိုတော့ ၇ နာရီဝန်းကျင်လောက်မှပဲ ရောက်ချင်လည်း ရောက်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တော့ လော်ကယ်ရထားက ဘူတာလေးဆီကို မနက် ၇ နာရီကျော်ကျော်လောက်မှာ ဝင်လာပါတယ်။ ရထားဘူတာထဲ ဝင်မလာခင် အပြင်အလံတိုင်မှာ ဥဩဆွဲကတည်းက ခရီးသည်တွေ လက်မှတ်ဝယ်ဖို့ ဘူတာလက်မှတ် ရောင်းပေါက်လေးမှာ စုစုစုစုနဲ့ ဖြစ်နေပါပြီ။ ဒါပေမဲ့ လက်မှတ်ရောင်း အပေါက်က မဖွင့်ဘူး။ ဒါနဲ့ ခရီးသည်တချို့ ဘူတာရှေ့တံခါးကို တွန်းဖွင့်၊ ဘူတာထဲ ဝင်လိုက်တော့. . .။

လား လား . . . ရှုပိုင်လေးက ရေဒီယိုဖွင့်ပြီး ကိုယ်လက် လေ့ကျင့်ခန်း လုပ်နေတာကိုး။ တံဆိပ်ရိုက် စွပ်ကျယ်ချိုင်းပြတ်၊ ဘောင်းဘီတိုနဲ့ အကျအန လုပ်နေတာပါ။ ရေဒီယိုထဲကအတိုင်း လက်နှစ်ဖက် ရှေ့ဆန့်၊ ဘယ်ညာလွှဲရပ်၊ လက်နှစ်ဖက်မြှောက်၊ ဦးခေါင်း ဘယ်ညာ ယိမ်း တစ်နည်းပြောင်းနဲ့ လုပ်နေတာပါ။

'ရှုပိုင်လေး . . . ရထားဝင်လာပြီ လက်မှတ်ရောင်းပါဦး'

ရှုပိုင်လေးက ရေဒီယိုထဲက ခိုင်းတဲ့အတိုင်း ခါးထောက် ဘယ်ဒူးမြှောက် ညာဒူးမြှောက် လုပ်ရင်းက . . .

'ဟာဗျာ. . . ခင်ဗျားတို့ လက်မှတ်ရောင်းဖို့က အရေးမကြီးဘူး၊ ဒီလေ့ကျင့်ခန်းက ဒီအချိန်ပဲ လာတာ၊ လာတုန်း လုပ်ရတာ'

ခရီးသည်တွေလည်း ကြောင်တောင်တောင် ဖြစ်ကုန်တယ်။

ရထားလက်မှတ် မဝယ်ဘဲနဲ့လည်း မစီးရဲဘူးလေ။ တစ်ခုတော့ ရှိတယ်။ ရထားကလည်း သူလမ်းရှင်း (ထွက်ခွင့်)ပေးမှ ထွက်ရမှာ ဆိုတော့ ဘာတတ်နိုင်မှာလဲ၊ ရေဒီယို လေ့ကျင့်ခန်းအစီစဉ် ပြီးတဲ့အထိ စောင့်ရုံပေါ့။

အဲသည့်နေ့က ရထားဘူတာလေးမှာ မိနစ် ၂၀ လောက် ကြာသွားတယ်လို့ဆိုတယ်။ ရထားပါဆိုမှ မော်တော်ကားလို၊ ကိုယ်ပိုင်ကားလို ရပ်ချင်တိုင်း ရပ်လို့ ရတာမှမဟုတ်တာ။ ဒီတော့ ရှုပိုင်ကို တိုင်းရုံးက ဖြေရှင်းချက် တောင်းတော့တာပေါ့။ ဖြေရှင်းချက် တောင်းတာကို

www.burmeseclassic.com

www.burmeseclassic.com



သူ ဖြေပုံက . . .

'ခရီးသည်နှစ်ယောက် ဘူတာစင်္ကြံမှာ ကျားထိုးနေတာ သရေ့ခွဲပဲ ဖြစ်နေလို့ အနိုင်အရှုံး ပေါ်အောင် ထိုးတာ စောင့်ပြီးမှ ရထားလွှတ်လိုက်ရပါတယ်' တဲ့။

ဒီတော့ တိုင်းရုံးလူကြီးတွေ 'ပျာ' ကုန်တော့တာပေါ့။

'ဟ ဒီကောင် ဟုတ်မှ ဟုတ်ရဲ့လား၊ စိတ်မှ မှန်ရဲ့လား'

ဆိုပြီး ဆေးစစ်တော့ စိတ်မူမမှန်မှန်းသိပြီး အရေးကြီးတဲ့ ရထားသွားလာရေး လုပ်ငန်း တာဝန် မဟုတ်တဲ့ လက်မှတ်သိမ်း ရာထူးပြောင်းပြီး မြေလတ်ဘူတာကြီးမှာ နေရာချပေးလိုက်တယ်။ သိပ်မကြာပါဘူး၊ အဲဒီဘူတာမှ ပြဿနာတက်တော့တာပါပဲ။ မြို့နယ်ဘောလုံးတွင်းမှာ ကျင်းပတဲ့ ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ တက်ပြီးပြန်လာတဲ့ ရုံပိုင်ကြီးကို ဘူတာစင်္ကြံပေါ်မှာ ဓားနဲ့ ပွေ့ထိုးချလိုက်တာပါ။ ရုံပိုင်ကြီးလည်း ဓားဒဏ်ရာနဲ့ပဲ ပွဲချင်းပြီး ဆုံးသွားရှာတယ်။

'ရုံပိုင်ကြီးနဲ့ သူနဲ့က ချစ်ပြီးသား၊ တစ်ယောက်နဲ့ တစ်ယောက်တည့်တယ်၊ အခုဟာက ကိုယ်စောင့်နတ်ချင်း ရန်ဖြစ်ကြတာ'

သူ ပြောတာကို ကြားရသူအဖို့ ရယ်ရအခက်၊ ငိုရအခက်ပါ။ ရုံပိုင်ကြီးကတော့ ဆုံးသွားရှာတယ်။ သူလည်း ဟိုတုန်းက အခေါ် စိတ္တဇဆေးရုံ ရောက်သွားတော့တာပါပဲ။

သူသာ ရုံပိုင်ဆက်လုပ်နေရင် ရာပေါင်းများစွာ ခရီးသည်တွေ သေဆုံးထိခိုက်မယ့်ကိစ္စ ကြုံသွားနိုင်တယ်။ တိုင်းအရာရှိတွေ အချိန်မီ သိသွားလို့ တော်သေးတာပေါ့။ ဒါကြောင့်လည်း ရုံပိုင်ဆိုရင် စိတ်ဓာတ် အင်အား ခိုင်မာ သွက်လက် ချက်ချာ ဆုံးဖြတ်ချက် မှန်ကန်၊ ဥပဒေ အားလည်း တက်ကြွဖျတ်လတ်နေဖို့ လိုတယ်။ ဒါကြောင့် ရုံပိုင်တွေကို နှစ်စဉ် ဉာဏ်သစ်လောင်းသင်တန်း ပို့တယ်။ မိတ္ထီလာ ဗဟိုပို့ချက် ကျောင်းမှာ တစ်လလောက် တက်ရတယ်။ 'ဉာဏ်သစ်လောင်း' သင်တန်းလို့ နာမည်လှလှ သုံးထားပေမယ့် တကယ်တော့ မွမ်းမံ

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းပါပဲ။ သိပြီးသား၊ သင်ပြီးသားတွေပေမယ့် လုပ်ငန်းခွင်ထဲမှာ၊ မိသားစုဘဝတွေထဲမှာ မွန်းနစ်ပြီး မေ့နေတဲ့၊ ကင်းကွာနေတဲ့ မီးရထား ဥပဒေတွေကို ပြန်လည် လေ့ကျင့် သင်ကြားပေးတာပါပဲ။

ရုံးချုပ် အရာရှိကြီးတွေက မွမ်းမံသင်တန်းက ပို့ချ၊ ပြန်လည် လေ့ကျင့် ပေးတာလောက်နဲ့ မတင်းတိမ်နိုင်ဘူး။ တိုင်းအရာရှိတွေကို အခါအားလျော်စွာ ထပ်ဆင့်သင်ကြားဖို့အထိ အသေးစိတ် စီစဉ်ကြတယ်။ ရုံပိုင်တွေရဲ့ အရည်အသွေး တောက်ပြောင်လင်းလက်နေဖို့ စိတ်ချ ယုံကြည်ရတဲ့ ထက်ထက်မြက်မြက် ဝန်ထမ်းတွေ ဖြစ်ဖို့ အမြဲ တြဲဆရာတနေ 'နှုတ်တိုက်ရွတ်ဆိုမှု' ဆိုတာကို လူကြီးတွေ စိတ်ဝင် စားပြီး ဘူတာအားလုံးရဲ့ ရုံပိုင်တွေ၊ လမ်းခွဲကိုင်တွေ မဖြစ်မနေ လုပ်ရမယ့် ကိစ္စအဖြစ် ပြဋ္ဌာန်းလိုက်တယ်။

ရုံပိုင်တစ်ယောက်က မိမိဘူတာကို ရထားတစ်စင်း ချဉ်းကပ်ခွင့် တောင်းတာကနေ ရထားလက်ခံ၊ လမ်းမှန်ဆင်၊ အချက်ပြခြိုး၊ တစ်ဖက် ဘူတာကို ဆက်လက်စေလွှတ်ဖို့ စီစဉ်၊ စက်ခေါင်းမောင်းကို ထွက်ခွင့် ပေး စတဲ့ တိကျသေချာရမယ့် လုပ်ငန်းစဉ်တွေကို မိမိ ကိုယ်တိုင်အပြင် တွဲဖက် လုပ်ဆောင်ရမယ့်၊ မိမိ တာဝန် ပေးရမယ့် လမ်းခွဲကိုင်နဲ့ အပြန်အလှန် ပြောဆိုတာ အားလုံးကို စိတ်နဲ့ အသိနဲ့တင် မဟုတ်ဘဲ နှုတ်က ရွတ်ဆိုလုပ်ကိုင်ကြရတာပါ။ တစ်ယောက်ယောက်က မှားနေရင် လွဲချော်နေရင် ချက်ချင်းသိရှိ ပြုပြင်နိုင်တာမို့ အင်မတန် ကောင်းတဲ့ အစီအစဉ် ဖြစ်တာကြောင့် ရုံပိုင်အားလုံး အလေ့အထသဖွယ် ဖြစ်ပြီး အကျင့်စွဲသွားစေချင်တယ်။ ညွှန်ကြားတုန်း ခဏ လုပ်ပြီး ပွဲပြီးမီးသေ မဖြစ်စေချင်ဘူး။ ဒါကြောင့် တိုင်းအရာရှိတွေကို မကြာခဏ စစ်ဆေး ခိုင်းတဲ့အပြင် ရုံးချုပ်အဆင့် အရာရှိကြီးတွေ ကိုယ်တိုင် စစ်ဆေးဖို့ ဆောင်ရွက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ တိုင်းအရာရှိတွေကလည်း မနေသာဘူး။ ကိုယ့်ရုံပိုင်တွေ၊ လမ်းခွဲကိုင်တွေ နှုတ်တိုက်ရွတ်ဆိုမှု မှန်ဖို့ အစီအစဉ်ကျဖို့အပြင် ဒွာန်နဲ့ မာန်နဲ့ ရွတ်နိုင်ဖို့ လေ့ကျင့်ပေးရတာပေါ့။

အဲသည်လို လေ့ကျင့်ပြင်ဆင်ထားတဲ့အထဲမှာ ရုံပိုင် ဦးကိုကိုကြီး ဘာတော့ တိုင်းအမှတ် (. . .) ထဲမှာ စံပြ ဖြစ်လို့နေတယ်။ လူက ထောင်ထောင်မောင်းမောင်း ဥပဓိရုပ်က ခန့်ပြီး ယူနီဖောင်း သပ်သပ် ရပ်ရပ် ဝတ်တတ်တာမို့ တိုင်းမန်နေဂျာက သိပ် သဘောကျတယ်။ ရုံးချုပ်က လူကြီးတွေ သူ့တိုင်းထဲ လာစစ်တဲ့အခါ ဦးကိုကိုကြီး ဘူတာ ရောက်တာနဲ့တင် အားရကျေနပ်စေရမယ်လို့ကို ရာနှုန်းပြည့် ယုံကြည် နေတယ်။ ဦးကိုကိုကြီးက သူ့ဘူတာလေးကို အစွမ်းကုန် ခြယ်သ ထားတာပါ။ ဘူတာရှေ့ ကွက်လပ်လေးမှာ ပန်းပင်လေးတွေ အစီအရီ စိုက်ထားပြီး အုတ်ခဲလေးတွေ တစောင်းစီ အလှဆင်ထားတယ်။ အုတ်ခဲလေးတွေကိုလည်း ထုံးဖြူဖြူ သုတ်ထားတဲ့အပြင် ဘူတာ သန်းကျင်မှာလည်း အမှိုက်တစ်စ မရှိအောင် လှည်းကျင်းထားတာမို့ ဘူတာလေးက အပြစ်ဆိုစရာ မရှိအောင်ကို သပ်ရပ်လှပြီး အမှတ် ပေးချင်စရာ ကောင်းလှပါတယ်။

၁

တိုင်းအမှတ် (. . .)ရဲ့ ဘူတာအားလုံး စိတ်တထင့်ထင့်နဲ့ စောင့်မျှော် နေတဲ့ရက် ရောက်လာပါပြီ။ ရုံးချုပ်က လူကြီးတွေ သံလမ်းပြေးကားနဲ့ ထစ်ဘူတာချင်း ရပ်တန့်ပြီး နှုတ်တိုက်ရွတ်ဆိုမှုတွေ စစ်ဆေးကြတယ်။ ရုံပိုင်တွေ အားလုံး ကြိုတင်လေ့ကျင့်ထားတဲ့အပြင် နေ့စဉ်လုပ်နေကျ ဆုပ်ငန်းစဉ်မို့ 'အေးဆေးပါ' ဆိုပေမယ့် တကယ့် လက်တွေ့လည်း ကျရော ကြောက်ကြောက်ရွံ့ရွံ့ဖြစ်ပြီး ခွေးအကြီး လှည်းနင်းသလို ဖြစ်တုန်ရော။ ရုံပိုင်က မှားလိုက်၊ လမ်းခွဲကိုင်က မှားလိုက်၊ ရုံပိုင်က မှန်တော့ လမ်းခွဲကိုင်က မှား၊ လမ်းခွဲကိုင်က မှန်ပြန်တော့ ရုံပိုင်က

www.burmeseclassic.com

www.burmeseclassic.com



မှားနဲ့ လုံးချာလိုက်ကုန်ရော။ ကျားရှေ့မှောက်ရက်လဲနေတဲ့ ယုန်သူငယ်ကမှ တည်ငြိမ်ဦးမယ်။ အားလုံး ကတုန်ကယင်နှင့် အလွဲလွဲအချော်ချော် ရွတ်ကုန်ကြတာ။ ကြာတော့ ရုံးချုပ်အရာရှိကြီးတွေ ဒေါပွကုန်ပြီး အရေးယူ လစာဖြတ်မယ် ဖြစ်ကုန်ရော။

တိုင်းမန်နေဂျာလည်း မျက်နှာမကောင်းဘူး။ သူနဲ့ လက်ထောက်တိုင်းမန်နေဂျာ၊ သွားလာအုပ်ကြီးတွေ အကြိမ်ကြိမ် လေ့ကျင့်ပေးထားပါရက် အခုမှ အလွဲလွဲ အချော်ချော် မျက်နှာပျက်စရာ ဖြစ်ကုန်တာကိုရင်ထဲ တနုံ့နုံ့ ဖြစ်နေတော့တာပေါ့။ ဦးကိုကိုကြီး ဘူတာရောက်ရင်တော့ ကျေနပ်သွားမှာပါလို့ အားတင်းရင်း စိတ်ဖြေနေရရှာတယ်။

မကြာပါဘူး၊ ဦးကိုကိုကြီးတို့ ဘူတာကို သံလမ်းပြေး ကားလေး ဝင်လာပါတော့တယ်။

ယူနီဖောင်း သေသေသပ်သပ် ဝတ်ဆင်ထားကြတဲ့ ရုံပိုင် ဦးကိုကိုကြီးနဲ့ ဝန်ထမ်းအားလုံး သတိ အနေအထားကနေ သံလမ်းပြေးကားလေးပေါ်က ဆင်းလာတဲ့ ရုံးချုပ်အရာရှိများနဲ့ တိုင်းအရာရှိများကို အလေးပြုလိုက်တယ်။

ဝန်ထမ်းအားလုံး သပ်ရပ်စွာ ဝတ်ဆင်ထားတဲ့အပြင် မိမိကိုယ်ကိုယ်ယုံကြည်မှု အပြည့်ရှိတဲ့ မျက်နှာထားတွေကြောင့် တိုင်းမန်နေဂျာက ကျေနပ်သွားတယ်။ စောစောတုန်းက ဘူတာတွေမှာ မျက်နှာကောင်း မရခဲ့တာ ဒီဘူတာနဲ့ ချေဖျက်ပြမယ်လို့လည်း စိတ်ထဲက ကြုံးဝါးနေတယ်။

ရုံးချုပ်အရာရှိကြီး တစ်ယောက်က 'ကဲ ရုံပိုင်ကြီး ၃ အဆန် ခင်ဗျားတို့အခေါ် သရီးအပ်ပေါ့ဗျာ၊ ဟိုဘက်ဘူတာ ချဉ်းကပ်ခွင့် တောင်းတာကနေ တောက်လျှောက် Through ဆက်လွှတ်တဲ့အထိ လုပ်ငန်းစဉ်လေး နှုတ်တိုက်ရွတ်ဆို လုပ်ပြပါဦး' လည်းဆိုရော ဦးကိုကိုကြီးလည်း သတိဆွဲထားရာကနေ ခြေထောက်ကို ဖျတ်ခနဲ ခွာလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'သရီးအပ် ချဉ်းကပ်ခွင့်ရပြီး မိန်းလမ်းမှ တောက်လျှောက်လွတ်ရန် လမ်းမှန်ဆင်ပါ'

အထစ်အငေါ့မရှိ အားမန်အပြည့် ပြောလိုက်တဲ့ ဦးကိုကိုကြီး အသံက ဘူတာလေးထဲမှာ ပဲ့တင်ထွက်သွားတယ်။ လမ်းခွဲကိုင်လေး ကလည်း

'သရီးအပ် မိန်းလမ်းမှ တောက်လျှောက်လွတ်ရန် လမ်းမှန်ဆင် မည်' ဆိုပြီး တည်တည်ငြိမ်ငြိမ် ပြန်ရွတ်လိုက်တယ်။

'..................................'

'..................................'

ရုံပိုင်နဲ့ လမ်းခွဲကိုင်တွေ အပြန်အလှန် နှုတ်တိုက်ရွတ်ဆိုသံဟာ ရှင်းလင်းပြတ်သားပြီး တိကျမှန်ကန်တာမို့ လူကြီးတွေ ကျေနပ်သွားပုံ ရတယ်။

'မှန်တယ်၊ ကောင်းတယ် ရုံပိုင်ကြီး၊ ကဲ 3 Up ရထားကြီး ဘူတာထဲ ဝင်လာပြီး Through သွားတာပေါ့နော်၊ ရုံပိုင်ကြီး ဘာဆက်လုပ်မလဲ'

ဒီလောက်ကတော့ ပျင်းတယ်ပုံစံနဲ့ ဦးကိုကိုကြီးက တယ်လီဖုန်းခုံ အောက်ပေါ် တင်ထားတဲ့ အလံစိမ်း၊ နီကို ဆွဲယူပြီး ဘူတာစင်္ကြံပေါ် ထွက်ချသွားတယ်။ တကယ့်ကို လက်တွေ့ကျကျ သရုပ်ပြလိုက်တာပဲ။ သံလမ်းဘက် မျက်နှာမူပြီး အလံစိမ်းကို ၄၅ ဒီဂရီ မြှောက်၊ တည်ငြိမ်စွာနဲ့

'ရထား ကောင်းမှန်စွာ ထွက်ခွာနေသည်'

'ရထား ကောင်းမှန်စွာ ထွက်ခွာနေသည်' အပြင် ရထားရဲ့ နောက်ဆုံးတွဲ ဖြတ်ကျော်ပြီး ပုံစံနဲ့ နောက်ဆုံး ရွတ်ဆိုမှုကို အောင်မြင်စွာ အော်ဟစ်လိုက်ပါတယ်။ သူ့ရင်ထဲ ပေါ့ပါးပြီး ကျေနပ် အားရစွာနဲ့ ဘူတာဘက် လှည့်လိုက်တဲ့အခါ ရုံးချုပ်အရာရှိကြီးတွေနဲ့ တိုင်းအရာရှိတွေ အားလုံး သူ့ကို ကြည့်ပြီး ဟက်ဟက်ပက်ပက်

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောနေကြတာကို တအံ့တသြ တွေ့လိုက်ရတယ်။ အကြီးဆုံး အရာရှိကြီးကတော့ ရယ်ချင်စိတ်ကို ဖိနှိပ်ထားတဲ့ပုံနဲ့ ပြုံးတုံ့တုံ့ကြီး။ သူလုပ်တာ ကိုင်တာမှာ ဘာများ ရယ်စရာပါသွားလဲ ဆိုတဲ့ အတွေးနဲ့ စိတ်ကယောက်ကယက် ဖြစ်သွားတာပေါ့။ ဦးကိုကိုကြီး စိတ်ထဲ မရှင်း ဖြစ်သွားတယ်။

'လူကြီးတွေ ဘာလို့ ရယ်ကြတာလဲ'

သံလမ်းပြေးကားလေး သူတို့ဘူတာကနေ ထွက်ခွာသွားတော့ သူ့လက်ထောက်ဝန်ထမ်းတွေက သူ့ကိုကြည့်ပြီး တဟားဟား ရယ်ကြပြန်ပါလေရော။ ခုမှ စိတ်လွတ် ကိုယ်လွတ် ရယ်နေတဲ့ပုံမျိုး။

'ဟ. . . ကောင်တွေ ဘာရယ်စရာ တွေ့လို့လဲကွ၊ ဟိုဆရာတွေက လည်း ဝါးလုံးကွဲ ရယ်သွားကြတယ်၊ ငါ ဘာဖြစ်လို့ လဲ'

လမ်းခွဲကိုင် ကျော်စွာက 'ခွီး' ခနဲ တစ်ချက်ရယ်ပြီး မျက်နှာပိုး သတ်တယ်။

'ရုံပိုင်ကြီးက ခပ်တည်တည်နဲ့ အလံတုတ်ကိုင်ပြီး အော်လိုက်တာ အဟီး . . . သရူးအပ်သရီးတဲ့ အဟီး' ပြောပြီး တခွီးခွီးနဲ့ ရယ်ပြန်ရော။ ကျန်တဲ့ဝန်ထမ်းတွေကလည်း အရယ် မသတ်နိုင်ဘူး။

'၃ အဆန် ရထား တောက်လျှောက်'ဆိုတဲ့ အဓိပ္ပာယ်ဖြစ်တဲ့ 'သရီးအပ်သရူး' (Three up through) ကို 'သရူးအပ်သရီး' (Through up three) လို့ သူ မှားအော်လိုက်မိတာကို အခုမှ သတိထားမိတော့ တယ်။

'ဟာကွာ . . . ငါတော့ ဒုက္ခပါပဲ၊ အရေးယူခံရဦးမယ် ထင်တယ်၊ တိုင်းမန်နေဂျာလည်း ငါ့အတွက်နဲ့ အဆူခံများ ထိနေမလား'

သူများတွေ ရယ်မောနေချိန်မှာ သူ မရယ်နိုင်တော့ဘူး။ ပိုင်ပိုင် နိုင်နိုင် ပြင်ဆင် လေ့ကျင့်ထားပါရက်နဲ့ နောက်ဆုံးမှာ လွဲချော်လေခြင်း ဆိုပြီး သူ စိတ်မကောင်းဖြစ်စွာ ခံစားလိုက်ရတယ်။ ဘူတာလေးထဲ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်လာတဲ့အခါမှာတော့ သူ့ခြေလှမ်းတွေက ပျော့ခွေယိမ်းယိုင်၊ သူ ထိုင်ခုံလေးပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး မျက်နှာကို စားပွဲပေါ် မှောက်ကာ ကြေကွဲနေပါတော့တယ်။

၁

ကရာကတ္တု ကရာကတ္တုကတ္တုကရာ

ကရာကတ္တု ကရာကတ္တုကတ္တုကရာ

တစ်ဖက်ဘူတာရုံပိုင်က ပို့လိုက်တဲ့ ကြေးနန်းအသံက 'ဖုန်းကိုင်ပါ' ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဦးကိုကိုကြီး စားပွဲပေါ် မျက်နှာမှောက်ရက်ကပဲ ဖုန်းကို လှမ်းဆွဲလိုက်တယ်။

'ဟော့ကောင် ကိုကိုကြီး ပိုင်တယ်ကွာ၊ မင်းလုပ်ချလိုက်တာ၊ လူကြီး တွေကို ရှုံ့ပြီး နှုတ်က မှားထွက်တတ်တာကို သဘောပေါက်တယ်တဲ့၊ ဟိုကောင်တွေကို လစာဖြတ်တာလည်း ပြန်ဖျက်လိုက်တယ်၊ ငါတို့ ဘူတာလည်း မစစ်တော့ဘူး၊ မင်းကို အားလုံး ကျေးဇူး တင်နေကြ တယ်'

ဟာ . . . သူ ထခုန်မတတ် ဖြစ်သွားတယ်။ နှလုံးကလည်း ဒိတ်ဒိတ်ခုန်လို့။

ချက်ချင်း သူ လုပ်ရမယ့် အလုပ်ကို သတိရလိုက်တယ်။ အဲဒါ ကတော့ လွတ်လပ်ပေါ့ပါးစွာနဲ့ အားပါးတရ ရယ်ချလိုက်တာပါပဲ။

အခုကျမှ အူလှိုက် သည်းလှိုက် ရယ်နေတဲ့သူ့ကို သူ့တပည့်တွေက နားမလည်နိုင်စွာနဲ့ ကြောင်ကြည့်နေကြတယ်။

သူကတော့ အတောမသတ်နိုင်အောင် ရယ်လို့ကောင်းတုန်း။

မဟေသီ မဂ္ဂဇင်း
နိုဝင်ဘာ၊ ၂၀၁၀

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

၅ ဇွန်၊ ၂၀၁၀ မှာ မန္တလေးကို ပြန်ရောက်ဖြစ်သည်။ တူမလေးရဲ့ မင်္ဂလာဆောင်က မသွားလို့ မဖြစ်။ ၄ လ သမီးအရွယ် ကတည်းက ဖခင် ဆုံးပါးသွားတာမို့ ဦးလေးတွေက ဖခင်လို ဖြစ်နေသည်။ သည်တော့ တူမလေး မင်္ဂလာပွဲကို သမီး မင်္ဂလာပွဲလို့ ယူကောင်း ယူနိုင်သည်လေ။

မင်္ဂလာပွဲကို မိမိ ကျောင်းနေ ဖက် သူငယ်ချင်းတွေထဲက ရှမ်းကြီးလို့ နှုတ်ကျိုးနေတဲ့ စိုင်းသန်းထွန်း၊ ကိုညိုလို့ ခေါ်တဲ့ ကိုငြိမ်းချမ်း 'နေခ်ကူးမ' ဇာတ်ကားထဲက စောမူး သာနဲ့တူလို့ မူးသာလို့ နာမည်တွင်တဲ့ ကိုတင်မောင်ညွန့်၊ အောင်ဝင်းဆွေ၊ ကိုကိုထွေးတို့ ဇနီးမောင်နှံနှင့် ကသာဝင်းမြင့်တို့ ရောက်လာကြသည်။ မိမိတို့ အတန်းမှာ ဝင်းမြင့် နှစ်ယောက်ရှိသည်မို့ ကသာက ကျောင်းတက်တဲ့ ဝင်းမြင့်က ကသာ ဝင်းမြင့်၊ အသားမည်းမည်း ထောင်ထောင် မောင်းမောင်း ဝင်းမြင့်ကတော့ မာမွတ်။ ကွဲကွဲပြားပြားလေး ဖြစ်အောင် နာမည်ပေး ကောင်းတာကတော့ ကိုကိုထွေးဟု ထင်သည်။

နှစ် ၃၀ လောက်အတွင်းမှာ ကိုညို၊ ကိုကိုထွေးတို့နဲ့သာ မကြာခဏ ဆုံဖြစ်ကြပေမယ့် ရှမ်းကြီးနဲ့ဝင်းမြင့်ကိုတော့ သူတို့ ရန်ကုန်လာခိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့ကြပြီး မူးသာကိုတော့ ဖုန်းနဲ့ပဲ ဆက်သွယ်မိသည်။ နိုင်ငံခြားလို တီဗွီဖန်သားပြင်၊ ကွန်ပျူတာနဲ့ ချိတ်ဆက်ထားသည့် **skype** နဲ့ ပြောရရင်တော့ ရုပ်သွင်တွေကို 'ကျက်' မိနိုင်မည်။ ခုချိန် ပြန်တွေ့ရင် အောင်ဝင်းဆွေ၊ မူးသာတို့ကို မှတ်မိပါ့မလား မိမိစဉ်းစားခဲ့သော်လည်း တကယ်တမ်းတွေ့တော့ မမှတ်မိစရာမရှိ။ နည်းနည်းပါးပါး ခန့်ထည် လာတာကလွဲလို့ သိပ်မပြောင်းလဲပါ။ အလွယ်တကူပဲ မှတ်မိခဲ့သည်။

၁

နေ့ခင်းဆုံဖြစ်တဲ့ သူငယ်ချင်းတွေ ညဦးပိုင်း ထပ်ဆုံတော့ ရေခဲမုန့်ဝိုင်း မဟုတ်တော့။ လမ်းလျှောက်သူ ဂျော်နီ အနက်ရောင်ပုလင်းကြီး၊ ရေခဲ၊ ဆော်ဒါ၊ ပုစွန်၊ ကဏန်း၊ ကြက်ခြောက်၊ ငါးရှဉ့်၊ မှိုကန်စွန်း၊ ငါးကင် အမြည်းစုံ ဝိုင်းအကြီးစားဖြစ်နေပြီ။ ဟိုက်ဘော့စ်တွေ ဖြစ်တဲ့ မူးသာ၊ ဝင်းမြင့်၊ ကိုကိုထွေး၊ ကိုညို၊ ရှမ်းကြီးတို့ထဲက ဘယ်သူ ဒကာခံမှာလဲ ဆိုတာကို ပဟေဠိ ဝှက်ချင်နေမိသည်။ ရေခဲမုန့်ဝိုင်းနဲ့တော့ မတူ စကားတွေက် သွက်နေကြပြီး ခင်မောင်လန်းနဲ့ ရဲမြင့်ဆွေတို့ပါ ဆပ်ရောက်လာတော့ ပွဲက အရှိန်မြင့်သွားခဲ့သည်။ တတိယနှစ်၊ စတုတ္ထ နှစ် ကွင်းဆင်းခရီးတွေမှာ လောင်ခဲ့ ကြောင်ခဲ့တာတွေ။ မန္တလေး ဘတ္တာသိုလ်နဲ့ ရဲသိပ္ပံတို့ ကွင်းဖွင့်ဖလား ဘောလုံးပိုလ်လုပွဲ ဗထူးကွင်းမှာ တန်တော့ ကိုညို၊ ချစ်ဖူးတို့ကို အားပေးခဲ့ကြတာ။ ပထမဒိုင်းကြီးရတော့ ကျောင်းသားတွေ အောင်ပွဲခံပြီး တပျော်တပါးနဲ့ ကျောင်းကြီးဆီ လမ်းလျှောက် ပြန်ခဲ့ကြတာတွေကတော့ အားလုံးမှတ်မိနေတဲ့ အကြောင်းတွေမို့ တစ်ယောက် တစ်ပေါက် လုပြောရင်း ဝိုင်းကစည်ဝေ နေသည်။

'ဟော့ကောင် ငရဲ မင်း ရွှေမန်းဆောင်က မကြည်ပြာကို ဘာဗျာ စာအုပ် သွားပေးတာ မှတ်မိသေးလား'

www.burmeseclassic.com

www.burmeseclassic.com



မိမိ ရွှေမန်းဆောင်က မမ တစ်ယောက်ကို ရည်ညွှန်းပြီး ကဗျာ တစ်အုပ်(တစ်ပုဒ်မဟုတ်) လုံး ဖွဲ့နွဲ့ပြီး စာအုပ်လေးကို လက်ရေးလှလှ၊ သပ်သပ်ရပ်ရပ် ရေးပြီးတော့ ဧည့်တွေ့ချိန်မှာ သွားပေးခဲ့တာကို ပြန်သတိရသည်။ ခုချိန်မှာ မကြည်ပြာကို ပြန်တွေ့ရင် မှတ်မိပါ့ဦး မလား။

'ဟား ဟား ဟိုက ကဗျာစာအုပ် ဘာလုပ်ရမှာလဲ၊ ကာတွန်း စာအုပ်ဆို တော်သေး၊ အပျင်းပြေ ဖတ်ရတာပေါ့ ဆိုပြီး ဒီကောင့်ကို လှောင်လွှတ်လိုက်တာ. . .'

ရှမ်းကြီးကတော့ အတိတ်ကိုပြန်တူးဆွပြီး တဟားဟားနှင့် ရယ်သည်။

အဲ့သည်တုန်းက မိမိမှာ တကယ်ကို ကြေကြေကွဲကွဲ။ အစကတည်း က ကဗျာဆရာဂိုက် ဖမ်းနေသော မိမိက လူရှုပ်ရှုပ်မှာ အသည်းကွဲ ကဗျာတွေ ရွှတ်ရတာအမော။ မသောက်တတ်တဲ့ အရက်ကို စမ်း သောက်ပြီး ခံစားချက်တွေ ပြင်းထန်ကြည့်ဖို့ စဉ်းစားခဲ့သေးပေမယ့် မကြည်ပြာကတော့ မိမိကို ရှိတယ်လို့တောင် မသတ်မှတ်ခဲ့။ သိပ် မကြာလိုက်ပါ။ ငတိ တစ်ကောင်နဲ့ တွဲပြလိုက်တော့ မိမိလည်း ငုတ်တုတ်မေ့ငြိမ်ကျန်ပြီး မကြည်ပြာအကြောင်း ကဗျာမရေးတော့။ ကဗျာလည်း မရွတ်တော့။ နို့မို့ သူငယ်ချင်းများကပါ ထပ်ဟားပြီး 'ငကြောင်' သတ်မှတ်တော့မည်။

'ကဲပါ ထားပါကွာ၊ ရှမ်းကြီးလုပ်တာနဲ့ ငရဲ ကဗျာတွေ ထရွှတ်ပြီး ငါတို့ကို နှိပ်စက်ပြန်ဦးမယ်'

ရဲမြင့်ဆွေက ခွက်လက်ကျန် ရှင်းရင်း ပြောတော့ ကျန်သူငယ်ချင်း များက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာတဲ့ အဲသည်လို ဆိုစကားနဲ့ နေခဲ့တော့ ကြည်ပြာရယ်. . . ဟုတ်တယ် မဟုတ်လား ငရဲ ဒေါ်ဝင်း လက်ဖက်ရည်ဆိုင်ထဲမှာ မင်း ကဗျာရွတ်ခဲ့တာလေ'

မိမိရေးခဲ့၊ ရွတ်ဆိုခဲ့တဲ့ ကဗျာတွေကို ပြန်စဉ်းစားကြည့်တော့ ရေးရေးတောင် မမှတ်မိတော့။ ဒါကို ခင်မောင်လန်းက အသေးစိတ် မှတ်မိနေသည်။

'မင်းက ဒါမျိုးတော့ အတော်မှတ်မိ၊ ခုချိန်အင်ကြင်း ကျောက်က ဘယ်ကျောက် အမျိုးအစားထဲ ပါလဲဆိုရင် တလွဲဖြေမယ့် ကောင်'

'အောင်မယ်၊ ဒီလောက်တော့ မှတ်မိပါသေးတယ်၊ မီးသင့်ကျောက် ပေါ့ကွ'

'ဟာ သွားပြီ၊ မင်းတကယ် ပြောလိုက်တာလား၊ ဟာသ လုပ်လိုက် တာလားကွာ'

ရဲမြင့်ဆွေက ပြောပြောဆိုဆို အောင်ဝင်းဆွေ ကျော်ပြီး ခင်မောင်လန်း နားရင်းကို ဖွဖွရိုက်သည်။

'ဒါကြောင့် ဒီကောင် ကြောင်တောင်တောင်နဲ့ စောစောစီးစီး မိန်းမ ချပြီး ခု မြေးထိန်းနေတာ'

ကိုကိုထွေးက အသားလွတ် ဝင်ခွပ်သည်။

'ဘာမှ မဆိုင်ဘူး၊ မင်းသာ မစ္စံတဲ့ကောင်၊ လူကြီးတွေ ပေးစားလို့ မိန်းမရတာ'

'ကဲပါ အရည်မရ၊ အဖတ်မရတွေ တော်ပါတော့၊ ဒီနှစ်ဒုနှဆို ငါတို့ ကျောင်းပြီးတာ နှစ် ၃၀ ပြည့်ပြီ၊ ပုလဲရတုပေါ့ကွာ၊ အဲဒါ အထိမ်းအမှတ်ပွဲလေး တစ်ခု လုပ်ရရင် မကောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမြင့်အပြောမှာ အားလုံးတစ်ချက်ငြိမ်ကျသွားသည်။ ပါးစပ်ဆီ ရောက်လု ဖန်ခွက်ကို အောင်ဝင်းဆွေက စားပွဲပေါ် အသာပြန်ချရင်း

'ကောင်းတယ်ကွာ Good Idea ပဲ၊ နှစ်စဉ် နိုဝင်ဘာလ ၁၄ မှာ ဌာနတစ်ခုလုံး ဆရာကန်တော့ပွဲနဲ့ မိတ်ဆုံစားပွဲကို တက္ကသိုလ် ဓမ္မာရုံမှာ လုပ်ကြတာဆိုတော့ ငါတို့က ရှေ့တစ်ရက် နိုဝင်ဘာ ၁၃ မှာ ဆုံကြရင် မကောင်းဘူးလား'

'အဲဒီနေ့မှာ အခမ်းအနား မဆန်ဘဲ ပေ့ါပါးလွတ်လပ်တဲ့ ပုံစံ မျိုးနဲ့ တွေ့ကြရင် ကောင်းမယ်၊ ချို့တဲ့ အဆင်မပြေရှာတဲ့ သူငယ်ချင်းတွေရဲ့ သား၊ သမီး ပညာရေးအတွက် ထောက်ပံ့ချင်တယ်၊ ကျန်းမာရေး မကောင်းတော့တဲ့ ဆရာတွေကို ဆေးဖိုးဝါးခ လှူဒါန်းချင်တယ်'

ကိုညိုရဲ့ အကြံပြုချက်က ဖြစ်သင့်တဲ့ ကိစ္စပဲ ဖြစ်သည်။ တွေ့ကြ၊ ဆုံကြ၊ စားကြ၊ သောက်ကြနဲ့ ပေါ့လားဝါးလားလုပ် ပြီးသွားလို့ မကောင်း။ အဓိပ္ပာယ်ပြည့်ဝတဲ့ တွေ့ဆုံပွဲလေးပဲ ဖြစ်စေချင်သည်။ လောကဓံအခက်အခဲကြားမှာ ကံအကြောင်းမလှစွာ ကူးခတ်နေရတဲ့ သူတွေကို ကံအကြောင်းလှစွာ သို့မဟုတ် ကြိုးစားအားထုတ်မှုရဲ့ ရလဒ် တွေနဲ့ ရာထူးဂုဏ်သိမ်၊ ဓနဉစ္စာ မြင့်မားသူတွေက ထောက်ပံ့ကူညီမှု တစ်စုံတစ်ခု မပြုသင့်ဘူးလား။

အဲ့သည်လို ပြုခွင့်ကြုံတဲ့အခါ လှိုက်လှဲဝမ်းသာစွာ လက်ခံကြမလား။

မာနတွေ ပွေ့ဖက်လို့ ငြင်းပယ်ကြမှာလား။

ဘယ်သူတွေက ဘယ်အတိုင်းအတာထိ ငွေကြေး စိုက်ထုတ် ကြမှာလဲ။

ငွေကြေးကိစ္စ ပါလာရင်တော့ ဆုံစည်းခွင့် အစီအစဉ်လေး ပျက်သွားတော့မှာလား။

www.burmeseclassic.com

www.burmeseclassic.com



လားပေါင်းများစွာနဲ့ မိမိအတွေး ရှုပ်ထွေးနေချိန်မှာ . . .

'ငါ လောလောဆယ် ၅ သိန်း မတည်မယ်'

ကားအင်ဂျင်ကြီးများ ရောင်းသည့် ကုမ္ပဏီပိုင်ရှင် မူးသာက စတင် ဖောက်ခွဲလိုက်သည်။

'မူးသာရာ မင်း ၅ သိန်းဆိုတော့ ငါလည်း ၅ သိန်းပေါ့ကွာ'

ဝင်းမြင့်က အားကျမခံ

'ငါ့လည်း အဲဒီအတိုင်း သတ်မှတ်ကွာ'

ဆေးဆိုင်၊ စတိုးဆိုင်ကြီး ပိုင်ရှင် ကိုကိုထွေးအသံက ပုံမှန်ထက် နည်းနည်း မာချင်သည်။

'ငါတော့ ၃ သိန်းပဲ လုပ်ကွာ၊ ပြီးခဲ့တဲ့လက ကားတစ်စီး ထပ်ဝယ် လိုက်တာမို့ နည်းနည်း ပျာနေတယ်'

'ရှမ်းကြီး မရှိုးနဲ့၊ မင်းမိန်းမက ဆရာဝန်ကြီး၊ သမီးကလည်း ဆရာဝန်၊ သားက မိုဘိုင်းဖုန်းဆိုင်ကြီးနဲ့ မင်းလန်းနေတာ အားလုံး သိတယ်၊ မလိုချင်ဘူး ၅ သိန်းပဲ'

တစ်ချိန်လုံး ငြိမ်နေသည့် အောင်ဝင်းဆွေ အသံက ကျယ်လောင် သည်။ ကျန်တဲ့သူတွေက

'ဟုတ်တယ်၊ ဟုတ်တယ်' ဝိုင်းအော်တော့ ရှမ်းကြီးက စပ်ဖြဲဖြဲနဲ့ ခေါင်းတောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ ကျောင်းသားဘဝက ပုံစံလေး ခုထိ မပျောက်သေးပါ။

ကိုညို၊ ရဲမြင့်ဆွေ၊ အောင်ဝင်းဆွေ၊ ခင်မောင်လန်းတို့ကလည်း ၃ သိန်းစီ ထည့်ကြမည်ဆိုတော့ မိမိတို့ ဝိုင်းလေးမှာရှိတဲ့ လူနဲ့တင်

www.burmeseclassic.com

www.burmeseclassic.com



သိန်း ၃၀ ကျော်စ ပြုပြီ။

'ငါလည်း တတ်နိုင်သလောက် ကြိုးစားထည့်ပါ့မယ်ကွာ'

မိမိ၏ လည်ချောင်း မရှင်းတဲ့အသံက နည်းနည်းတိမ်ဝင်ချင်သည်။

'နိုး နိုး . . . ဆောရီး မင်းက စာရေးဆရာ၊ မထည့်နဲ့၊ အဲဒီပွဲ ကျရင်သာ လာဖြစ်အောင် မင်း ကြိုးစားပေးပါ'

မူးသာ ပြောတော့ 'မင်းက ဒါမျိုးစောင့်နေတာ မဟုတ်လား' ဟု ခင်မောင်လန်းက စသည်။

၁

'မင်းက စာရေးဆရာ မထည့်နဲ့'

နှလုံးသားထဲ ထိုးခွဲဝင်သွားသော စကားသံကြောင့် သွေးလှည့်ပတ် မှုတို့ မြန်ဆန် ဆူဝေလာသည်ဟု ထင်သည်။

သူငယ်ချင်းက မိမိကို စာရေးဆရာအဖြစ် အသိအမှတ်ပြုပြီး စာနာစိတ်နဲ့ ပြောလိုက်တာပဲ ဖြစ်သည်။

မနဥစ္စာ ချို့တဲ့ နွမ်းပါးတဲ့ မိမိရဲ့ ဘဝအခြေအနေကို တွေးပြီး ဝမ်းနည်းချင်နေမိသည်။ ပြီးတော့ စာရေးဆရာအဖြစ် မိမိကိုယ်ကိုယ် ခံယူခွင့်ရတဲ့ လက်ရှိဘဝအတွက်လည်း ဂုဏ်ယူနေချင်ပြန်သည်။

ဂုဏ်ယူခြင်း၊ နွမ်းပါးခြင်း၊ ပျော်ရွှင်ခြင်း၊ အားငယ်ခြင်း အားလုံးက ချားရဟတ်လို တစ်လှည့်စီ ရောက်လာကြသည်။

ဂုဏ်ယူခြင်းဖြင့် ထိပ်ဖျားမှာ ပျော်ရွှင်ဆဲကနေ အောက်ဆို့ပြန်ကျ ပြီး နွမ်းပါးခြင်း၊ အားငယ်ခြင်းတို့ကို နေရာပေးလိုက်ရသည့်အခါ. . .

www.burmeseclassic.com

www.burmeseclassic.com



အားယူပြန်တက်တော့ ထိပ်ဖျားပြန်ရောက်၊ ပြီးတော့ ပြန်ကျသည့်အခါ. . .။

မိမိ၏ ဘဝ နေပျော်မှုက အတက် အကျ ရှိနေပါလိမ့်မည်။ ချားရဟတ် လည်နေသရွေ့ပေါ့။

ဆရာသိုက်ထွန်းသက်ရဲ့ ကဗျာတစ်ပိုဒ်က ရင်ဘတ်ထဲသို့ တိုးဝှေ့ဝင်လာသည်။


'မူးချာပတ်ချာ ရီဝေစွာလေ' တဲ့။

ခုမှပဲ သောက်ထားတဲ့ အရက်က မူးတော့တာပါလေ။

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

သူ့တစ်ကိုယ်လုံး ရေနံချေးများဖြင့် ပေကျံနေသည်။ ဆံပင်မှာလည်း ရေနံချေးများဖြင့် စေးထန်းနေ၍ အချောင်းလိုက် ဖြစ်နေပြန်သည်။ အကျႌနှင့်လုံချည်တို့ကလည်း ညစ်ပေ မာခေါက်နေသည်မှာ ကား အမျိုးမျိုးကို ပြင်ဆင်သည့် ဝပ်ရှော့ အလုပ်သမား တစ်ယောက်၏ အလုပ်လုပ်စဉ် ဝတ်သော ဝတ်စုံကဲ့သို့ ဖြစ်နေသည်။

နှစ်ထပ်ပျဉ်ကာ အိမ်ကြီး၏ နံရံနှစ်ဖက်တွင် ရေနံ ဝလာသည်နှင့် အမျှ သူလည်း ရေနံချေးကန်ကြီးထဲမှ လက်ပစ်ကူးပြီး ပြန်တက်လာ သလို ဖြစ်နေသည်။ နေ၏အပူ၊ ရေနံ၏ အပူနှင့် ချွေးများကလည်း အဆက်မပြတ် စီးဆင်းနေသည်။ မျက်နှာတွင်လည်း ကြေးကြောင်းများ အစင်းလိုက် ထင်နေသည်။

သူ ဆေးလိပ် ကြိုက်တတ်သော်လည်း ရေနံများနှင့် လုံးထွေး နေသော အနေအထားကြောင့် မီးတစ်ခြစ်ပင် ခြစ်ဖို့ စိတ်မကူးရဲပေ။ ပင်ပန်းနွမ်းနယ်မှု ဒဏ်ကို မျိုသိပ် ကြိတ်မှိတ် ခံနေရသည့် အမူအရာ သည်လည်း ထင်းထင်းလင်းလင်း ပေါ်လွင်နေသည်။ သူ မလုပ်ဖူး မကိုင်ဖူးသော အလုပ်တွေကို ခု သူ ကြုံတွေ့နေရပြီ။ အတိတ်တ ကတ္တိပါဖိနပ် စီးခဲ့ရသည်ကို တမ်းတ မနေအား။ ကလေးခြောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သော မိသားစုအတွက် စားဝတ်နေမှု ပြဿနာသည် ကြွေရာကျပန်း အဆင့်နှင့်ပဲ ဖြေရှင်းနေရသည်လေ။

ညနေ စောင်းသွားသောအခါ အိမ်ကြီးသည် ရေနံဖြင့် ဝနစ်သွားလေသည်။ ရေနံချေးပုံး၊ ရေနံဝတ်များနှင့် လှေကားကို နေရာတကျထားပြီးချိန်တွင်တော့ သူ အနည်းငယ် လန်းဆန်းသွားသည်။ လုပ်ခရတော့မည့် အသိကြောင့်လည်း ဖြစ်နိုင်ပါသည်။ အိမ်ပြန်လာသောအခါ ခြေလှမ်းများ တုံ့ဆိုင်းဆိုင်း ဖြစ်နေ၍ ကိုက်ခဲနေသောခြေသလုံးများကို သူ ဒေါသ ဖြစ်သွားလေသည်။ 'အဲဗားလိုက်' တစ်ထုပ်လောက်တော့ ဝယ်သောက်ဦးမှ ဟု သူ တွေးသည်။ တစ်ပိုင်းလောက်နှိပ်ရရင် ကောင်းမလားဟုလည်း တွေးမိပြန်သည်။

သို့သော် သူ့မိန်းမ ရုပ်သွင်ကို မြင်ယောင်သောအခါ သူ့အတွေးများ ပြတ်ကာ လွင့်ကုန်သည်။ အရက်တစ်ပိုင်းနှင့် မကာမိအောင် ခံရမည်ဖြစ်သော သူ့မိန်းမ၏ နှုတ်ကြမ်းမှုရာနှင့် တွေ့ရာ လက်နက်တိုတော့ သူ ရွံ့သည်။ အလုပ်ထဲတုန်းက အကြံအဖန်လေးတွေ မိနေလို့လား မသိ။ သူ့မိန်းမ သူ့အပေါ် လိုက်လျောခဲ့သည်ချည်း။ ခုတော့ အရင်တုန်းကနှင့် ဆန့်ကျင်ဘက် ဖြစ်သွားပြီ။ သူ့မိန်းမကြောင့်လည်း သူ့မှာ အပေါင်းအသင်း နည်းပါးသွားတာတွေ၊ မ. ယ. က ဟု အပြောခံရတာတွေကို ပြန်စဉ်းစားသည်။ ဒေါသလှိုင်းများ တလိမ့်လိမ့် တက်လာသောကြောင့် အောက်နှုတ်ခမ်းကိုပင် ဖိကိုက်ပစ်လိုက်သည်။

'ဒီမိန်းမကြောင့်ပဲ အလုပ်ပြုတ်တာ'

ပါးစပ်မှ လွတ်ခနဲ ထွက်သွားသည်အထိ ခံစားမှုများ ပြင်းထန်ထွန်တဲလာသည်။

ခရမ်းပြာစာပေမှ ရွှေးသွားသော ပါဆယ်ထုပ်၊ *V.P.P* ငွေများကိုချက်ချင်း ငွေမသွင်းဘဲ အိမ်ယူသွားမိသည့် သူ့အမှားကိုလည်းနောင်တ ရမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှုံးပိုက်ဆံ မလုပ်နဲ့' ဟု တဖွဖွ ပြောနေသည့်ကြားထဲက ဖဲရိုက်ပစ်လိုက်သော သူ့မိန်းမကို ဖိဖိစီးစီး တားဖို့ ကောင်းသည်ကိုတော့ သူ မစဉ်းစားမိပေ။

စာတိုက် စာရေးဘဝမှ ကြုံရာကျပန်း အလုပ်သမား ဖြစ်သွားရသည်ကိုတော့ သူ နာကြည်း ဒေါသဖြစ်ရသည်။ သူ့တစ်သက်တာတွင် တစ်ခါမျှ မမျှော်မှန်းဖူးသော ဘဝသို့ ရောက်နေရတဲ့ အဖြစ်ကို တွေးမိတိုင်း ဝမ်းနည်းလှသည်။ တောက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်လိုက်မည် ပြုပြီးမှ ဘာရယ် မသိ ဟင်းခနဲ သက်ပြင်းသာ ချမိလေသည်။

တော်ပြီ ဒါတွေ မေ့တော့၊ အိမ်ရောက်တာနဲ့ ရေချိုး၊ ထမင်းစားပြီး အိပ်လိုက်တော့မယ်။ သမီးကြီးကိုတော့ မအိပ်ခင် နှင်းခိုင်းရဦးမယ် ဟု တစ်ဆက်တည်း တွေးနေမိပြန်လေသည်။

'ဟေ့ လူကြီး ဘယ်လို ဖြစ်လာတာတုံး'

ရပ်ကွက်ထဲက လူတစ်ယောက်၏ နှုတ်ဆက်သံကြားမှ သူ့အတွေးများ ပြတ်တောက်သွားသည်။ ကလောင်ကိုင်ခဲ့သော သူ့လက်ချောင်းလေးများကို အမှတ်တမဲ့ ကြည့်ပြီး . . .

'ရေနံသုတ်ပြီး ပြန်လာတာ' ဟု ပြန်ပြောရမှာကို ဝန်လေးနှုတ်နှေးနေပြန်သည်။ သူ့ဘဝကို အဖတ်ဆယ် မရတော့သော ဘဝလို့ ထင်လာပြန်သည်။

'မလုပ်ဘူးဟေ့ မလုပ်ဘူးကွ၊ ဒီလို ပင်ပန်းတဲ့ အလုပ်မျိုး ချီးမှ မလုပ်ဘူး'

စိတ်ကူး ဒေါသများ ရင်ထဲမှာ ဝဲလှည့်နေသည်။ ဒီမိန်းမကိုပဲ ဖဲမရိုက်အောင် ပြောရမယ်၊ ဖဲရိုက်ရင် ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်မယ်ဟုလည်း စိတ်ကူးထဲတွင် ပေါက်ကွဲနေသည်။ ဒီနေ့တော့ မမူးဘဲနဲ့ ကြမ်းပြလိုက်ဦးမယ်ဟု ဆုံးဖြတ်လိုက်သောအခါ သူ့အိမ်ရှေ့သို့ ရောက်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် ဆေးလိပ်ကို ထောင်းထအောင် ဖွာနေသော သူ့မိန်းမကို မြင်သောအခါ ချီထားသော ရင်သည် နိမ့်ကျသွားသည်။ နှုတ်ခမ်းကို ကိုက်ထားရာမှ ဖြေလျှော့ချလိုက်သည်။ ဆုပ်ထားသော လက်သီးကို ဖြန့်သည်။

'ဘယ့်နှယ့်လဲ'

မိန်းမဘေးတွင် ဝင်ထိုင်ရင်း အခိပ္ပာယ် မရေရာသော စကားကို ညင်ညင်သာသာ မေးလိုက်သည်။

'ဘာ ဘယ့်နှယ့်လဲ၊ ဒီနေ့ဝိုင်းကို မသွားရသေးဘူး၊ ရှင့်အလာ စောင့်နေတာ'

သူက ထိုစကားကို မသိကျိုးကျွန် နေမည်ဟု စိတ်ကူးသော်လည်း သူ့လက်က ခါးပုံစထဲ လိပ်ထည့်ထားသော ၁၅ ကျပ်တန်တစ်ရွက်နှင့် ၁၀ တန် တစ်ရွက်ကို စမ်းကိုင်မိသည်။ ၁၅ ကျပ်တန်လေးသည် သူ့မိန်းမလက်ထဲ ရှောရှောရှူရှူပင် ရောက်ရှိသွားလေသည်။

'ဒါပဲလား. . . ဒါလောက်နဲ့ကတော့ ဘေးက ပွတ်ရုံ ရှိမှာ'

သူ ပင်ပင်ပန်းပန်း ရှာလာသော ပိုက်ဆံကို ဖဲရိုက်ပစ်သော မိန်းမက 'ဒါပဲလား' ဆိုသော ဝေါဟာရ ထွက်ပြူလာသေးသည်ကို တော့ သူလုံးဝ မကျေနပ်။ 'တွီ' ခနဲ တံတွေးကို ထွက်ထွေးပြီး ရွံ့ရှာတဲ့ အပြုအမူမျိုး ပြလိုက်ဖို့ ပြင်ဆင်လိုက်သော်လည်း . . .

'ဒါ ဘာလုပ်တာလဲ' ဟုပြောပြီး ခပ်စူးစူး ကြည့်လိုက်မှာကို စိုးထိတ်လန့်ပြီး သူ့အစီအစဉ်ကို ဖျက်ဆီးပစ်လိုက်ရလေသည်။

၁

'မိန်းမက ဝယ်မယ့်သူ ရှိတယ်၊ ရောင်းလိုက်ရအောင်နော် . . . နော်ကို'

'ဒါဆို တို့က ဘယ်သွားနေရမှာလဲ'

'အို. . ကိုကလည်း ငှားမှာပေါ့၊ ဟော ဝယ်မယ့်သူက နှစ်ရှည်နဲ့ ပြန်ငှားထားတော့ ရှစ်ထောင်ကို ပေးစရာ ရှိတာပေါ့၊ နှစ်သောင်းက ကျန်သေး ကိုလည်း မပင်ပန်းတော့ဘူးပေါ့ ကိုရယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ ခဏမျှ တွေသွားသည်။ အသားမာ တက်နေသော သူ့လက်ဖဝါး ပြင်ကို စိတ်မကောင်းစွာ ကြည့်မိသော်လည်း အိမ်ကလေးကိုတော့ ရောင်းလိုက်ရမှာ နှမြောနေသည်။

သူ စာတိုက်ဝင်းထဲ အိမ်ငယ်လေးတွင် နေနေရာမှ (ဒီမိန်းမနဲ့ အကြောင်း မပါခင်) မြို့လေးကို ချဲ့ထွင်၍ အစိုးရ အမှုထမ်းများကို မြေကွက်များ ဝေခြမ်းပေးတော့ ရလိုက်သော မြေလေး၊ ကားလမ်းကျ၍ အကွက်အကွင်း ကောင်းလှသည့်အပြင် မာလကာပင်၊ သရက်ပင်လေး တွေနဲ့ သာသာယာယာ စိုစိုပြည်ပြည်ရှိပြီး အိမ်ကလည်း သက်ကယ်မိုး ထရံကာပေမယ့် သပ်သပ်ရပ်ရပ် ရှိတာမို့ သူ့အိမ်လေးကိုတော့ သူ မြတ်နိုးတွယ်တာလှသည်။ သို့သော်လည်း

ကို စဉ်းစားကြည့်လေ - တို့ ကို့ကို သနားလို့ပါ . . . တို့ ကို့ကို ချစ်လွန်းလို့ စိစဉ်မိတာပါ တို့ . . .

ဩော် . . . ကိုရယ် ကိုကလည်း စသည် စသည်တို့က သူ့နားထဲမှာ ပျားရည်မြစ်လေး စီးဆင်းသွားသလို ချိုမြနေပြီး သူ့ရင်မှာလည်း တုန်ခါ နေကာ လက်မှာ ကြက်သီးမွေးညင်းလေးများက ထလျက် ကြည်နူးနေ ပြန်လေသည်။

'မင့် သဘောပဲလား'

'ကောင်းပါတယ်' လား၊ သူ တစ်ခုခုတော့ ပြောလိုက်ပေသည်။

○

'ဖဲရိုက်တာနဲ့ ပိုက်ဆံကုန်လိမ့်မယ်၊ အိုးပျောက် အိမ်ပျောက် စားစရာ မရှိ ဖြစ်မယ်'

'အို . . . ကျုပ်ဖဲရိုက်တာ ဘာမှ ပြောစရာ မလိုဘူး၊ ကုန်တော့ ဘာဖြစ်လဲ၊ ကျုပ်ပိုက်ဆံနဲ့ ကျုပ်ကုန်တာ'

'ဘာ ဘာပြောတယ်၊ မင်းပိုက်ဆံနဲ့ မင်း ဟုတ်လား၊ ကွာ အိမ်ရောင်းတဲ့ ပိုက်ဆံ ငါနဲ့ မဆိုင်တော့ဘူးလား၊ တောက် မင်း လူပါး မဝနဲ့'

www.burmeseclassic.com

www.burmeseclassic.com



သူ မတုံ့ပြန်စဖူး တုံ့ပြန်လိုက်သောအခါ သူ့မိန်းမ တအံ့တဩ ဖြစ်သွားသည်။ နင်လုံး ငါလုံးမှသည် ဆဲရေးတိုင်းထွာ ပေးစားသံများ တိန်းညံသွားသည်။

ကလေးများကလည်း တငိုငို တရီရီနှင့်။ သူ့ဒေါသက ထိန်းချုပ်၍ မရနိုင်တော့။ အဆုံးစွန်ဆုံး ပေါက်ကွဲပစ်လိုက်သည်။

'မင်းနဲ့ ကွဲမယ်ကွ'

စူးရှစွာ အော်ဟစ်လိုက်သော သူ့ အသံကို သူ့ မိန်းမ၏ ဆောင်ရယ်သံက ဖရိုဖရဲ လွှမ်းမိုးသွားသည်။

'သိပ်ကွဲတာပေါ့၊ အချိန် မရွေးဘဲ၊ ပိုက်ဆံတော့ ရလိမ့်မယ် မထင်နဲ့၊ ဝေးသေး'

သူ့မိန်းမ၏ မဲ့ရွဲ့ ပြောဆိုပုံ၊ မထီတထီ ကြည့်နေသော မျက်လုံးနှင့် ဟင်း ဟင်း ဟင်း ဟင်း အသံတို့က သူကြည့်ရင်း စက်ဆုပ်လာသည်။ ရွံရှာ မုန်းတီးစွာဖြင့် တံတွေးကို 'ထွီ' ခနဲ ထွေးပစ်လိုက်ပြီး ဒီမိန်းမ မျက်နှာကို မကြည့်ချင်တော့သည်နှင့် သူ အိမ်ရှေ့ ထွက်သွားလိုက်သောအခါ ဝိုင်းကြည့်နေကြသော အရပ်ထဲက လူများကို တွေ့ရသည်။ မထူးဆန်းသော ရန်ပွဲဖြစ်ပေမယ့် ဝိုင်းအုံကြည့်တတ်သော စရိုက်ရှင် အရပ်ထဲက လူများ၏ မျက်နှာများကို သူ ရင်ဆိုင်ရမှာ ရွံ့လာသည်။ ရှက်စိတ်များဖြင့် မွန်ထူလာပြီး အားလုံးကို ကျောခိုင်းပစ်လိုက်ချင်သည်။

သူ့အသိများ ပုံမှန်သို့ ဝင်ရောက်လာသောအခါ ကားလမ်းမပေါ် သူ ရောက်နေသည်ကို သတိထားမိသည်။

'တောက်'

သည် တစ်ကြိမ်တော့ သူ ပြင်းပြင်းထန်ထန်ပင် တောက်ခေါက်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

သူ သည်ထမင်းဆိုင်မှာ လုပ်နေရတာကိုတော့ ပျော်သည်။ ထမင်းဆိုင် ပိုင်ရှင် သူ့ အဒေါ်ကလည်း သူ့ကို သနားသည်။ 'မြတ်' ထမင်းဆိုင် ဆိုသည်ကလည်း မန္တလေး ဘူတာကြီး တစ်ဝိုက်တွင် အထင်ကရပင်။ နာမည်ကျော် သီချင်းရေး ဆရာ ဒေါက်တာ စိုင်းခမ်းလိတ်နှင့် ဆရာဝန် အများစု၏ ဖောက်သည်ဆိုင်လည်း ဖြစ်သလို ရထားစီး ခရီးသည်တို့၏ နားခိုရာဆိုင်လည်း ဖြစ်သည်မို့ ရောင်းအား ဝယ်အား ကောင်းလှသည်။ သူ့မှာလည်း အလုပ်နဲ့လက် မပြတ်။ နံနက် ၆ နာရီမှစပြီး ထမင်းအိုးကြီး များကို စတင်ချက်သည်မှာ ည ၉ နာရီဆိုင်ပိတ်မှ နားရတော့သည်။ အလုပ်များပြီး ပင်ပန်းလှသော်လည်း သူ့အဒေါ်၏ ဖေးမမှုကြောင့် လုပ်အားခ စို့စို့ပို့ပို့ ရသည်။ ၄-၅ လ ကြာသောအခါ ငွေတစ်ထောင် ကျော် သူ့အဒေါ်ထံတွင် စုမိနေသည်။ သို့သော်လည်း သူ မပျော်တော့။

မိန်းမကို သတိရသည်။ ကလေးများကို သတိရသည်။ အိပ်ရာ ထက်တွင် ဆေးလိပ်တဖွာထောင်းထောင်း ဖွာပြီး တွေးသည်။ အရက်ကို မူးအောင်သောက်ပြီး ငိုသည်။ ထမင်းချက်ရင်း မိန်းမနှင့်ကလေးများ အကြောင်း တွေး၍ ပျော့ပြသွားသည်မှာလည်း အကြိမ်ကြိမ်။ သူ ဆုံးဖြတ်ချက် ချလိုက်ပြန်သည်။

'ဒီမှာ အဆင်ပြေနေတာပဲ၊ ဟိုကျ အလုပ်လည်း ရှိတာ မဟုတ်၊ မင်းမိန်းမနဲ့က တကျက်ကျက်၊ ဒီကနေပဲ ငွေလေး ဘာလေး ပို့ပါတော့ လား'

'မင်း စုထားတာလေးတွေနဲ့ ပြန်သွား၊ ဟော ဟိုကျတော့ မင်းမိန်းမ က ဖဲရိုက်ပစ်ရော၊ မင်းတော့ ဒုက္ခရောက်ဦးမှာပဲ'

'အလကား . . . ပြန်လို့ကွာ၊ မင်းကလေးတွေဆီပဲ ငွေမှန်မှန်ပို့ပြီး ဒီမှာ လုပ်စားစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



သူ့အဒေါ်၊ သူ့ဦးလေးနှင့် ဆိုင်အလုပ်သမား တချို့က ပြောသော်လည်း သူ နားမဝင်တော့။ မိန်းမနှင့် ကလေးများ မျက်နှာကိုသာ မြင်ယောင်နေသည်။

'ဖဲရိုက်တာ၊ အပြောအဆို မိုက်မဲတာက လွဲရင် ငါ့မိန်းမက တော်ပါတယ်' ဟု သူ ဖွဖွတွေးသည်။ သို့နှင့်ပင် မိန်းမနှင့် ကလေးများဆီသို့ သူ ပြန်ဖြစ်သွားလေသည်။

[ ၇ ]

'ဘာ ငါနဲ့ မပေါင်းနိုင်တော့ဘူး ဟုတ်လား၊ သြော-ငါ့ ချွေးနဲ့စာ လေးလည်း ကုန်ရော မင်းသောက်ပါးစပ်က ဒီစကားပြောတာပေါ့လေ၊ မင်း. . . ဟိုဗေဒင်ဆရာနဲ့ အလေလိုက်ချင်တိုင်း'

သူ့ စကား မဆုံးမီမှာပင် သူ့မိန်းမဆီမှ ဆဲရေးတိုင်းထွာ ပေးစားသော ညစ်လုံးများ ထွေးရော ပြုကျလာသည်။ သနပ်ခါးတုံးများ၊ ရေခွက်များ၊ ပုလင်းဟောင်းများ ဝါးကြမ်းခင်းလေးပေါ် ကြဲပြန့်သွားသည်။

'မင်း. . . စဉ်းစားပါဦးကွာ။ ကလေးတွေ မျက်နှာ ကြည့်ပါဦး'

'မကြည့်နိုင်ဘူး၊ ရှင် မန္တလေး သွားနေတုန်း ကျုပ်ပဲ ကျွေးမွေး ကြည့်ထားရတာ'

သူ အိမ်ရောင်းပြီးစ ကျန်ရစ်သော ပိုက်ဆံများကို မေးမည်ပြုပြီးမှ မမေးဖြစ်တော့။

'သမီးတွေလည်း အရွယ် ရောက်နေပြီကွ၊ အမေ အုပ်ထိန်းမှ ကောင်း. . .'

'တော် တော် . . . ရှင်ဘာမှ ပလီစီချောက်ချက် လျှောက်ပြော မနေနဲ့၊ ကွဲပေးမလား ကွဲမပေးဘူးလား ပြော၊ ဟင်း ကလေးတွေလည်း ရှင်ဘာသာ ရှင်ထိန်း၊ -ဒ ဖြစ်သွားတော့လည်း အေးတာပဲ'

www.burmeseclassic.com



'မင်း . . . မင်း'

သူ့အသံသည် တုန်ခါနေသည်။ ဘာစကားမှ ပီပီသသ ထွက်မလာတော့။ ရက်ရက်စက်စက် ပြောထွက်ရက်သော သူ့မိန်းမ ကိုလည်း နာကြည်းသည်ထက် နာကြည်းလာသည်။ သူ့မိန်းမကို ထရိုက်ပစ်လိုက်ချင်သော်လည်း သူ့စိတ်ကို ရပ်က မမီ၊ သူ့မိန်းမ၏ မျက်လုံး စူးရဲရဲကို ရင်မဆိုင်ရဲတာလည်း ပါပေသည်။

'မနက်ဖြန် ရပ်ကွက်ကောင်စီရုံးမှာ လက်မှတ်ထိုးဖို့ လာခဲ့ပါ၊ စာချုပ်တွေ ကျုပ်ဘာသာ လုပ်လာမယ်၊ ရှင့် ဂဂျီဂကျောင် မလုပ်နဲ့'

ပြောပြောဆိုဆို ကြမ်းပြင်ကို ဆောင့်အောင့်နင်းပြီး ထွက်သွားသော အခါ အိမ်လေး တုန်ခါသွားသည်။ သူ့ရင်မှာလည်း တုန်ခါနေသည်။ သူ သက်ပြင်း ချသည်။ ခေါင်းကို ယမ်းသည်။ မျက်ဝန်းထောင့်စွန်းသို့ ခိုဝင်လာသော မျက်ရည်စက်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်း မသွားရန် စိတ်ကို ထိန်းသည်။ အိမ်တိုင်ထောင့်မှာ ကွေးကွေးလေး ငြိမ်နေကြ သော မျက်လုံးလေးတွေ ကလည် ကလည်နှင့် ကလေး ၆ ယောက်ကို ကြည့်မိတော့ သူ ထိန်းသိမ်းထားသော မျက်ရည်စက်များက ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာလေသည်။

၁

လေးနှစ်အရွယ် သူ့သားငယ်လေးက ထန်းခေါက်ဖာထဲမှ အဝတ်များကို ဆွဲဖွနေသည်။ တတိယသမီးနှင့် အောက်ကလေးများက သူတို့၏ အကောင်းဆုံး၊ အတောက်ပဆုံး အဝတ်များကို ဝတ်ထားကြသည်။ သမီးကြီးနှင့် သမီးလတ်ကိုတော့ မတွေ့။ အိမ်ရှေ့ရေကပြင်ရှိ စဉ့်အိုးထဲမှ ရေတစ်ခွက် ခပ်ပြီး ထုံးသရိုးများနှင့် ပေကျံနေသော ခြေထောက်ကို ဆေးရင်း အဝတ်သစ်များနှင့် ဖြစ်နေသော ကလေး လေးယောက်ကို တအံ့တဩ မေးလိုက်သည်။

'ဟ ဘယ်သွားမလို့တုံး၊ အဝတ်သစ်တွေ ဝတ်လို့'

နို့ညာကောင်က သူ့အမေးကို ပြန်ဖြေလိုက်သော အခါ သူ့

www.burmeseclassic.com

www.burmeseclassic.com



ရင်တစ်ခုလုံး တုန်ခါသွားသည်။ အရှိန်အဟုန် ပြင်းထန်သော အရာဝတ္ထုတစ်ခု သူ့ရင်ကို ထိမှန်ဖောက်ထွက်သွားသလို ခံစားလိုက်ရသည်။ မျက်နှာတွင် ဝေဒနာရိပ်များ ထိုးကျလာသည်။ ပါးပြင်တွင်လည်း နွေးခနဲဖြစ်သွားသည်ကို သတိထားမိသည်။ စိတ်ကို ချုပ်တည်း၍ မရတော့။ မျှော်လင့်ထားသော အကြောင်းခြင်းရာ တစ်ရပ်သည်လည်း ပျက်ပြိုသွားလေသည်။

သူ့ကလေးများကို သူ့အမေနှင့် ပြတ်တောက် သွားစေချင်ပြီ။ ကလေးတို့ သွားရန် ပြင်ဆင်နေသည်ကိုလည်း ဟန့်တားချင်သည်။ ဒါပေမဲ့ ဆာလောင် မွတ်သိပ်သော မျက်နှာလေးများနှင့် ချည့်နဲ့ နေသော သူ့ကလေးများအတွက် ခွင့်ပြုလိုက်ရ ကောင်းမလားဟုလည်း ဇဝေဇဝါ ဖြစ်သွားပြန်သည်။ နားထဲမှာတော့ နို့ညှာကောင်၏ စကားသံ သာ ထည့်ပတ် စီးမွှေနေလေသည်။

"ဒီညနေ အမေနဲ့ ဗေဒင်ဆရာကြီး မင်္ဂလာဆောင်မှာ၊ လက်ဖက်ရည်နဲ့ မုန့်တွေပ် ကျွေးမှာတဲ့ဗျ၊ အဲဒါ ကျွန်တော်တို့ သွားစားမလို့"။

*၁၉၈၈၊ ဒီဇင်ဘာ၊ မဟေသီမဂ္ဂဇင်း။*

●

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆာစီစာကုံးငြေးများ

## ဂွမ်း



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ဟိုး ရှမ်းပြည်နယ် အရှေ့ဖျားကနေ မိမိ၏ မွေးရပ်မြေ မြို့လေးက အထက်တန်းကျောင်းကို ပြောင်းရွှေ့လာရတော့ အမေ့အိမ်မှာ နှစ်အတန်ကြာ ပိတ်ဆည်းထားခဲ့သော စာအုပ်သေတ္တာလေးကို သတိတရ ဖွင့်ဖြစ်သည်။

ဝတ္ထု၊ မဂ္ဂဇင်း၊ စွယ်စုံကျမ်း စာအုပ်များကြားမှာ ဗလာစာအုပ် ၄၊ ၅ အုပ်ကို တွေ့ရသည်။ မိမိငယ်စဉ် မူလတန်းကျောင်းသားဘဝ နှင့် အလယ်တန်းကျောင်းသားဘဝက လေ့ကျင့်ခန်း စာအုပ်လေးတွေပဲ ဖြစ်သည်။

စာအုပ်လေးတွေထဲက အနီရောင် အဖုံးနှင့် စာအုပ်လေးကို ဆွဲထုတ်လိုက်သည်။ ဝါကြန့်စ စာရွက်များကို လှန်လှော ကြည့်တော့ ခဲရောင်က ဖျော့ဝါးနေပြီ။ ဒါပေမဲ့ စူးစူးစိုက်စိုက် ဖတ်ကြည့် ဖြစ်လေသည်။

**ကျွန်ုပ်တို့၏ မြို့**

ကျွန်ုပ်တို့၏ မြို့သည် ရွှေညောင်မြို့ ဖြစ်ပါသည်။ ရွှေညောင်မြို့တွင် ရပ်ကွက် ၆ ရပ်ကွက် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မြို့တွင် ဘူတာရုံ၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း၊ စာတိုက်တို့ ရှိပါသည်။ စစ်တပ်လည်း ရှိပါသည်။

ကျွန်ုပ်တို့မြို့သည် ပျော်စရာကောင်းပါသည်။ ပြီးပြီ။ စာစီစာကုံးလေးက ပီပီ တိုတိုလေး။

လွန်ခဲ့သော နှစ် နှစ်ဆယ်ခန့် ၃ တန်း ကျောင်းသားဘဝတုန်းက စာစီစာကုံးလေး။ အဖွဲ့အနွဲ့ မပါ။ သိသလောက်ကိုသာ ရေးထားသည့် စာစီစာကုံးလေးပင်။ အဲသည်အရွယ်တုန်းကတော့ မိမိ ခက်ခက်ခဲခဲ ရေးခဲ့ရမည် ထင်သည်။

နောက်ထပ် စာအုပ်တစ်အုပ်ကို ဆွဲထုတ်ပြီး ဖတ်သည်။

## ကျွန်ုပ်တို့၏ မြို့

ရှမ်းပြည်နယ်တောင်ပိုင်း၏ မြို့တော်သည် တောင်ကြီးမြို့ ဖြစ်သည်။ တောင်ကြီးမြို့နှင့် ၁၂ မိုင် အကွာတွင် ရွှေညောင်မြို့လေး ရှိသည်။ ရွှေညောင်မြို့သည် ကျွန်ုပ်တို့၏ မြို့ပင် ဖြစ်သည်။ ကျွန်ုပ်တို့မြို့တွင် ရပ်ကွက်ပေါင်း ၈ ရပ်ကွက် ရှိသည်။ အောင်ချမ်းသာ၊ မနေသိဒ္ဓိ၊ စိတ္တသုခ၊ မင်္ဂလာ၊ ရွှေဘုံသာ၊ အေးရိပ်သာ၊ ရတနာကွက်သစ်၊ ရွှေပဟိုရ် ကွက်သစ်တို့ ဖြစ်ပါသည်။

ကျွန်ုပ်တို့မြို့တွင် ရှမ်း၊ မြန်မာ တိုင်းရင်းသားများ အများဆုံး နေထိုင်ကြသည်။

ကျွန်ုပ်တို့မြို့တွင် ရေနံရုံး၊ စာတိုက်၊ ဘူတာ၊ ရုပ်ရှင်ရုံ၊ မွေးမြူရေးခြံ၊ အထက်တန်းကျောင်း၊ မူလတန်းကျောင်းများနှင့် အခြား ရုံးများစွာ ရှိပါသည်။

မြို့အထွက်တွင် ထောက်ပံ့ရေးတပ်၊ ခြေလျင်တပ်နှင့် ကုန်းလမ်း ပို့ဆောင်ရေးဌာနတို့ ရှိသည်။ မြို့၏ အစည်ကားဆုံးအပိုင်းမှာ ဘူတာနှင့် နီးသော၊ ရုပ်ရှင်ရုံလည်း ရှိသော အောင်ချမ်းသာရပ်ကွက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာတစ်မျက်နှာကျော် ရေးထားသည့် စာစီစာကုံးလေးပါပဲ။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ၈ တန်းကျောင်းသားလေးရဲ့ အတွေးနုနုလေးပင်။ စာစီစာကုံးလေးတွေ ဖတ်ပြီးတော့ မိမိရင်ထဲ ကြည်ကြည်နူးနူး ဖြစ်သည်။ ပြန်တွေးကြည့်တော့ ငယ်ဘဝဆိုတာ ပြန်ရဖို့ မဖြစ်နိုင်တဲ့ အပျော်လေးတွေပဲလေ။

သည်နေ့ ကျောင်းကို ထွက်လာတော့ 'ကျွန်ုပ်တို့၏မြို့' စာစီစာကုံးလေးက ရင်ထဲမှာ စွဲငြိနေဆဲ ဖြစ်သည်။ ၁၀ တန်းအခန်းကို ဝင်ရတော့ မိဖုရားဖွားစော ကျောက်စာ သင်အပြီးမှာ 'ကျွန်ုပ်တို့၏မြို့' ခေါင်းစဉ်ဖြင့် စာစီစာကုံးတစ်ပုဒ် အိမ်စာ ရေးခိုင်းဖြစ်လေသည်။

ဆရာများ နားနေခန်းမှာ မနားနိုင်သေးဘဲ ကလေးတွေ ထပ်ထားသော စာစီစာကုံး စာအုပ်များကို စစ်ဖို့ ပြင်ဆင်သည်။ သတ်ပုံ သတ်ညွှန်း၊ လက်ရေး လက်သားက အစ ဂရုတစိုက်ရှိပြီး စာလည်း ကြိုးစားသည့် မောင်ဗဟိန်းလေး၏ စာအုပ်ကို ရွေးပြီး စဖတ်သည်။

## ကျွန်ုပ်တို့၏ မြို့

မြန်မာပြည်တွင် ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိသည်။ ပြည်နယ် ၇ ခုထဲတွင် ရှမ်းပြည်နယ်လည်း ပါဝင်လေသည်။ ရှမ်းပြည်နယ်ထဲတွင် မြို့ပေါင်းများစွာ ရှိသည့်အနက် မြို့တော် တောင်ကြီး၏ အခြေတွင်ရှိ ရွှေညောင်မြို့လေးသည် ကျွန်ုပ်တို့၏ မြို့ဖြစ်သည်။ ရွှေညောင်မြို့ကို နယ်မြေ ၁၂ ခုဖြင့် ပိုင်းခြားထားပါသည်။ မြို့လယ်ပိုင်းသည် နယ်မြေ ၇ ဖြစ်ပြီး ယခင်က အောင်ချမ်းသာ ရပ်ကွက်ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေညောင်မြို့တွင် အစိုးရဌာန များစွာ ရှိသည်။ ဘူတာ၊ စာတိုက်၊ ...ာက်ပုံရေးတပ်၊ ခြေလျင်တပ်များ အပါအဝင် ဌာနများစွာ ရှိ၍ စည်ကားလှပါသည်။

မြို့လယ်ပိုင်းသည် တိုက်တာများ၊ ရွှေဆိုင်၊ တည်းခိုခန်း၊ စတိုးဆိုင်ကြီးများ၊ စားသောက်ဆိုင်ကြီးများ၊ တေးသံသွင်းဆိုင်များ၊ အလှပြင်ဆိုင်များ၊ ဗွီဒီယိုရုံများဖြင့် စည်ကား ခမ်းနားပါသည်။ နံနက်ခင်းတွင် ...ဝင် သာယာ ဈေးကြီးကဲ့သို့ပင် အစုံအလင် ဝယ်၍ ရသော ...ာလေး တစ်ခု ရှိသည်။ ထိုဈေးလေးကို တရုတ်တန်းဈေးဟု ...သည်။

...လေး၏ ပိုင်းစက် ညီညာသည့် လက်ရေးနှင့် လိုက်ဖက်စွာ ... အရေးကလေးသည် သစ်သစ်လွင်လွင် ရှိသည်။ ဒါပေမဲ့ ...တုံးလေးကို မိမိ ဆုံးအောင် ဆက်မဖတ်နိုင်တော့။ လက်မှာ ...သီးလေးတွေ ထပြီး နှလုံး ဒိတ်ဒိတ် ခုန်နေလေသည်။

...သင် ဆရာလည်း ဖြစ်၊ သမိုင်းသင် ဆရာလည်း ဖြစ်သော ...တာဝန်တွေ အများကြီး ရှိနေပြီလေ။

*၁၉၈၈ ဩဂုတ်၊ ရုပ်ရှင်အောင်လံ မဂ္ဂဇင်း*

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုလို ရင်းနှီးခင်မင်ရသော ကိုညိုထွန်းလူက ဖတ်ပြီး တစ်ခုခု ပြောပါဦးဆိုပြီး ပေးလိုက်သည့် 'မနေသာ'ဆိုတဲ့ ဝတ္ထု စာမူကြမ်းလေးကို ဖတ်ပြီးတော့ ရင်ထဲမှာ ထိထိခိုက်ခိုက် ခံစားရသည်။

ကိုညိုထွန်းလူက မြို့ တက်ပြီး ဟင်းရွက်၊ ကန်စွန်း ထွက်ရောင်းသည့် ကုန်စိမ်းသည်ကြီးရဲ့ ဈေးရောင်းရငွေ နှစ်ကျပ်ခွဲလေးကို လူတစ်ယောက်က လုယက်သည့် ကိစ္စကို ရေးဖွဲ့ထားသည်။ လတ်တလော အခြေအနေမှာ ဒါတွေဟာ တကယ်ပဲ ဖြစ်နေပြီလား။ ကိုညိုထွန်းလူကတော့ သူ့သူငယ်ချင်း ကျောင်းဆရာ ပြောပြတဲ့ တကယ့် အဖြစ်အပျက်ဟု ဆိုသည်။ သည်လို အဖြစ်အပျက်တွေ အများကြီးပဲတဲ့။

ကျွန်တော်ကတော့ ဖတ်ဖူး၊ ကြားဖူးတာနှင့်ပင် နင့်နင့်နဲနဲ နားလည်ခံစားရသည်။ ကိုယ်တိုင်မြင်တွေ့ရလျှင်၊ ကြုံရလျှင် ဘယ်လို နေမည် မသိ၊ စိတ်မကောင်းခြင်း များစွာနှင့် မွန်းကျပ်သွားမည် ထင်သည်။ အခုကိုပင် ရင်ထဲက နောက်ကျိကျိ ဖြစ်နေသည်။ စိတ်အာရုံကို အခြားတစ်ဖက်သို့ လွှဲပြောင်းလိုက်ချင်သည်။ ဦးတည်ရာမဲ့ လွင့်မြောပစ်လိုက်လျှင် ကောင်းမည်။ စီးကရက် တစ်လိပ်လောက်

www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ရလျှင် အာရုံကို ဟိုဟိုသည်သည် ရက်ဖောက်နိုင်မည်။ ဝေ့ဝါးသွားသော စီးကရက် မီးခိုးမျှင်လေးလိုပဲ ဖြစ်ဖြစ် အတွေးများ မျောချင်ရာ မျောစေလေ။

ဆေးထိုးအပ်၊ ပြွန်များ ပြုတ်ရာ လျှပ်စစ်မီးဖိုလေးဘေးက စီးကရက်ဘူးကို ထိုင်ရာမထ လှမ်းဆွဲတော့ ဘူးထဲမှာ စီးကရက် တစ်လိပ်ပင် ကပ်ကပ်ရပ်ရပ် မရှိတော့။ ဘူးခွံကို လုံးခြေပြီး အပြင်ကို ပစ်ပေါက်ဖို့ လက်အရွယ်မှာ အမြင်လမ်းကြောင်းထဲ လူနှစ်ယောက် ဝင်လာသည်။ ထိုလူ နှစ်ယောက်မှာ ဆန့်ကျင်ဘက်နှစ်ခု ယှဉ်တွဲ လာသလို ဖြစ်နေသည်။ တစ်ယောက်က အဝတ်အစား အဆင်အပြင် သန့်သန့်၊ တစ်ယောက်က ညစ်ညစ်ထေးထေး နွမ်းနွမ်း ရော်ရော်။ အဆင်အပြင် သန့်သန့်နှင့် လူက စက်ဘီးတစ်စီးကို တွန်းလာသည်။ သူတို့ နှစ်ယောက် ကျွန်တော့် ဆေးခန်းဝသို့ ရောက်လာလေသည်။

စက်ဘီးတွန်းလာသူက စက်ဘီးကို ဒေါက်ထောက်ပြီး ဆေးခန်းထဲ ဦးဆောင်ဝင်လာသည်။ လူနာဟူသော အသိဖြင့် ကျွန်တော် ထိုင်ရာမှ ဆတ်ခနဲ ထပြီး အပြုံးတစ်စ ခပ်ဟဟ ပြုသည်။

'ကျွန်တော့် စက်ဘီးနဲ့ တိုက်မိလို့ ဆရာ'

လူရည်သန့်သန့် ပုဂ္ဂိုလ်က ပြောတော့ လွန်ခဲ့သော နှစ်တွေက ခေတ်စားခဲ့သည့် ကင်ဂိုရှပ် (အရောင် ခန့်မှန်းမရတော့) ဝတ်ထားသူက သူ့ညာဘက်ခြေထောက်ကို အားတုံ့အားနာ အမူအရာဖြင့် ထိုးပေးသည်။ ခြောက်သွေ့စ ထုံးသရိုးတို့ဖြင့် ပေကျံနေသော ထိုသူ့ ခြေမထိပ်မှာ ကွဲပဲ့နေပြီး သွေးများက တစိမ့်စိမ့် ထွက်နေသည်။ နောက်မြီးပါဒ် ရော်ဘာ ဖိနပ်မှာပင် သွေးက စိုစွတ်စွတ် ရှိသည်။ အသေအချာကြည့် တော့ ဒဏ်ရာက မပြင်းထန်လှ၊ ဆေးလိမ်းပြီး အနာ မပြည်းအောင် ဆေးထိုးပေးလိုက်လျှင် ပျောက်ကင်းလောက်သည်ဟု ခန့်မှန်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . ကဲ၊ ခုတင်ပေါ်တက်'

ခိုက်မိသူက ခုတင်ပေါ်ကို အဖေးအမ မလိုဘဲ တက်သည်။ ကျွန်တော်က အနာကို ဂွမ်းစဖြင့် ဖွဖွပွတ်ပြီး သွေးများကို သန့်စင်သည်။

'ဆရာ ကျွန်တော် ဘာဆက်လုပ်ပေးရဦးမလဲ'

'လုပ်ပါ။ ခင်ဗျားလည်း ဖြစ်စေချင်တာပြောပါ၊ ဘယ်သူမှားမှား မှန်မှန် ကျွန်တော့်စက်ဘီးနဲ့ တိုက်မိမှတော့ ကျွန်တော့်တာဝန်ပဲလေ'

စက်ဘီးရှင်က ကျွန်တော့်ကို ပြောရာမှ တစ်ဆက်တည်းပဲ ခိုက်မိသူကို လှည့်ပြောသည်။

'ရပါတယ် အစ်ကို၊ အစ်ကို ပြန်ချင်ပြန်ပါ၊ ဆရာ့အတွက် ဆေးဖိုးနဲ့ ကျွန်တော်. . .'

ခြေထောက် ခိုက်မိသူရဲ့ စကား မဆုံးခင်မှာပင် စက်ဘီးရှင်က လက်ကာပြပြီး အိတ်ကပ်ထဲမှ ပိုက်ဆံဆွဲထုတ်သည်။ ပြီးတော့ အနာကို ဆေးထည့်၊ ပလာစတာ ကပ်ပေးနေသော ကျွန်တော့်ကို ကျသင့်ငွေ မေးသည်။ ဆေးထိုးရမှာနှင့် သောက်ဆေးပေးရမှာကို စောစောကတည်းက တွက်ဆပြီးသားမို့ ကျသင့်ငွေကို တွေးတွက်မနေဘဲ ပြောပြသည်။

သူက ဆေးဖိုး ကျသင့်ငွေကို ပေးပြီးတော့ ခိုက်မိသူကို ၁၀ တန် တစ်ရွက်ပေးရင်း ဘယ်လိုမှ စိတ်မရှိနဲ့နော်ဟုလည်း ထည့်ပြောသည်။

'ကျွန်တော့်ကို ခွင့်ပြုပါ၊ ကျွန်တော် ကိစ္စတစ်ခု အရေးတကြီး သွားစရာ ရှိနေလို့ပါ'

ကျွန်တော် မဖြေခင်မှာဘဲ ခိုက်မိသူက 'ရတယ် အစ်ကို၊ အစ်ကို သွားစရာရှိတာသာ သွားပါ' ဟု အလျင်အမြန် ဖြတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးရှင် ခပ်လှမ်းလှမ်း ရောက်သွားတော့ ခိုက်မိသူက ဆေးထိုးခံဖို့ လှဲနေရာမှ ထ,ထိုင်သည်။

'ဆရာ ကျွန်တော့်ကို ဆေးမထိုးပါနဲ့ ဆရာ၊ စောစောက အစ်ကို ပေးသွားတဲ့ ဆေးဖိုး ကျွန်တော့်ကို ပေးပါ'

ကျွန်တော် တအံ့တဩ ဖြစ်သွားသည်။ ပရိုကိန်းကို မိုးရေနှင့်စပ်ပြီး လုပ်နေရာမှ ထိုလူ့ကို နားမလည်သလို ကြည့်မိသည်။

'ဘာဖြစ်လို့လဲ'

ကျွန်တော့် အမေးကို သူ တော်တော်နှင့် မဖြေ။ ပလာစတာ တပ်ထားသော သူ့အနာကိုသာ ငုံ့ကြည့်နေသည်။ နောက်မှ ခေါင်းကို ဆတ်ခနဲ မော့ပြီး

'ဒီလို အနာမျိုးကတော့ ဆေးမထိုးလည်း ပျောက်ပါတယ် ဆရာ'

ကျွန်တော် ဒေါသထောင်းခနဲ ထွက်လာသည်။ ဒဏ်ရာငယ်လေး တနေ ပေါ့ပေါ့တန်တန်ကြောင့် ကြီးမား ကျယ်ပြန့်ပြီး ခြေထောက် ဖြတ်တောက် ပစ်ရတာမျိုးတွေ မကြားဖူးဘူးလား။ မေးခိုင်ပိုးတို့လို အသက်အန္တရာယ် ဖြစ်စေတဲ့ အထိ ဆိုးရွားတဲ့ ကိစ္စမျိုးကို ကျွန်တော် ရှင်းပြရမလား။ ကျွန်တော် ခေါင်းကို ခါယမ်းပစ်လိုက်သည်။

ဘာမှ မဟုတ်လောက်တဲ့ အနာလေးကို ဆေးထိုးပေးပြီး ဆေးထိုးခ သူချင်တယ်လို့များ သူ ထင်နေသလားဟု ဖျတ်ခနဲ တွေးမိတော့ ဒေါသစိတ်က ကြွလာပြန်သည်။ လူးလူးလဲလဲ ဖြစ်နေသော ကျွန်တော့် စိတ်ကို ငြိမ်ငြိမ် မွေ့မွေ့ ဖြစ်အောင် လျှော့ဖြေ ရသည်။

'ရတယ်၊ ပိုက်ဆံယူထားလိုက်၊ ဒါပေမဲ့ ခင်ဗျား ဆေးထိုးသွား'

www.burmeseclassic.com

www.burmeseclassic.com



ဇီဝိတဒါနဟု နှလုံးသွင်းလျက် ကျွန်တော် ဆေးထိုးပေးလိုက်သည်။ သောက်ဆေးကိုလည်း ညွှန်းဆိုပြီး ပေးသည်။

ထိုသူက လက်အုပ်ကလေး ချီလျက်

'ကျွန်တော့် အတွက် သာမက ကျွန်တော့် မိသားစု အတွက်ပါ ကန်တော့ပါတယ် ဆရာ'

ဟု ပြောပြီး နှုတ်ဆက် ထွက်သွားတော့ ရင်ထဲမှာ ဆို့နင့်ပြီး လှိုက်မောသွားသည်။

၁

ကုန်စုံဆိုင်နှင့်ကပ်လျက် ကွမ်းယာဆိုင်လေးမှာ စီးကရက် ဝင်ဝယ်တော့ ကျွန်တော်နှင့် နားမစိမ်းသော အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။ ကုန်စုံဆိုင်ထဲမှာ စက်ဘီးတိုက်ခံရသူနှင့် အဖော် တစ်ယောက်။ စက်ဘီး တိုက်ခံရသူက ကြွပ်ကြွပ်အိတ်လေး ကိုင်လျက် ဆန်များ ထည့်ထားသည့် စည်ပိုင်းပြတ်ရှေ့တွင် ရပ်နေသည်။ ဆိုင်ရှင်က ဆန်ခြင် ပေးနေစဉ် သူတို့နှစ်ယောက် ပြောနေသော စကားများကို နား မစွင့်ဘဲ ကြားနေရသည်။

'ဒီနေ့ ဆရာအုန်းက ကိစ္စရှိလို့ဆိုပြီး အိမ် အစောကြီး ပြန်သွား တော့ နေ့တွက်မရှင်းခဲ့ဘူးလေကွာ၊ မင်းသိတဲ့အတိုင်း ဒီနေ့တွက်လေးမှ မရရင် ငါ့မိသားစု ဘာနဲ့ သွားစားမှာလဲ၊ သရိုးနယ်သမားကွာ၊ တစ်နေ့ ရတာ တစ်နေ့ ကုန်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ဘူးဖိုး အအမ်းငွေယူအပြီး ခြေလှမ်းအရွေ့မှာ သူတို့စကားသံက ထက်ကြပ်မကွာ လိုက်လာပြီး ကျွန်တော့်နားစည်မှေးကို သာမက နှလုံးသားကိုပါ ထိုးခွဲပစ်လိုက်သည်။

'ဒါနဲ့ စက်ဘီးလည်း ပွတ်တိုက် သွားရော အနားမှာ ရှိတဲ့ ကျောက်ခဲတုံးကြီးကို ဆောင့်ထိုးကန်လိုက်တော့ ခွေခနဲလဲ၊ သွေးတွေလည်း ထွက်ပေါ့ကွာ၊ မတတ်နိုင်တော့ဘူးလေ၊ လျှပ်တစ်ပြက် ဆုံးဖြတ်လိုက်ရတာပဲ'

*၁၉၈၈၊ ဩဂုတ်လ၊ သာရ မဂ္ဂဇင်း။*

●


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဒါဝင်းမှူးသာ
# ဝဋ်နှာ
# ဦးညိမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြက်ကလေးရဲ့ ခေါင်းကို ကလိုရိုဖောင်း ဆွတ်ထားတဲ့ ဝါဂွမ်းနဲ့ အုပ်လိုက်တော့ ခေါင်းကလေး ဆတ်ခနဲဖြစ်ပြီး တစ်ကိုယ်လုံးလည်း တွန့်တွန့်နဲ့ အကြောဆွဲပြီး ငြိမ်ကျသွားတယ်။

ကြက်ကလေးမှ ၃၅ ကျပ်သား ကောင်လောက်လေး။ အမွေး ဆွတ်ဆွတ်ဖြူနဲ့ အမောက်နီနီလေး ထွက်စ ရှိသေးတယ်။ သနားစရာ လေးပေမယ့် သနားဖို့ ကိုဒေါင်း မစဉ်းစားနိုင်သေးဘူး။ နောက်ထပ် အနီကျားတွေရော၊ အပြာတွေရော အကုန်လုံးကို ကလိုရိုဖောင်းပေး မေ့အောင် လုပ်ရဦးမယ်။ သူ ဒီတက္ကသိုလ်ကြီးကို ရောက်လာစကတော့ ဒီလို ကြက်ကလေးတွေကို ကိုင်ရပြီဆို သိပ်သနားတာပဲ။ ခုတော့ နေ့တဓူဝ လုပ်နေရတာဆိုတော့ ရိုးသွားပြီ။ တက္ကသိုလ်ကြီးရဲ့ ရင်ပြင်မှာ ဖြတ်သန်းသွားကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အရေအတွက် များလာတာနဲ့အမျှ သူ လုပ်ပေးခဲ့ရတဲ့ ကြက်ကလေးတွေ၊ ငါးကလေး တွေ (တစ်ခါတစ်ရံ ပုတ်သင်ညိုတောင် ပါသေး) ရဲ့ အရေအတွက် လည်း များလှပြီလေ။

သားသတ်သမား မဟုတ်ပေမယ့်လည်း သူ မေ့ဆေးပေးလိုက်ရ ကြက် ကလေးတွေ၊ ဘဲကလေးတွေ၊ ဖားကလေးတွေခမျာ ခွဲစိတ်ခံ ကတ်ကြေးတွေရဲ့ အောက်မှာ အသက်ပျောက် သွားရတာပဲ ပညာရှာမှီးဖို့ သူတို့ခမျာ အသက် စွန့်ပေးရတာမို့ မှန်မှန်မြတ်မြတ်

www.burmeseclassic.com



သေသွားရှာတာပါပဲလေ ဆိုပြီး ဖြေတွေးတွေးမိပေမယ့် သူ့အသတ်သတ်ခြင်းကို ကျူးလွန်မိနေပြီ ဆိုပြီး စိတ်မကောင်း ဖြစ်ရတာလည်း ခဏခဏ။

ဒီလို ကြက်တွေ၊ ဘဲတွေ၊ ငါးတွေ၊ ဖားတွေ၊ တီကောင်တွေ၊ ပိုးဟပ်တွေ၊ သန်ကောင်တွေ ခွဲစိတ်ခံနေရလို့လည်း ကိုဒေါင်းတို့ မိသားစုလေး အူစိုရတာလေ၊ ဒါကို သူများ ပြောပြရင်တော့။

'ဟယ်. . . မင်းတို့က ပိုးဟပ်တွေ၊ တီကောင်တွေ၊ သန်ကောင်တွေပါ စားသလား' လို့ ကိုဒေါင်းတို့ မေးခံရဦးမယ်။

အဲဒီကောင်တွေတော့ ကိုဒေါင်းတို့ ဘယ်စားလိမ့်မတုံး။ အဲ . . . ခွဲစိတ်ပြီး ကျန်ခဲ့တဲ့ ကြက်၊ ဘဲ၊ ငါးတွေတော့ စားတာပေါ့။ ကံကောင်းရင် ဝူစွန်တောင် စားရသေးတယ်။

ကျောင်းသားတကာ ကိုင်တွယ်ထားလို့ ပျော့ဖတ်၊ ညိုမည်းနေပေမယ့် ကြော်လိုက်၊ ချက်လိုက်တော့လည်း ဈေးထဲက ဝယ်သလိုပါပဲ၊ မထူးပါဘူး။ ဒီအကောင်လေးတွေကို ဦးစိန်၊ ဦးတင့်၊ ညီထွန်းတို့လို ကိုဒေါင်းနဲ့ အဆင့်တူ ဓာတ်ခွဲခန်း အကူတွေ ခွဲယူရတာလေ။ နောက်တော့ စားဝတ်နေရေး အဆင်မပြေလာကြလို့လား မသိဘူး။ နှာခေါင်းရော၊ သန့်ရှင်းရေး အဖွဲ့ကရော တောင်းလာကြတယ်။ ဟိုတုန်းကဆို အိမ်ပြန်ယူပြီး ပိုလို့တောင် ရောင်းစားရတယ်။ ကိုဒေါင်းတို့ အလုပ်သမား ရပ်ကွက်ကတော့ ဝယ်ကြတာပဲ။ ဈေးထဲက ဈေးနဲ့ ထက်ဝက်တောင် ကွာနေတာ မဟုတ်လား။

ငါးတွေခွဲရင်လည်း ပိုလွန်းလို့ ခွဲခြမ်း၊ အခြောက်လှန်း၊ ဆားသိပ်နဲ့ ငါးခြောက်၊ ငါးပိကောင်လုပ်ပြီး အခါကြီး ရက်ကြီးကျရင် ဆွေမျိုးသားချင်းထဲက လူကြီးသူမတွေ 'ကန်တော့' ဖြစ်သေးတယ်။

ခုတော့ အိမ်စားဖို့လေးကိုပဲ မနည်း လုပ်နေရတာ။ ဘာပဲဖြစ်ဖြစ် ရှာလောက် အမြတ်ပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုဒေါင်းတို့အဖို့ ဟင်းစားရတာအပြင် ဖားခွဲဖို့အတွက် ဖားရှာပေး ရရင် ငွေစလေး ဘာလေး အိတ်ထဲကပ်မိတယ်။ ဖားတစ်ကောင် တစ်ကျပ်ခွဲ ရတာ။ တက္ကသိုလ်နောက်က လယ်ကွင်းပြင်ကြီးကတော့ ကိုဒေါင်း ဖားရှာတဲ့ နယ်မြေပဲ။ ဝက်သတ်ရုံကတော့ သန်ကောင်ရတဲ့ နေရာပေါ့။

အဲ. . . ပိုးဟပ်ကျတော့ တစ်ကောင်ငါးမူး ရပေမယ့် ကိုဒေါင်း မဖမ်းချင်ဘူး။ ပိုးဟပ်ကိုတော့ ရွံ့ကြောက်ကြီး။ နံကလည်း နံသေး။ ဒါကြောင့် တစ်ကောင် ၅ ကျပ်ပေးလည်း ကိုဒေါင်းက မဖမ်းချင်ဘူး။ ညီထွန်းတို့ပဲ ဖမ်းကြတယ်လေ။

အားလုံး ခြုံကြည့်ရင်တော့ ဒီဌာနမှာ လုပ်ရတာ ကိုဒေါင်း ပျော်ပါတယ်။ နေစရာ အိမ်သေးသေးလေး တစ်လုံးလည်း ရတယ်။ အဲဒီမှာ ရေ၊ မီး အစုံရှိတယ်။ သားသမီးတွေနဲ့ အတူ တီကောင်၊ ပုတ်သင်ညို၊ ဖားလေးတွေ ရှာရင် ဆန်အိုးလေးတော့ အမြဲပြည့်စေ တယ်လေ။

တစ်ခါတလေ တောင်ကြီးကောလိပ်တို့၊ မြစ်ကြီးနား ကောလိပ်တို့ စတဲ့ နယ်ကောလိပ်တွေကနေ ဖားတွေမှာရင် ကိုဒေါင်းတို့ ဆန်အိုးလေး ဖြည့်ပြီးတဲ့အပြင် သားတွေ၊ သမီးတွေ အတွက် စာအုပ်ဖိုး၊ ခဲတံဖိုးလေး တွေ ပေးနိုင်တယ်လေ။

ဒီလိုအဆင်ပြေနေတဲ့ ကြားကကိုပဲ ကိုဒေါင်း နည်းနည်း စိတ် ကသိကအောက် ဖြစ်နေတာရှိတယ်။ ခွဲစိတ်ထားတဲ့ ကြက်တွေ၊ ငါးတွေ၊ ပုစွန်တွေ ပျောက်ပျောက်သွားတဲ့ ကိစ္စပဲ။ ကြာရင် သူတို့ ဓာတ်ခွဲခန်း အကူချင်း အထင်လွဲစရာ ဖြစ်လာနိုင်တယ်။ အတူတူ ခွဲယူရမှာကို တစ်ယောက်ယောက်က လူလည်ကျနေပြီလို့ မြင်မှာပေါ့။ ဒီလိုတော့ ကိုဒေါင်း အထင်မခံနိုင်ဘူးလေ။

ခက်တာက ဘယ်သူ့မှလည်း တပ်အပ်စွပ်စွဲလို့ မရဘူး။ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲက မယူမှာတော့

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်။ စဉ်းစားကြည့်လေ တီကောင်၊ သန်ကောင်၊ ခရု ပုတ်သင်ညိုလို လူတွေ မစားတဲ့၊ လူတွေရွံ့တဲ့ အကောင်တွေကို ခွဲစိတ်တဲ့ ဓားတွေ၊ ကတ်ကြေးတွေနဲ့ ကြက်တွေ၊ ငါးတွေကို ခွဲတာပဲ မဟုတ်လား။ ဆရာတွေနဲ့ တက္ကသိုလ်ကျောင်းသားတွေ လက်တွေ့ခန်းက ကြက်တွေ၊ ငါးတွေ ဘယ်စားမှာတဲ့လဲ။ ဖော်မလင် ဆေးနံ့က နံ၊ လူတကာ ကိုင်တွယ်လို့ ပျော့ဖတ် အိပြဲနေတာလေးတွေ ရှိကြမှာပဲ။

သေချာပါတယ်။ ကိုယ့် အချင်းချင်းထဲကတော့ လုပ်နေပါပြီ။ တိုဒေါင်း အမိဖမ်းဖို့ စဉ်းစားလိုက်တယ်။

သစ်သား ထရေး (Tray) ထဲမှာ ကြက်ကလေးက ပက်လက်ကလေး၊ မလှုပ်မရှားအောင် လည်ချောင်းနဲ့ ခြေချောင်းတွေကို သံချောင်းလေးတွေနဲ့ မြဲအောင် ရိုက်ထားလိုက်တယ်။ ဇင်မော်နဲ့ သက်နိုင်တို့ နှစ်ယောက် ခွဲရမယ့် အကောင်လေးက မွေးမြူရေး ကြက်ဖလေးမို့ ဝဖီးဖီးရယ်။ သူတို့နှစ်ယောက်သား တစ်ချက်ကြည့်ပြီး ပြုံးလိုက် ကြတယ်။

သူတို့ကို လက်တွေ့ ခွဲစိတ်ပြမယ့် ဆရာမက 'ဂါလပ်စ် (Gallus) ရဲ့ အိတ်စတာနယ်ဖီးချား (External Feature) ကို ရှင်းပြမယ်ဆိုတော့ သူတို့ လွယ်အိတ်ထဲက စာအုပ်လေးတွေ ထုတ်လိုက်ကြတယ်။

'ကြက်ကို သတ္တဗေဒမှာ ဂလပ်စ် (Gallus) လို့ ခေါ်တယ်။ ကျောရိုးရှိ ဗာတီဘရိတ် (Vertebrate) ဆိုတာကိုတော့ သိပါတယ်နော်' စသဖြင့် ဆရာမ ရှင်းပြတာကို သူတို့ လိုက်မှတ်ကြတယ်။ ဆရာမက အင်တာနယ်ဖီးချား (Internal Feature) ကို ရှင်းပြမယ် ဆိုတော့ ဇင်မော်နဲ့ သက်နိုင်တို့ ခေါင်းလေးတွေ ရှေ့တိုးလာကြတယ်။ ဆရာမက ကြက်ရင်အုပ်လေးကို ဓားနဲ့ ခွဲလိုက်တော့ ဇင်မော့်ရင်ထဲ ထူပိုင်းခံ ဖြစ်သွားသလို သက်နိုင်လည်း ရင်ကလေးချီပြီး အသာ သက်မချတယ်။ ဆရာမကတော့ ကျွမ်းကျွမ်းကျင်ကျင်ပဲ ခွဲစိတ် ဖြတ်တောက် ရှင်းပြနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ရှင်းပြနေတဲ့ ကြက်ကလေးရဲ့ သွေးကြောတွေထက် အတုံးတုံး အတစ်တစ် ဖြစ်သွားတဲ့ ကြက်ကလေးကိုပဲ နှမြောစိတ်ဝင်နေကြတယ်။ နောက်ပြီး ဟာနေတဲ့ ဗိုက်ကိုလည်း ဒေါသ ဖြစ်နေတယ်။

လက်တွေ့ အချိန်ကလည်း တကယ့်အချိန် နေ့ခင်း ၁ နာရီကြီး။ မနက်ခင်း ၈ နာရီက အဆောင်မှာ စားခဲ့တဲ့ မန်ကျည်းစေ့လောက်ရှိတဲ့ ဝက်သားတုံးနှစ်တုံး ပါတဲ့ ဟင်းနဲ့ထမင်းကလည်း ဗိုက်ထဲမှာ ကြေညက်အစပျောက်နေကြပြီ။

မိဘတွေ ချို့ချို့တဲ့တဲ့နဲ့ ပို့လိုက်တဲ့ ပိုက်ဆံကလည်း အဆောင်ကြေး၊ ကျောင်းလခ၊ ဘာကြေး ညာကြေးနဲ့ တစ်လတစ်လ ၁၅ ကျပ်တောင် မပိုတာမို့ ခုလို လကုန်ခါနီးမှာ အိတ်ကပ်ထဲ အကြွေစေ့တောင် မရှိတော့ဘူးလေ။ သူများတွေ လက်ဖက်ရည်ဆိုင် ငါးဆိုင်လောက်ထိုင်ပြီးပေမယ့် သူတို့နှစ်ယောက်ကတော့ ၄ နာရီမှာ ကျွေးမယ့် ညနေစာကို မျှော်ရင်း လက်တွေ့လာလုပ်ရတာ ဆိုတော့ တကယ်ဆာတယ်။

စာမေးပွဲနီးလာတော့ ညဥ့်နက်ခံ စာကြည့်တော့လည်း အားနည်းနည်း ယုတ်တယ် ထင်ပါရဲ့။ ထမင်းက စားမကောင်းချင်ဘူး။ အဆောင်ထမင်း၊ ဟင်း မုန်းချင်နေပြီ။ အပြောင်းအလဲလေး စားချင်တယ်။ အရင်တုန်းက တစ်ခါတစ်ခါ လာတတ်တဲ့ စပယ်ရှယ်ဒင်နာ (Special Dinner) ကလည်း မလာတာ ကြာပြီ။ တချို့ အဆောင်ကျောင်းသားတွေလို အိမ်က ကြော်လှော်ပေးလိုက်တဲ့ ဟင်းဘူးလေးတွေ ရှိရင်တော့ အဆောင်ဟင်း ဘာမှုစရာလိုလဲ။ ဇင်မော်နဲ့ သက်နိုင်တို့ကျတော့ အဆောင်က ကျွေးတာပဲ ကြိတ်မှိတ် စားနေရတာဆိုတော့ အဆောင် ထမင်း၊ ဟင်း မုန်းတော့တာပေါ့။ ဒါကြောင့်လည်း စောစောတည်းက သူတို့နှစ်ယောက် တိုင်ပင်ထားကြတာလေး ရှိတယ်။

ဆရာမက 'မင်းတို့ မရှင်းတာမေး' ဆိုတော့ နှစ်ယောက်သား ပြိုင်တူ ခေါင်းခါလိုက်ကြတယ်။ ပြီးမှ ဇင်မော်က . . .

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ထပ်ကြည့်ဦးမယ် ဆရာမ၊ မသိမှဘဲ ဆရာမ လာမေးတော့မယ်' ဆိုပြီး ကတ်ကြေးတွေ၊ ဓားတွေကို ဟိုကိုင်ဒီကိုင် လုပ်နေလိုက်တယ်။

ဆရာမလည်း 'အေး အေး' ဆိုပြီး ထွက်သွားတော့ သူတို့နှစ်ယောက် ပျော်ပြီး ပြုံးလိုက်ကြတယ်လေ။

၁

ကိုဒေါင်း လက်တွေ့ခန်းထဲမှာ အလုပ်များနေတယ်။ ရေဇလုံတွေထဲ ရေလိုက်ထည့်ရတယ်။ ခွဲစိတ်ခုံတွေပေါ် သစ်သားထရေးတွေ တင်။ ခွဲစိတ်ကိရိယာတွေ လိုက်ချပေး။ တချို့ ကျောင်းသူ အုပ်စုတွေကျ ဖြက်ကို သံရိုက်တာ မဖြောင့်လို့ လိုက်လုပ်ပေးရသေးတယ်။

ကျောင်းသားတွေ ကြက်တွေ ခွဲကြပြီဆိုတော့ ကိုဒေါင်း ခွဲစိတ်ခန်းထဲ လှည့်ပတ်ကြည့်နေလိုက်တယ်။ ဦးတင့်တို့၊ ညီထွန်းတို့ အခန်းတွေက ရတာနဲ့ သူ့အခန်းက ရတာ ပေါင်းလိုက်ရင် အကောင် သုံး လေး ဆယ်တော့ ရမှာပဲ။ ဒီအထဲမှာမှ စားဖြစ်တာက ၂၀ ပိုပိုလောက်။ အားလုံး စုခွဲရမှာ။ ရုံးအဖွဲ့က လုလင် အေးသန်းတို့၊ လက်နှိပ်စက် စာရေး မောင်မျိုးတို့၊ သန့်ရှင်းရေးက ကိုဝတို့လည်း ခွဲပေးရမယ်။

ကိုဒေါင်း သူ့ကိုယ်တာအတွက် လေး ငါးကောင်တော့ ရလိမ့်မယ် လို့ တွက်နေမိတယ်။ ဒါမှလည်း ဆန်အိုးထဲ ဆန်ဖြည့်နိုင်မှာ။ လကုန် တော့မှာမို့ မိန်းမခါးကြားထဲ လိပ်ထားတာလေးတွေလည်း ပျောက်ကုန် ပြီ။ ဒါလေးတွေရမှ ရောင်းတန် ရောင်း၊ ချက်တန်ချက် လုပ်ရမှာပဲ။ ဒါကြောင့် သူ့ ကိုယ်တာလေး မလျော့အောင် ခွဲစိတ်နေတာကို စေ့စေ့တစိုက် လိုက်ကြည့်တယ်။ အခန်းထဲ အဝင်အထွက်ကို သတိထား နေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ ကြက်တစ်ကောင် ပျောက်သွားတယ်။ ကိုဒေါင်း သေသေချာချာ မှတ်ထားတဲ့ ဝဖီးဖီး ကြက်ဖလေး။

ကိုဒေါင်း သတိထားရာက ဖြစ်သွားတာကို မကျေမနပ် ဖြစ်နေမိသည်။

ကိုဒေါင်း လက်တွေ့ခန်းဘက်ကနေ အပြင် ကော်ရစ်တာ ထွက်လာတော့ စာသင်ပြီး ပြန်လာဟန်ရှိတဲ့ လက်ထောက်ကထိက ဆရာမကြီး ဒေါ်ခင်ဦးနဲ့ တွေ့လို့ ပြုံးပြလိုက်တယ်။ ဆရာမကြီးက ခဏ ဆိုတဲ့ သဘောနဲ့ လက်ကလေး ထောင်ပြတာမို့ ကိုဒေါင်း ရပ်နေလိုက်တယ်။ ဆရာမကြီး သူ့နား ရောက်တော့။

'ဒီနေ့ ပရက်တီကယ် ဂဲလပ်စ် မဟုတ်လား'

'ဟုတ်ပါတယ် . . . ဆရာမ'

ကိုဒေါင်း ပျာပျာသလဲ ပြန်ဖြေတာကို ဆရာမကြီး ကျေနပ်သွားပုံရတယ်။ ပြုံးစစလေးတောင် ဖြစ်သွားလေရဲ့။ နောက်ပြီး ဆရာမကြီးက ကိုဒေါင်းနား ကပ်ပြီး စကားတိုးတိုး ပြောပြန်တယ်။ ကိုဒေါင်းက နားမပါးဘူး။ 'ခင်ဗျာ . . . ခင်ဗျာ'နဲ့ လုပ်နေတာနဲ့ ဆရာမကြီး စိတ်ညစ်သွားတယ်။ စိတ်မရှည်တော့တာနဲ့ သူ့ပိုက်ဆံအိတ်ကြီးကို ဖွင့်ပြီး ပိုက်ဆံတွေထဲက စာရွက်ပိုင်းလေးနဲ့ ဘောလ်ပင်အနီလေးကို ထုတ်လိုက်တယ်။

ဆရာမကြီး ပိုက်ဆံအိတ်ဖွင့်တော့ ကိုဒေါင်း လှမ်းကြည့်မိသေးတယ်။ ပိုက်ဆံအိတ်ထဲမှာ ကျပ်တန် တစ်ရွက်နဲ့ ငါးကျပ်တန်လေး တစ်ရွက်ပဲ တွေ့လိုက်ရတယ်။

ဆရာမကြီးက ဘေးဘီကိုကြည့်ရင်း စိတ်မချဟန်နဲ့ ကော်ရစ်တာ လက်ရမ်းပေါ် စာရွက်လေး တင်ပြီး စာတစ်ကြောင်း နှစ်ကြောင်း ရေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာမအိမ်မှာ ဧည့်သည်တွေ ရောက်နေလို့ ခွဲစိတ်ထားတဲ့ ဂဲလပ်စ်ကလေး နှစ်ကောင် အိတ်နဲ့ ထည့်ပြီး အိမ်ပို့ပေးစမ်းပါ။ ဘယ်သူ့မှ မသိစေနဲ့နော်'

ကိုဒေါင်း စာဖတ်နေချိန်မှာ ဆရာမကြီးမျက်နှာတွေ နီပြီး ရှက်နေပုံ ရတယ်။ ဆရာမက 'ဧည့်သည်' ဆိုတာလေး ထည့်ရေးတာ တော်သေးရဲ့လို့ အောက်မေ့ရင်း လက်ချောင်းလေးတွေ လဆန်းရက်ကို တွက်ချက် ချိုးနေမိတယ်လေ။

*၁၉၈၈၊ ဩဂုတ်လ၊ ရနံ့သစ် မဂ္ဂဇင်း။*

*(ဂျပန်ဘာသာပြန် အထူးအပါးနှင့် အခြားဝတ္ထုတိုများ)*

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'တင်ကျီးကြပ်' ဆိုတဲ့ ရွာလေးနဲ့ တစ်မိုင် အကွာလောက်မှာ ရှိတဲ့ သံလမ်းဘေး၊ အောင်ပန်း ဘူတာနဲ့ ဟဲဟိုး ဘူတာကြားမှာ ဘူတာရုံကလေး တစ်ခု ရှိပါတယ်။ ဘူတာရုံကလေးကို ကုန်းမြင့်မြင့်လေးပေါ်မှာ သွပ်မိုး၊ ထရံကာ သပ်သပ်ရပ်ရပ် ဆောက်ပေးထားတာပါ။ ဘူတာရုံကလေးတစ်ခုရဲ့ ဖွဲ့စည်းပုံအတိုင်း လက်မှတ်ရောင်း ကောင်တာလေးနဲ့ ခရီးသည် နားနေဆောင်လေးတောင် ပါးလိုက်သေးတယ်။ ဘူတာထဲမှာလည်း တစ်ဖက်တစ်ချက် ဘူတာကြီးတွေနဲ့ ဆက်သွယ်ဖို့ တယ်လီဖုန်း ခုံလေးအပြင် ရုံပိုင် အတွက် စားပွဲ ကုလားထိုင်နဲ့ လမ်းခွဲကိုင်တွေ အနားယူ အိပ်စက်ဖို့ ခုံတန်းလျားလေး နှစ်လုံးလည်း ရှိပါတယ်။ ရုံပိုင် နားနေအိပ်စက်ဖို့ အတွက်ကတော့ သီးသန့် အခန်းလေး တစ်ခန်း အကန့်အကန့် ဖွဲ့ပေးထားတာပါ။ မြို့ကျ၊ ဖျက်စီး၊ ပျောက်ကွယ်သွားတဲ့ အဆောက် အအုံဟောင်း တစ်ခုကို ငုံပြီး တည်ဆောက်ထားတာလားတော့ မသိပါ။ ဘူတာရဲ့ အောက်ခံ အင်္ဂတေအခင်းက အသစ်မဟုတ်ဘဲ ကွဲတဲ့နေရာ ကွဲ၊ ပဲ့တဲ့နေရာ ပဲ့နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘူတာလေးရဲ့ရှေ့ မျက်နှာစာမှာတော့ နိုင်ငံတော် အလံလွှင့်ထူဖို့ သစ်သားတိုင်တစ်ချောင်းကို အုတ်ခုံမှာ သံကျင်တွယ်ညှပ် အခိုင်အမာ စိုက်ထူပေးထားပြီး ဘူတာလေးကနေ စကြံဆီသွားဖို့ အုတ်လှေကား လေးလည်း လုပ်ပေးထားပါတယ်။ ထုံးဖြူဖြူ သုတ်ပေးထားတာမို့ ဖွေးသန့် ခံ့ညားပြီး အုတ်လှေကားရဲ့ ဘေးတစ်ဖက်တစ်ချက်က ဝါးကွက်ကျား ခြံခတ်ထားတဲ့ ပန်းရောင်စုံလေးတွေနဲ့ ပန်ရ လိုက်ဖက်လှတယ်။

ဘူတာရုံကလေးရဲ့ ကျောဘက်မှာ တောင်ကမ်းပါးယံ ရှိပြီး အဲသည်ကမ်းပါးယံကို ကျော်ဖြတ်၊ ၃ မိုင်ကျော်လောက် ဆင်းသွား ရင်တော့ သရက်ပုဆိုတဲ့ ကားလေးဘေး ရွာလေးကို ရောက်နိုင်တယ်။ သံလမ်းအတိုင်း ဟဲဟိုးဘက် လျှောက်သွားပြီး ဘယ်ဘက်ယွန်းယွန်းကို ဖဲ့ထွက်သွားရင်တော့ ပဲယင်းတောင်ကို ရောက်နိုင်ပါတယ်။ ပဲယင်း တောင်က သည်နယ်တစ်ဝိုက်မှာတော့ ထင်ရှားပြီး အခါကြီးရက်ကြီး တွေမှာ ကုသိုလ်ကောင်းမှု လုပ်တဲ့သူတွေနဲ့ စည်ကားတဲ့ နေရာပေါ့။ ပဲယင်းတောင် ဘုန်းတော်ကြီးကျောင်း ဆရာတော်ရဲ့ ဂုဏ်သတင်း မွှေးပျံ့တာကြောင့်လည်း ပါမှာပါ။ နောက်ပြီး ပဲယင်းတောင်ပေါ်မှာ ထူးပေါက်ကြီး တစ်ခုရှိပြီး အဲသည့်ထူးပေါက် တွင်းကြီးဟာ ဘယ် လောက်တောင် နက်သလဲဆိုရင် တစ်ခါက နွားတစ်ကောင် ကျွံကျသွား တာ လုံးဝမမြင်ရဘဲ နွားအော်သံတောင် မကြားရ၊ နွားသေသွားတော့ အပုပ်နံ့တောင် မရဘူးလို့ ပါးစပ် ရာဇဝင်လား၊ ယုံတမ်း စကားလား ပြောဆိုကြတဲ့အထိ နက်ပါသတဲ့။

ဘူတာလေးရဲ့ ရှေ့တည့်တည့်ကွင်းပြင်ရဲ့ အဆုံးမှာတော့ အိမ်ငယ် လေးတွေနဲ့ ပအိုဝ်ရွာလေး တစ်ရွာရှိပါတယ်။ စောစောက ပြောတဲ့ ဘင်ကျိုးကြပ်ဆိုတဲ့ ရွာလေးပါပဲ။ ပအိုဝ်လို ဘာအဓိပ္ပာယ်လည်းဆော့

www.burmeseclassic.com

www.burmeseclassic.com



မသိပါ။ ဟိုးနှစ်ပေါင်းများစွာ အင်္ဂလိပ်လက်ထက်က အခုလက်ရှိ ဘူတာရုံလေး နေရာမှာ တင်ကျီးကြပ် ရွာလေး ရှိခဲ့ဖူးတယ်လို့ ဆိုပါတယ်။

ရွာလေးက ခါးပြ ခဏခဏအတိုက်ခံရတာရယ်၊ မီးလောင်တာရယ်ကြောင့် ရွာပျက်ပြီး အခုနေရာဖြစ်တဲ့ ရထားသံလမ်းဘေးကနေ တစ်မိုင်လောက် အကွာမှာ ရွာသစ်ကလေး ပြန်တည်ခဲ့တာလို့ ရွာကလေးရဲ့ ရာဇဝင်ကို မမီမကမ်း သိလိုက်သူ တချို့က ပြောပြကြတယ်။

ဘူတာရုံကလေးကိုတော့ 'ကန်းနား'လို့ နာမည်ပေးထားပါတယ်။ ဟဲဟိုးဘက် အထွက် အပြင်အချက်ပြ အလံတိုင်နားကနေ ညာဘက်ချိုးကွေ့သွားရင် ရေကန်လေး တစ်ခု တွေ့ရမယ်။ ကျောက်တုံးကျောက်စိုင်တွေ ကြားက ရေကန်သေးသေးလေးပါ။ အဲသည့်ရေကန်ကလေးကို အစွဲပြုပြီး 'ကန်နား' ကနေ ကာလရွေ့လျောဖြီး 'ကန်းနား' လို့ အမည်တွင်တယ်လို့ ဆိုကြပါတယ်။ တချို့က ကမ်းနားနဲ့မှားပြီး မြစ်၊ ချောင်းဘေးက ဘူတာလေးလားလို့ ထင်မြင် ကြတယ်။ မြစ်လည်း မရှိပါ။ ချောင်းလည်း မစီးပါ။ ဟဲဟိုးချိုင့်ဝှမ်း လွင်ပြင်ထဲက လေတိုးသံ တရှီရှီနဲ့ သည်းသည်းလှုပ်လှုပ် စိမ့်ချမ်းတဲ့ ဒေသလေးပဲ ဖြစ်ပါတယ်။

တင်ကျီးကြပ်က စိုက်ပျိုးရေးနဲ့ အသက်မွေးရတဲ့ ရွာကလေးပဲ ဖြစ်ပါတယ်။ တင်ကျီးကြပ် ရွာသားသုံးလေးယောက်ကတော့ ဟဲဟိုးလမ်းဗိုလ်လေး လက်အောက်ခံ သံလမ်းအလုပ်သမားတွေပါ။ သူတို့ ရွာသားတွေလို ရိုးရာဝတ်စုံ တိုက်ပုံ၊ ဘောင်းဘီအနက်၊ မျက်နှာသုတ်

www.burmeseclassic.com

www.burmeseclassic.com



ပဝါ နီနီရဲရဲကို ခေါင်းပေါင်းတာ မဟုတ်ဘဲ ကင်းဗက် အစိမ်းရောင် ဘောင်းဘီ ဇင်ပြာ၊ အကျီဇင်ပြာဝတ်၊ ဂွတူကြီးတွေ ထမ်းပြီး သံလမ်း တစ်လျှောက်မှာရှိတဲ့ သံလမ်းဆက်မှုလီတွေ ကျပ်၊ သံလမ်းကိုက် ကျဉ်း ကျယ် တိုင်းနဲ့ ရထားတွေ ချောမွေ့စွာ အန္တရာယ်ကင်းစွာ သွားလာနိုင်ဖို့ နေပူ မိုးရွာ မရှောင် လုပ်ရှားနေတဲ့ ဝန်ထမ်းတွေလို့ မှတ်ယူရနိုင် ပါတယ်။

တစ်ခါတစ်ရံမှာတော့ သံလမ်း လုပ်သားကြီးတွေက သူတို့ရဲ့ လမ်းဗိုလ်လေး ကန်းနား ဘူတာဘက်ကို လာ၊ မလာ 'ဘန်' တွက်ကြ တယ်။ အသုဘအိမ်၊ မီးနေသည် အိမ်က ကောက်ယူလာတဲ့ ဝါးတုတ် ချောင်းလေးတွေကို စုံ၊ မ ခွဲပြီး စုံကျရင် (သို့မဟုတ်) မ ကျရင် လမ်းဗိုလ် မလာဘူးဆိုပြီး တွက်တယ်။ ဒီလို ဘန်တွက်တာကို သူတို့ ရွာသားတွေ အားလုံး ယုံယုံကြည်ကြည် ရှိကြတယ်။ စိုက်တာ၊ ပျိုးတာ၊ ခရီးထွက် တာက အစ ဘန်တွက်ကြတယ်လို့ ဆိုတယ်။

ရွာလေးရဲ့ ပဒိုဝ် တိုင်းရင်းသားတွေက သူတို့ ယာခင်းတွေက ထွက်တဲ့ ပန်းဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ကိုက်လန်၊ ပင်စိမ်းသီး စတဲ့ သီးနှံတွေကို အောင်ပန်း၊ ဟဲဟိုး ဈေးနေ့မှာ ရထားနဲ့ လိုက်သွားပြီး သွားရောင်းကြတယ်။ သီးနှံ ရောင်းရတဲ့ ငွေလေးနဲ့ ဆန်၊ ဆီ၊ ဆား၊ အိမ်သုံး ဆေးမြီးတိုလေးတွေ ဝယ်ပြန်ကြတယ်။ ဘဝကို ရိုးသားစွာ ထူဆစ် လျှောက်လှမ်းနေကြသူတွေလို့ သတ်မှတ်လို့ ရမှာပါပဲ။

ဘူတာရုံကလေး မရှိခင်တုန်းကတော့ အစုန်၊ အဆန် ရထား တွေကို တားပြီး စီးခဲ့ကြတယ်။ တရားဝင် ရပ်တန့်ဖို့ သတ်မှတ် ထားပေးမယ့် ဂါတ်ဗိုလ်ကြီးတွေက တစ်မိနစ်လောက်တော့ ရပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါပဲ။ လူစီးတွဲတွေက အမြဲတမ်း ပြည့်ကျပ် နေတာမို့ ဂါတ်ဗိုလ်ကြီးတွေရဲ့ တွဲလေးပေါ် အလုအယက် တက်စီးလေ့ ရှိတယ်။ စက်ဗိုလ်၊ ဂါတ်ဗိုလ်ကြီးတွေကလည်း အဘိုး၊ အဘွား၊ ညီလေး၊ နှမလေး တွေကို မိုးအို၊ ဖအို၊ မွေ့နန်း၊ ခိုဗန်ဆိုပြီး ခေါ်တတ်နေပြီ။ ရင်းရင်းနှီးနှီး ခင်ခင်မင်မင်နဲ့ ပေးတတ်တဲ့ ဟင်းသီးဟင်းရွက် လက်ဆောင်လေး တွေကို စေတနာပါ လက်ဆတ်တာမို့ ပိုချိုတယ်လို့ ပြောတဲ့အခါ မိုးအို၊ ဖအိုတို့ကတော့ သူတို့ရဲ့ ကွမ်းချိုးတက်နေတဲ့ သွားတွေ ပေါ်အောင် ပြုံးရင်း သဘောကျတော့တာပါပဲ။

အောင်ပန်းနဲ့ ဟဲဟိုး ငါးရက်တစ်ဈေး ဈေးနေ့တွေမှာသာ ရထား စီးသူ ရှိပြီး ကျန်သုံးရက်မှာတော့ တစ်ယောက်စ၊ နှစ်ယောက်စသာ ရထားစီးကြတာမို့ ဘူတာလေးက ခြောက်သွေ့လွန်းတယ်လို့ ဆိုကောင်း ဆိုနိုင်ပါတယ်။ တစ်ရွာတည်းသော တင်ကျိုးကြပ် ရွာလေးကလည်း အလှမ်းဝေးတာ၊ ကားလမ်းကလည်း တောင်ကမ်းပါးယံကို ကျော် ဖြတ်ပြီး သုံးမိုင်လောက်တောင် သွားရမှာမို့ ကန်းနားဘူတာလေးကို ရထား ဝန်ထမ်းတွေက ခေါင်တဲ့ ဘူတာလေးအဖြစ် သတ်မှတ်ပြီး လက်ရှောင်ချင်ကြတယ်။ ဒါကြောင့်လည်း ကန်းနားဘူတာလေးရဲ့ ရုံပိုင်၊ လမ်းခွဲကိုင်တွေဟာ လစဉ် ပြောင်းနေကြတယ်။ ရထားအခေါ် ဆိုရင်တော့ ဌာနချုပ် ဘူတာကြီးကနေ လမ်းလျှောက် လာဆင်းကြ တယ်ပေါ့။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကန်းနားဘူတာလေးရဲ့ ပုံမှန် ခရီးသည်တွေက သူတို့ရဲ့ ရောင်းကုန်တွေကို ပလိုင်းတွေနဲ့ တစ်နိုင်တစ်ပိုင် သယ်ယူကြတာမို့ တန်ဆာ လုပ်ရအောင်လည်း ကုန်က မည်မည်ရရ မရှိ။ တစ်ဖက် တစ်ချက် ဘူတာကိုသာ လက်မှတ်ရောင်းရပြီး လက်မှတ်ခကလည်း တိတိကျကျ အစွန်းထွက်

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိ။ အစွန်းထွက်ဦးတော့ ရိုးသားစွာ ကျင့်ကြံတဲ့ တောင်ရိုး ပျော်တွေမို့ ပြန်အမ်းငွေကို တောင်းမှာပါပဲ။ သည်တော့ ဘူတာလေးတ ပါးရှားပြီး ရေ၊ မီး မရှိ။ စားစရာ ဖန်တီး မရ။ 'မရှိ' ဘူတာလေး ဖြစ်လို့ နေပြီလေ။ ဘူတာလေးမှာ ပေါများတာ၊ ဘူတာပတ်ဝန်းကျင်မှာ ပျံ့နှံ့ ထုံမွမ်းနေတာကတော့ တစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ မိုးအို ဖအို၊ မွေ့နန်း၊ ခိုဗန်တို့ရဲ့ စေတနာတွေပဲပေါ့။

ခုတော့ သည်ဘူတာလေးမှာ ရုံပိုင်လေး ကိုစိန်မြင့်၊ လမ်းခွဲကိုင် ကိုဝင်းသောင်၊ ကိုကိုအေးတို့ကို တစ်နှစ် တာဝန် ထမ်းဆောင်ဖို့ ဘူတာကြီးကနေ ပြောင်းရွှေ့ နေရာ ချထားလိုက်ကြတယ်။ သက်တူ၊ ရွယ်တူ၊ ဝါသနာတူတွေမို့ တိုင်းမန်နေဂျာက တမင် တွဲပေးလိုက်သလား မသိပါ။ စာဖတ်တာနဲ့ သီချင်းဆို ဝါသနာ ပါတာကတော့ သုံးယောက် လုံး ညီကြတယ်။ ဒီထဲမှာမှ ကိုဝင်းသောင်က ကာတွန်းဆရာလည်း ဖြစ်နေပြန်ပါတယ်။

ကာတွန်း ဝင်းမောင်နဲ့ စာပေးစာယူ တပည့်ပီပီ လက်ရာက သိပ်ကောင်းတာမို့ အကြောင်းအရာ၊ ဆန်းသစ် စူးရှတာနဲ့ ငြိသွားတဲ့ အခါ မဂ္ဂဇင်းတွေကလည်း ဖော်ပြပေးကြတယ်။ လစဉ်ထုတ် မဂ္ဂဇင်း နည်းနည်းလေးမှာ သူ့ ကာတွန်းလေးတွေ ပါတတ် ပါတယ်။ ကိုဝင်းသောင်ကလည်း သူ ဆွဲပြီးတဲ့ ကာတွန်းလေး မဂ္ဂဇင်းမပို့ခင်မှာ ရုံပိုင်လေး ကိုစိန်မြင့်နဲ့ ကိုကိုအေးကို ပြပြီး 'ပိုင်တယ်နော်၊ ပိုင်တယ်နော်'နဲ့ ပြောလေ့ရှိတယ်။

ကန်းနားဘူတာလေးရဲ့ ဝန်ထမ်းသုံးယောက်ကတော့ သုံးလလောက် အတွင်းမှာပဲ အသားကျလို့ နေပါပြီ။ ရထားဝေးတဲ့အခါ တင်ကျိုးကြပ်

www.burmeseclassic.com



ရွာလေးဆီ အလည်သွား၊ အိမ်ပေါက်စေ့ဝင်၊ တည်ခင်း ညှော်ခံတဲ့ ကိုဟူး ခြောက်ကြော်စား၊ အခါးရည် မွှေးမွှေးလေး တဝ သောက်ပြီး ရွာသားတွေနဲ့ ရင်းနှီးအဖွဲ့ကျနေကြပြီ။ ကိုစိန်မြင့်နဲ့ ကိုကိုအေးက အနေအေး၊ စကား နည်းပေမယ့် ကိုဝင်းသောင်ကတော့ ကာတွန်းဆရာပီပီ ဟာသပြော၊ ကာတွန်းရုပ်ပုံတွေ ဆွဲပြနဲ့ ရွာကလေးကို စည်းရုံးထားနိုင်ပါတယ်။ ရွာလေး ကလည်း ကိုဝင်းသောင်တို့ အလည်ရောက်လာရင်ပဲ ပျော်နေကြရှာတာ ပါ။

ဘူတာလေးမှာ ဟင်းသီး ဟင်းရွက်ကတော့ လုံးဝ မဝယ်ရ။ မွေ့နန်း၊ ခိုဗန်တို့ ရထားစီးဖို့ ဘူတာရုံရောက်လာတာနဲ့ တစ်ခါတည်း ယူလာတတ်ကြတယ်။ အောင်ပန်း၊ ဟဲဟိုး ဈေးပတ် ရောင်းကုန် ထဲကနေ တစ်ဆုပ် တစ်စည်း ဖဲ့ပေးသွားကြတာပါ။ အောင်ပန်း၊ ဟဲဟိုး ဈေးကနေ ပြန်လာတဲ့အခါမှာလည်း ဈေးကြုံမှာလိုက်တဲ့ ဆန်၊ ဆီ၊ ဆား၊ ဟင်းချိုမှုန့် မာဆာလာက အစ တစ်သဝေမတိမ်း ဝယ်လာပေး တတ်တယ်။ ပေးလိုက်တဲ့ငွေနဲ့ ပြန်အမ်းငွေကိုလည်း တိတိကျကျ တွက်ချက်ပေးတတ်ကြပါတယ်။ ရှမ်းချေ ချေတဲ့ နည်းနဲ့ပဲပေါ့။

တစ်ခုပဲ စာအုပ်တွေ၊ မဂ္ဂဇင်းတွေကိုတော့ မမှာလေနဲ့၊ မဝယ် တတ်ဘူး။ တောခေါင်ခေါင်မှာ နေတဲ့သူတွေမို့ စာလည်း သိပ်မတတ်၊ သတင်းစာတောင်မှ ဖတ်ရကောင်းမှန်း မသိကြပါ။ ခုတ်ခဲ ရေဒီယို ကက်ဆက်ကြီးကိုတော့ ခိုဗန်တို့က ကြိုးသိုင်းနဲ့ လွယ်ထားတတ်ကြ တယ်။ ဒါကလည်း သူတို့ရဲ့ ရှိုးတစ်မျိုးပါပဲ။

လဆန်း ၁၀ ရက်လောက် ရှိပြီမို့ လစဉ်ထုတ် မဂ္ဂဇင်းတွေထွက်ပြီး လောက်ပြီ။ ကိုဝင်းသောင်ခမျာ မရိုးမရွ ဖြစ်နေရှာပါတယ်။ သူ ပို့ထား တဲ့ ကာတွန်းလေးတွေ မဂ္ဂဇင်းတွေမှာ ပါ၊ မပါ သူ သိချင်လှတယ်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ပန်းမှာကလည်း စာအုပ်ဆိုင်က မရှိ။ ကလောထိ သွားပြီး သူ့ကာတွန်း ပါ၊ မပါ ရှာဖွေ။ ပါရင်လည်း ဝယ်လာ၊ သည်လို လုပ်ရှားရမှာ ဖြစ်ပေမယ့် ကိုကိုအေးက မိသားစုရှိရာ သာစည်ကို လစ်ပြန်သွားတာမို့ သူတစ်ယောက်တည်း ဖြစ်ပြီး မသွားသာ ဖြစ်နေတယ်။ ရုံပိုင် တစ်ယောက်တည်း ထားခဲ့လို့ ရတာမှ မဟုတ်တာ။ ရထား ဆိုတဲ့အခါ ပို့ဝင့်တွေကို ဘယ်သူက ခွဲပေးမှာလဲ။ ပြီးတော့ ရွာနဲ့ အလှမ်း ဝေးခေါင်လှပြီး လုံခြုံမှု နည်းပါးတဲ့ နေရာလေးမှာ ရုံပိုင်လေး တစ်ယောက်တည်းကို စိတ်ချလက်ချ မထားရက်နိုင်ဘူးလေ။

ကာတွန်းလေးတွေ မဂ္ဂဇင်းမှာ ပါ၊ မပါ သိချင်လှတဲ့ အပြင် စာမဖတ်ရတာလည်း အတော်ကြာနေပြီမို့ ကိုဝင်းသောင် ခများ နေမထိ၊ ထိုင်မသာ ဖြစ်နေရှာတယ်။ စာမဖတ်ရတဲ့ ဝေဒနာက အစာမစားရတဲ့ ဝေဒနာထက် ပိုကြီး၊ ပိုခံစားရတယ်လို့ သူ တွေးနေမိ တယ်။ ရုံပိုင်လေးလည်း သူ့လိုပဲ ခံစားနေရမှာပါ။ သူ့အိမ်က ယူလာတဲ့ ရှုမဝ၊ မိုးဝေ မဂ္ဂဇင်းအဟောင်းတွေကို ထပ်တလဲလဲ ပြန်ဖတ် နေရတာနဲ့ သူ့ခများ ငြီးငွေ့နေလောက်ပြီ။ စာငတ်တဲ့ ဝေဒနာသည်တွေ ပါလေ။

ရန်ကုန်-ရွှေညောင် ရထား ကန်းနားဘူတာလေးကနေ ထွက်ခွာ သွားပြီးတဲ့ အချိန်မှာ ဆည်းဆာက အိုနေပါပြီ။ တောင်တန်းတွေ အောက် ငုပ်လျှိုးသွားတဲ့ နေလုံးရဲ့ လက်ကျန်အလင်း မှိန်ဖျော့ဖျော့က ဘူတာလေးကို ဖြန့်ကြက်နေချိန်မှာ စောစောပိုင်းက ကုန်ရထားနဲ့ ရန်ကုန် လူစီးရထား ဆုံထားတာမို့ ကုန်ရထား သွင်း၊ အထွက်ပို့ဝင့် ပြန်ခွဲပြီး ဘူတာလေးဆီ ပြန်လာတဲ့ ကိုဝင်းသောင် တစ်ယောက် ရထားကြီးဆီက ပစ်ချ၊ စွန့်ပစ်ခဲ့တဲ့ စက္ကူ အပိုင်းအစတွေဆီ အကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတယ်။ အရင်ရက်တွေက အမှတ်တမဲ့ ရှိခဲ့ပေမယ့် ခုချိန်မှာ စာငတ်နေသူ တစ်ယောက် အနေနဲ့ တစ်ပိုင်းတစ်စလေး ဖြစ်ဖြစ် ရသလောက် ဖတ်လိုက်ချင်တယ်။ သတင်းစာလား၊ မဂ္ဂဇင်း စာရွက်တွေလား၊ အစားအသောက် ထုပ်ပိုးထားတဲ့ ဗလာစက္ကူလား၊ အညစ်အကြေး သုံးတဲ့ စက္ကူ ဖြစ်နေရင်ကော။ သူ အတွေးတစ်ချက် ရပြီး ပန်းရောင်စုံခင်းလေးရဲ့ ဝါးကွက်ကျား ခြံနားလေးမှာ ရှိတဲ့ ဝါးခြမ်းပြားလေး တစ်ချောင်း ကောက်ယူပြီး သံလမ်းဘေးမှာ ကျနေတဲ့ စက္ကူလေးတွေကို လှန်လှော ကြည့်နေမိတယ်။

သတင်းစာ အဟောင်း၊ ဗလာစာရွက်၊ တစ်တန်းလား နှစ်တန်းလား မသိရတဲ့ အင်္ဂလိပ် ကျောင်းသင်ခန်းစာ . . .

'ဟောဗျာ' ကိုဝင်းသောင် အသံထွက်သည်အထိ အံ့ဩသွားတယ်။

'ရုံပိုင်လေးရေ လာဦးဗျာ၊ အမြန် အမြန်'

ရထား ဝင်၊ ထွက် ကြေးနန်းတွေကို ဖြည့်သွင်းနေတဲ့ ရုံပိုင်လေး ကိုစိန်မြင့် ထိတ်ခနဲ ဖြစ်သွားတယ်။ ဘာများ ထိတ်လန့်စရာ တွေ့လို့ ပါလဲ။ တောင်ပေါ် အအေးပိုင်းဒေသမို့ မြွေပါး၊ ကင်းပါးလည်း မရှိ တတ်ပါဘူး။ သားကောင် ကြီးကြီးမားမားလည်း မလာတတ်ပါ။ ယုန်ကလေး၊ ကြောင်ကလေးတောင် မတွေ့ရတာ ကြာနေပါပြီ။

ရုံပိုင်လေးမှာတော့ အတွေးတွေ ရှုပ်ထွေးစွာနဲ့ ပြေးထွက်လာခဲ့ မိတယ်။

'ကြည့်စမ်း ဗျာ. . . ကြည့်စမ်း ပိုင်တယ်နော်၊ ပိုင်တယ်နော်'

ကိုဝင်းသောင် ပြတဲ့ စက္ကူလေးက မဂ္ဂဇင်းထဲက စုတ်ဖြဲထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခတ္တာလေးပါပဲ။ အလင်း မှိန်ဖျော့ဖျော့ အောက်မှာ အသေအချာ ကြည့်မိတော့

'ဟာ. . .' ရှုပိုင်လေးလည်း အံ့ဩသွားပါတယ်။

ရှုပိုင်လေး အကြည့်က ဝါးခြမ်းပြားနဲ့ ဖိထားတဲ့ မဂ္ဂဇင်း စာရွက်လေးဆီကနေ ကိုဝင်းသောင် မျက်နှာဆီကို ရွှေ့တယ်။

အပြုံး . . . အဓိပ္ပာယ်များစွာနဲ့ ပြည့်နေတဲ့ အပြုံး၊ ရထားပေါ်က စင်ချခဲ့တဲ့ လက်သုတ်ပြီးလို့ အညစ်အကြေးတွေ ပေကျံနေတဲ့ ကာတွန်းစုံလေးဟာ လက်ရာရှင်နဲ့ တစ်ထေရာတည်း ပါပဲလေ။

*လွန်ခဲ့သော ရှစ်နှစ်က ကွယ်လွန်သွားပြီ*
*ဖြစ်တဲ့ ကိုဝင်းသောင်*
*(ကာတွန်း ဆွဲလဲ) သို့ အလွမ်းတစ်စ။*
*၂၀၁၀၊ ဩဂုတ်လ၊ သရဖူမဂ္ဂဇင်း။*

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းကျ ရေမျှား

ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ဝိုင်းမှာ စောစောလေးကတင်ပဲ ပုလင်းတစ်လုံး လဲသွားပြီ ဖြစ်သည်။ ပန်းသီးရှမ်းအရက် ပြင်းရှရှကြောင့် သွေးသားများ ဆူကြွစပြုလာပြီး စကားဝိုင်းက ပို၍စိုပြည်လာလေသည်။ သည်ထဲမှာ အိမ်ရှင် ကိုသော်မှိုင်း၏ စကားသံက အလွှမ်းမိုးဆုံး အကျယ်ဆုံး ဖြစ်နေသည်။

ကျွန်တော်၊ ကိုချစ်ကြည်၊ ကိုအောင်နှင့် ဆရာစည်သူတို့က ကိုသော်မှိုင်းရဲ့ ပုလင်းကို ဖြိုလဲနိုင်ဖို့ ခွက်လှည့်လိုက်နှင့် အလုပ်ရှုပ်နေသည်။

'ဟာ . . . တစ်ပုလင်း လုံးလုံးတောင် ကျန်သေးတာ၊ အမြည်းက မရှိတော့ဘူး၊ နေဦး ကျွန်တော် စီစဉ်လိုက်ဦးမယ်'

ကိုသော်မှိုင်းက ပြောပြောဆိုဆိုဖြင့် အပြင် ထွက်သွားသည်။

ကိုသော်မှိုင်းကို စောင့်ရင်း ပန်းသီးမှုဉ်းမှုဉ်း သောက်ရင်း ကျွန်တော်တို့ စကားများက မဂ္ဂဇင်းစာအုပ်များဆီ ရောက်သွားပြန်သည်။

ဆရာစည်သူက အမျိုးသမီးမဂ္ဂဇင်း တစ်စောင်ထဲမှာပါလာသည့် သူ့ဝတ္ထုတိုလေး ဟိုဖြတ် သည်ဖြတ်နှင့် တိုသွားတာကို မကျေမနပ်နှင့် ရင်ဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်က သူ ရေးထားတဲ့ ကဗျာလေးကို မဂ္ဂဇင်းတိုက်တ ရွေးထားပါလျက် နှစ်နဲ့ချီ ထားပြီး ခုထိ ဖော်ပြ မပေးတာကို ပျစ်ပျစ် နှစ်နှစ် ပြောပြီး ဖွင့်ဟပြန်သည်။

'ခင်ဗျားတို့က ဘာဟုတ်သေးလို့လဲဗျာ၊ ကျွန်တော့်မှာက မဂ္ဂဇင်း တိုက်ကိုတောင် စာမူမရောက်ဘဲ လမ်းတင် ပျောက်သွားလို့ စိတ်ဆင်းရဲ နေတာ'

စီးကရက်ဘူးထဲက စီးကရက်တစ်လိပ် နှိုက်ရင်း ကိုချစ်ကြည်က ဝင်ပြောချိန်မှာပဲ လက်ထဲ ပန်းကန်တစ်ချပ်နှင့် ကိုသော်မှိုင်း ရောက်လာ သည်။ ကိုသော်မှိုင်းက ပန်းကန်ကို စားပွဲအလယ်မှာ ထားပြီး သူ့ခွက် လက်ကျန်ကို မော့သည်။

'ကိုသော် ဘာသားလဲ'

ကျွန်တော်က ကြားက ဝင်မေးသည်။

'အမဲသား'

ကိုသော်မှိုင်းရဲ့ အာလေး လျှာလေး အဖြေကြောင့် ကျွန်တော်ရော ကိုချစ်ကြည်ပါ တစ်ပြိုင်နက် ခေါင်းခါမိကြသည်။

'ဘာလဲ မစားဘူးလား'

ကိုအောင့် အမေးကို ကျွန်တော်က ခေါင်းညိတ်ပြီး . . .

'ဟုတ်တယ်၊ ကျွန်တော်က ငယ်ငယ်လေးကတည်းက မစားတာ၊ အဖေကလည်း မစားဘူး၊ အမေကလည်း မစားဘူး၊ နောက်ပြီး ကျွန်တော်တို့ သိတတ်တဲ့ အရွယ်မှာ ဘုရားလှူခဲ့တာ၊ အဲ. . . ကိုချစ်ကြည်ကတော့ ဘာလို့ မစားတာလည်း မသိ'

ကိုချစ်ကြည်က စီးကရက်မီးခိုးများကို မှုတ်လိုက်ပြီး ရေပုလင်းလိုက် သောက်သည်။ ပြီးတော့မှ စကားစသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ငယ်ငယ်ကတော့ အမဲသား စားပါသေးတယ်၊ နောက် မစားဖြစ်တာက ဒီလို . . . .'

'ကျွန်တော်တို့မြို့မှာ နွားသတ်ရုံ အကြီးကြီးရှိတယ်၊ မြို့အပြင်ဘက်မှာပါ။ သူငယ်ချင်းတွေနဲ့အတူ ငှက်ပစ်ထွက်တဲ့အခါ၊ ရေကူးသွားတဲ့ အခါ အဲဒီဘက် ခဏခဏ ရောက်တာပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ အဲဒီနွားသတ်ရုံထဲ အထိတော့ မရောက်ဘူး၊ အပြင်ကနေ လှမ်းကြည့်ရင်တော့ အသတ်ခံရဖို့ အလှည့်စောင့်နေတဲ့ နွားတွေတော့ မြင်ရတာပေါ့ဗျာ၊ မြင်တော့လည်း သနားတာပေါ့၊ ဒါပေမဲ့ အိမ်မှာ အမဲသားဟင်း ချက်လည်း စားမိတာပါပဲ၊ ကလေးဆိုတော့ ခံစားလွယ်၊ မေ့ပျောက်လွယ်တတ်တယ် မဟုတ်လား . . .

တစ်နေ့ကျတော့ ထုံးစံအတိုင်း ကျွန်တော်တို့လည်း ကျောင်းအားရက် ငှက်ပစ်ထွက်တော့ နွားသတ်ရုံနားလည်း ရောက်ရော နွားခြံရှေ့မှာ လူ လေး၊ ငါးယောက်နဲ့ နွားတစ်ကောင်၊ အဲဒီ တစ်ကောင်ဆိုတာထက် နှစ်ကောင်ဆိုမှ မှန်မယ်၊ နှစ်ကောင်ဗျာ၊ နွားမကြီးနဲ့ သူ့ကလေး၊ နွားမကြီးက အရိုးပြိုင်းပြိုင်း နို့အိမ်ပိန်ချပ်ချပ်နဲ့ နို့ထွက်တောင်ပုံ မရဘူး၊ သူ့ကလေးလေးက နည်းနည်းတော့ ကြီးပြီဗျ၊ အဲဒီ နွားနှစ်ကောင်နဲ့ စောစောက လူတွေ ရုန်းရင်းဆန်ခတ် ဖြစ်နေတာလေ. . .

နွားမကြီးကို လူတစ်ယောက်က ရှေ့ကဆွဲ၊ တစ်ယောက်က တုတ်နဲ့ ရိုက်ပြီး နွားခြံထဲ သွင်းနေတာကိုး။ နွားကြီးကလည်း တုတ်တုတ်တောင် မလှုပ်ဘူး၊ ပေခံနေတယ်၊ နေရာကို မရွှေ့ဘူး၊ နွားလေးက သူ့အမေကြီးကို ပတ်ချာလည် လှည့်ပြေးရင်း အော်လို့ပေါ့၊ ကျွန်တော် အဲဒီအချိန်မှာ အတော် စိတ်မကောင်း ဖြစ်နေပြီ . . .

ကျွန်တော် ထင်ပါတယ်၊ နွားမကြီးရဲ့ အင်းစတင့်န်၊ ဗီဇစိတ်က သူ့ကို သတ်တော့မှာ သိလို့ ရုန်းကန် ဆန့်ကျင်နေတာလို့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဖြစ်နေတုန်းမှာပဲ နံဘေးကနေ တစ်တစ်ခွခွ ဆဲနေတဲ့ မုတ်ဆိတ်ရှည်ရှည် အသားမည်းမည်းနဲ့လူက နွားကလေး လည်ပင်းကို ဖမ်းတည့်ပြီး ခြံဝ ဆွဲတော့တာပဲ၊ မြက်ခင်းစပ်မှာ ခြေပစ်လက်ပစ် ထိုင်ရင်း ကွမ်းတဗျစ်ဗျစ် ထွေးနေတဲ့ လူကပါ ထလာပြီး နွားကလေးကို နောက်ကတွန်းတော့ နွားကလေးလည်း ကန့်လန့် ကန့်လန့်နဲ့ ခြံဝထိ ရောက်သွားရော၊ နွားကလေး အော်သံများဗျာ ကလေးတစ်ယောက် ငိုနေသလိုပဲ . . . .

အင်း . . . အဲသလို နွားလေးလည်း ခြံဝရောက်သွားရော စောစောက တင်းခံနေတဲ့ နွားမကြီးက ဝုန်းဆို သူ့ကလေးဆီ ပြေးရော၊ နွားဖားကြိုး ဆွဲတဲ့သူရော၊ တုတ်နဲ့ရိုက်တဲ့သူရော အလန့်တကြား အော်ဟစ်တော့ တာပဲ။

နွားမကြီးဗျာ ခြံဝရောက်တော့ သူ့ကလေး ခြံထဲမဝင်နိုင်အောင် ချိုနဲ့ဝှေ့ မောင်းထုတ်တော့တာပဲ၊ နွားကလေးကလည်း နောက်ဆုတ် သွားလိုက်၊ ရှေ့တိုး လာလိုက်နဲ့ပေါ့၊ စောစောက လူတွေလည်း နွားလေးကို ဖမ်းလိုက်ရော နွားမကြီးက ကြည်ကြည်သာသာနဲ့ပဲ ခြံထဲ ဝင်သွားတော့တာ၊ အဲသလို ဝင်သွားတဲ့အချိန်မှာ ကျွန်တော် နွားမကြီးကို အသေအချာ ကြည့်မိတယ်၊ မျက်လုံးအိမ်မှာ မျက်ရည်၊ မျက်ရည် တွေနဲ့ . . .'

ကိုချစ်ကြည် အသံက ပြောရင်း တိမ်ဝင်သွားသည်။

ကျွန်တော်နဲ့ ဆရာစည်သူက သက်ပြင်းကို ပြိုင်တူ ချမိကြသည်။

'နွားမကြီးက သူပဲ ခြံထဲဝင်မယ်၊ သူ့ကလေးတော့ မဝင်ရဘူး၊ ဆိုလိုတာက သူပဲ အသေခံမယ် ဆိုတဲ့ သဘောပေါ့နော်'

ကိုအောင်က အမဲသား ပန်းကန်ကို လက်နဲ့တွန်းရင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ၊ မိဘမေတ္တာပါပဲ၊ တိရစ္ဆာန်ပေမယ့် နှလုံးသားနဲ့ပဲလေ၊ ကျွန်တော့် ရင်ထဲ တော်တော် ထိတယ်ဗျာ၊ အင်း ကျွန်တော်လည်း ကိုချစ်ကြည်ပြောလို့ ပြောရဦးမယ်'

ကိုသော်မှိုင်းက ဖန်ခွက်ထဲ အရက် ငှဲ့ရင်း စိတ်မကောင်းစွာ ပြောသည်။ အရက်ကို ရေနဲ့စပ်ပြီးတော့ တစ်ကျိုက်မော့သည်။

'ကျွန်တော့် မွေးရပ်ရွာက ရွှေလှန်တဲ့ ရေစကြို မြို့နယ်ထဲကလေ၊ ရွာက ရွာကြီး၊ တွဲဖက်ကျောင်း ရှိတယ်၊ ကျွန်တော် ၁၀ တန်း အောင်တော့ ရွာတွဲဖက်ကျောင်းက အောင်တာပေါ့၊ ထားပါတော့ ပြောချင်တာ တခြား။

ကျွန်တော်တို့ရွာက ရွာလုံးကျွတ် တောင်သူ လုပ်ကြတာကိုး၊ ဒီတော့ တောင်သူ လယ်သမားနေ့ဆို ရွာက စည်သလား မမေးနဲ့၊ နွားအလှပြိုင်ပွဲ၊ လှည်းပြိုင်ပွဲ၊ မြင်းအလှ၊ မြင်းစီး၊ သီးနှံပြိုင်ပွဲ အစုံပေါ့ဗျာ ပျော်ပွဲရွှင်ပွဲတွေ လုပ်တာပေါ့။

အဲဒီမှာ ကြည့်လို့ အကောင်းဆုံးကတော့ မြင်းစီးပြိုင်ပွဲ၊ မြင်းစီးတာများဗျာ ဂျော်ကီနဲ့ကိုစီးတာ၊ ဂျော်ကီဆိုပေမယ့် ဘောင်းဘီနဲ့ ဦးထုပ်နဲ့ ကျကျနန စီးတာတော့ မဟုတ်ဘူးပေါ့ဗျာ၊ ရှမ်းဘောင်းဘီနဲ့ အပေါ်ပိုင်း ဗလာပါ။

ကြည့်လို့တော့ အတော်ကောင်းတယ်။ ကျွန်တော် ငယ်ငယ်က ကြည့်ခဲ့ရတဲ့ 'ကျောက်မဲအကျဦးသား'ထဲက ကိုဝင်းဦး ပုံစံမျိုးတွေ အညာသားတွေဆိုတော့ ကိုဝင်းဦးလိုတော့ ဘယ်ဖြူလိမ့်မလဲ၊ ဒါပေမဲ့ တောသူတောင်သားတွေ ဆိုတော့ မာဆယ်လ်တွေကတော့ ဘယ်ခေ လိမ့်မတုံး။

မြင်းစီးပြိုင်ပွဲကို ကျွန်တော်တို့ဆီမှာ ဒုန်းပွဲလို့ခေါ်တယ်၊ ဒုန်း ဟော့ ဆိုရင် ကျွန်တော်တို့ ရှေ့ဆုံးကပဲ။ အဲ ကျွန်တော် ၉ တန်း အရွယ် ၇၄ တုန်းက ကျွန်တော်တို့ကလည်း စာမေးပွဲပြီးခါစ တောင်သူ

www.burmeseclassic.com



လယ်သမားနေ့လည်းကျ ဆိုတော့ အပျော်ကြီးပျော်ပေ့ါ။ အဲဒီနှစ်ကလည်း ခါတိုင်း နှစ်တွေထက်ကို စည်တယ်။ တောင်သူ လုပ်ငန်းတွေကလည်း အောင်တာကိုး။ ကျွန်တော်တို့ ရွှေလှန် ဝန်းကျင်က ဘူးကိုင်း၊ သရက်တော၊ မြင်းခုံ ဆင်ခြေရာ မြေစွန်း၊ ဇရပ်နီတို့က ထိတ်ထိတ်ကြဲ မြင်းတွေ ဒုန်းပွဲဝင်ဖို့ ရောက်လာကြတယ်လေ။ မြင်းနဲ့ ပတ်သက်ရင် နာမည်ကြီးတဲ့ ငတမျှော်နဲ့ ပေါက်တောက မြင်းတွေတောင် ပါမှတ်တယ်။

အရင်နှစ်တွေက ဗိုလ်စွဲထားတဲ့ ဝေယံ၊ မိုးညိုတို့၊ နောက် ဟိုတုန်းက နာမည်ကြီးတဲ့ တိုင်းကျော်နဲ့ ကျတဲ့ တိုင်းဇော်တို့တောင် ပါလာကြတယ်။

အဲဒီမြင်းတွေ ကြားထဲမှာဗျာ ဦးပန်းရဲ့ မြင်းမကြီးကလည်း ပါလာတာကိုးဗျ။ မြင်းမကြီးဗျာ ပိန်ကပ်ကပ်နဲ့ အရိုး ပြိုင်းပြိုင်း ထလို့၊ သွားကလေးက တန်းလန်းနဲ့၊ ဘယ်လိုမှ ပြိုင်လို့ မဖြစ်တာကို ဦးပန်းက ပြိုင်ဦးမယ်တဲ့လေ။

ကွင်းကြီးထဲမှာ ဦးပန်းက မြင်းမကြီးကို ဆွဲလို့၊ ဦးပန်းသား ကိုအောင်ကြီးက ရှမ်းဘောင်းဘီ အနက်ကြီးကို ခါးပတ်အကြီးကြီး ပတ်ပြီး မြင်းကလေး ဆွဲလာတာ၊ ထောင်ထောင်မောင်းမောင်း မြင်းကြီး တွေ ကြားမှာ ဦးပန်း မြင်းမကြီးက ကားရားကားရားနဲ့ ပေါ့ဗျာ။

နောက်မှ သိရတာက ဒီလိုဗျ။ ခုနက ပြောတဲ့ တိုင်းဇော်ရဲ့ သခင် ဦးနက်ကျော်နဲ့ ဦးပန်းက ငယ်သူငယ်ချင်းတွေလေ။ ဘုန်းကြီးကျောင်း အတူနေဖက်။ တစ်ယောက် ဦးစွန်းဖုတ် တစ်ယောက်ဆွဲပြီး နပန်း သတ်ဖက်၊ ဆော့ဖက်။ ကြီးတော့မှ ဦးနက်ကျော်က ဆူးလေကုန်းသည် ချီး သူတို့ချင်း အလှမ်းဝေးသွားကြတာ။ ဦးနက်ကျော်က ဦးပန်းမြင်းမကို ချစ်တာက မလှ၊ အရောင်က မွဲ၊ ဘာညာနဲ့ မြင်းစကားတွေနဲ့ ပြောဖူးတယ်၊ ဒါကို ဦးပန်းက အေးပါ ငနွားရာ၊ လယ်သမားနေ့ကျ မယ်မြင်းနဲ့ ငှါးမြင်း

www.burmeseclassic.com



ဘယ်မြင်းက ဒုန်းမြန်သလဲ ဆိုတာ ကြည့်ကြသေးတာပေါ့ကွာလို့ ပြောသတဲ့။

အဟင်း . . . ခင်ဗျားတို့ အံ့ဩမသွားဘူးလား။ ဦးပန်း မြင်းမကြီး ဘယ်လို ဗိုလ်စွဲသွားတယ် ဆိုတာ သိချင်မှာပဲ။

ဒီလိုဗျ မြင်းမကြီးကို ဂျော်ကီလုပ်စီးတာ ကိုအောင်ကြီးနော်။ ကိုအောင်ကြီး ကျွမ်းကျင်လွန်းလို့ ပထမ ရတာ မဟုတ်ဘူး။ ကိုအောင်ကြီးက အဖြစ် စီးတတ်တာ။ မြင်းမကိုက အဲ့ဒီအချိန်မှာ တော်တော်ကို သန်လို့။

မသန် ခံနိုင်ရိုးလားဗျာ။ ဦးပန်းက တာအဝင် နေရာမှာ မြင်းသားလေးကို ထားပြီး တာလည်း လွတ်ရော မြင်းသားလေးကို တုတ်နဲ့ ဆော်တော့တာပဲ။ မြင်းကလေးကလည်း အော်လိုက်တာ ပွက်ပွက်ကို ညံလို့။ အဟင်း မြင်းမကြီးလည်း ဘယ်နေနိုင်တော့မလဲဗျာ။ သူ့သားလေးဆီ အရောက် ပြေးတော့တာပေါ့'

'ဟာဗျာ ဦးပန်းကလည်း ပိုင်လိုက်တာ'

ကျွန်တော့်အသံက လွတ်ခနဲ ထွက်သွားသည်။

'မြင်းမကြီးက သားဇောကိုး၊ မိဘမေတ္တာပါပဲဗျာ၊ ဒီမှာ စဉ်းစားစရာ ဖြစ်လာတယ်၊ လူနဲ့ တိရစ္ဆာန်မှာ ကိုယ့်ဖို့ပဲ ကြည့်တတ်တဲ့ အညာအတာ ကင်းမဲ့တဲ့ လူအချို့ ရှိနေသလို ဦးနှောက်အင်အား ချို့တဲ့ အသိဉာဏ်နည်းပါးပေမယ့် အကြင်နာအသိ ဖြစ်ပေါ်နေတဲ့ တိရစ္ဆာန် တွေဟာလည်း ရှိနေတယ် ဆိုတာ'

ဆရာစည်သူ့အသံက တိုးလျလျဖြင့် စိတ်ထိခိုက်ဟန် ရှိသည်။

'ဟုတ်တာပေါ့ ဆရာ၊ ပီတိကို ချိုမြိန်စွာ စားသုံးဖို့ မဟုတ် တိရစ္ဆာန်တစ်ကောင် ခမျာ ပရိဒေဝကို ပွေ့ဖက်လိုက်ရတယ်လေ။ ဒါပေမဲ့ ဆရာရယ်၊ လူသား အားလုံးဆီမှာ အကြင်နာတရား ချို့တဲ့နေပြီ

www.burmeseclassic.com



လို့တော့ တရားသေပြောလို့ မရဘူးထင်တာပဲ၊ ဆရာတို့ ဖတ်ပြီး သားနေမှာပါ၊ ဂေါ်ကီရဲ့ အမေ၊ ဆရာဇမ္ဗူးရဲ့ အမေ၊ အင်း ပြီးတော့ ဆရာတို့ မသိသေးတဲ့ ကျွန်တော့်အငုပ်စိတ်မှာ မြဲနေတဲ့အမေ၊ ဆရာတို့ စိတ်ဝင်စားရင် ပြောပြရဦးမယ်'

ကိုအောင်က ကဗျာတစ်ပုဒ် ရွတ်တော့မယ့် ပုံစံအတိုင်း အောက်နှုတ်ခမ်းကို အပေါ် နှုတ်ခမ်းနဲ့ ဖိသည်။ ခေါင်းကို ယိမ်းနွဲ့နွဲ့ လှုပ်ပြီး စကားစဖို့ အားယူသည်။

၁

ကျွန်တော်တို့ အရှေ့မြောက်ရိုးကို ရုံးထုတ်လာတဲ့ တရားခံတွေ ထားတဲ့ အချုပ်ခန်း ရှိပါလေရောလား၊ သိတယ်နော်၊ အဲဒီရုံးကို ထုတ်လာတဲ့ တရားခံ အမျိုးသမီး တစ်ယောက်နဲ့ သူ့ကလေးလေး အကြောင်းပါပဲ။

ကျွန်တော်က ရုံးအဖွဲ့က ကိုစိုးနိုင်ဆီ အသွားမှာ မြင်ခဲ့ရတာ၊ အမျိုးသမီးနဲ့ကလေးအကြောင်း မပြောခင် အချုပ်ခန်းပုံစံ ပြောရဦးမယ်၊ နေရာက ရုံးကြီးဆင်ဝင်ကနေ ကြည့်ရင် တည့်တည့်နေရာမှာ ရှိတယ်၊ အချုပ်ခန်းနဲ့ ၁၀ ပေကျော် အကွာလောက်မှာ အချုပ်ခန်းကို ပတ်ပြီး သံဆူးကြိုး ကာထားတယ်၊ အချုပ်ခန်းကိုတော့ ပျဉ်နဲ့ ကွက်ကျား တာတာလေ၊ အတွင်းနဲ့ အပြင် လှမ်းကြည့်ရင် မြင်ရတယ်။

အဲဒီမှာ သံဆူးကြိုးအစောင့်ကို ပြေပြေလည်လည် လုပ်နိုင်ရင် အချုပ်ခန်း ကပ်လို့ရတယ်၊ အချုပ်ခန်းနား ကပ်ခွင့်ရပြီဆို ပေးစရာရှိတာ ပေးလို့ ရတယ်၊ နီးနီးကပ်ကပ် စကား ပြောခွင့်လည်း ရတယ်လေ၊ အစောင့်ကို ကြည်သာအောင် မလုပ်ပေးနိုင်တဲ့ သူတွေကျတော့ သံဆူးကြိုး အပြင်ကပြော၊ သံဆူးကြိုး အပြင်က ပေးတယ်ဆိုရင် ကြည်ဆိုပါတော့ဗျာ၊ အချုပ်ခန်းထဲလည်း ရောက်ရော ဖင်တစ်ပဲ ချန်တော့တာ။

www.burmeseclassic.com



အဲ့ဒီ အချုပ်ခန်းမှာပဲ အနေအထားက ပြဋ္ဌာန်းတာ ရှိသေးတယ်

သီးသန့်ခန်းတဲ့၊ အချုပ်ခန်းထဲမှာ ခွဲထားသေးတယ်၊ အနံ့အသက်ကင်းတယ်၊ ချောင်ချောင်ချိချိ ရှိတယ်။

အမျိုးသမီးတွေကျတော့ အခန်းသပ်သပ်၊ ခုနပြောတဲ့ သီးသန့်ခန်းနဲ့ အမျိုးသားတွေ အခန်းကြားမှာ ကျွန်တော် စောစောက ပြောတဲ့ အမျိုးသမီးနားမှာ အဘွားကြီး တစ်ယောက်ဗျ၊ ကလေးလေး ချီလို့၊ ဒီအမေကြီး အချုပ်ခန်းနားထိ ရောက်လာပုံ ထောက်ရင် သံဆူးကြိုးနေရာက အစောင့်နဲ့ ပြေလည်လာပြီလို့ ယူဆနိုင်ပြီ၊ အမေအိုကြီးကြည့်ရတာ ချို့တဲ့တဲ့ ပုံပဲ။ အဝတ်အစား အဆင်အပြင်*ကြည့်တာနဲ့ခန့်မှန်းလို့ ရပါတယ်။

အမေကြီးက ကလေးလေးကို ခါးထစ်ခွင် ချီရင်း ကလေးအမေလို့ထင်ရတဲ့ အချုပ်ခန်းထဲက အမျိုးသမီးရဲ့ အပြင်ထွက်နေတဲ့ လက်ကလေးကို ကိုင်လို့၊ ဆံပင်လေးတွေကိုလည်း ဖွဖွပြီး ခေါင်းကို ပွတ်ပေးရှာတယ်။ အမေကြီးက သူ့လက်ခုံနဲ့ မျက်ရည်တွေ ခဏခဏ သုတ်နေတာကိုလည်း တွေ့ရတယ်ဗျာ၊ ကျွန်တော်က သံဆူးကြိုးနား ကပ်ကြည့်တော့ အကုန် မြင်နေရတာပေါ့။

ခဏကြာတော့ အချုပ်ခန်းထဲက အမျိုးသမီးက ဘေးတိုက်အသာလှဲပြီး အပေါ်အင်္ကျီ နှိပ်သီးတွေ ဖြုတ်ပါရော။ ကျွန်တော် ဒီလောက်ဆိုရင်ကို သိပါပြီ။

ကလေးအမေက အထဲမှာ ကလေးက အပြင်ဘက်မှာ၊ ကလေးနို့စို့နေတာလေဗျာ။ နို့စို့နေတာ။

တကယ်ဆို ကလေးကို အမေ့ရင်ခွင်ထဲ ထည့်ပြီး နို့တိုက်သင့်တာပေါ့နော် ဒါပေမဲ့ . . ။ ဘယ်ဗျာ ကျွန်တော်သာ ရင်ထဲနင့်ပြီး မျက်ရည်ဝဲလာပေမယ့် အချုပ်ခန်းထဲက ကလေး အမေကတော့ သန့်စင်

www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်တဲ့ မျက်လုံး အကြည်ခါတ်နဲ့လေ။ အဲဒီအချိန်မှာ စကြဝဠာကြီးတစ်ခုလုံး မေတ္တာရနံ့နဲ့ ထုံမွှမ်းနေမယ်ဆိုတာ ကျွန်တော် ပြောရဲတယ်'

ကိုအောင့် စကားဆုံးတော့ ကိုသော်မှိုင်းက သက်ပြင်းဖွဖွ ချသည်။

ကိုချစ်ကြည်က စီးကရက် မီးခိုးမျှင်လေးများကို ငေးလျက် ငိုင်တွေနေသည်။

ဆရာစည်သူက အရက်ခွက်လေးကို လှုပ်ခတ်နေသည်။

ကျွန်တော်တို့ စကားဝိုင်းလေး တိတ်ဆိတ်သွားလေသည်။

စံပယ်ဖြူမဂ္ဂဇင်း

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ ကျွန်တော် အရိပ်လေး တစ်နေရာ ပိုင်ဆိုင်ခဲ့ပြီ သဘော်ခေါင်မိုးပေါ်မှာ အရိပ် တစ်နေရာစာကို မလုမယက်ဘဲ ရဖို့ ဘယ်သူစွမ်းဆောင်နိုင်ပါသလဲ၊ ကျွန်တော်ကတော့ စွမ်းဆောင်နိုင်ခဲ့သည်လေ။

၁

မနေ့က ညနေပိုင်း ဆိုင်ပိတ်ချိန်လောက်မှာ လူကြုံက တစ်ဆင့် ဖိတ်စာလေး တစ်စောင် ကျွန်တော့်ဆီ ရောက်လာခဲ့လေသည်။

လူကြုံက ကျွန်တော့် ဆိုင်ကို မရှာတတ်လို့ ဖိတ်စာ ချက်ချင်း လာမပို့ ဖြစ်တာကို တောင်းပန်သည်။

ကျွန်တော်ကတော့ သိပ်မကျေနပ်ချင်။ ကျွန်တော်တို့ရဲ့ တီဗွီ၊ ဗွီဒီယို၊ ရေခဲသေတ္တာ၊ ပန်ကာတွေ ရောင်းတဲ့ မီနီမားကက်လို ဆိုင်မျိုး တောင် မရှာတတ်ဘူး ဆိုတာကတော့ ကျွန်တော့်ကို စော်ကားလိုက်တာနဲ့ မထူးဟု ကျွန်တော် ထင်သည်။ ဒါပေမဲ့ လူကြုံ စာလာပေးသူကို ဘာမျှ စောဒက မတက်လိုက်ပါ။ ကျေးဇူး အခါခါဆိုပြီး လက်ဖက်ရည် ပင် တိုက်လိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာ စာအိတ်လေးကို ဖွင့်ဖောက်လိုက်တော့ တတ္တသိုလ် တက်စဉ်က မခွဲ၊ တတွဲတွဲ နေခဲ့သော ကျွန်တော့် သူငယ်ချင်းရဲ့ မင်္ဂလာဆောင် ဖိတ်စာလေး ဖြစ်နေသည်။ မင်္ဂလာဆောင် အခမ်းအနား ဖော်ပြရက်က မနက်ဖြန်ဆိုတော့ ကျွန်တော့်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ကို ယောက်ယက်ခတ်သွားသည်။

သူငယ်ချင်းရဲ့မြို့က ရထားမရောက်၊ ကားလမ်းလည်း ပေါက်တာ မဟုတ်၊ သင်္ဘောနဲ့ပဲ သွားရလိမ့်မည်။ ကားပေါက်လို့ကတော့ ကျွန်တော့် စပရင်တာလေးနဲ့ ညတွင်းချင်းတောင် သွားလိုက်ဦးမည်။ ခုတော့ သင်္ဘောနဲ့ သွားရပေပြီ။

ရေလမ်းခရီးကို သိပ်သွားဖူးတာ မဟုတ်။ ကျောင်းတက်စဉ်က သူငယ်ချင်း အတန်တန်ခေါ် ၍ တစ်ခေါက် လိုက်သွားဖူးသည်။

ကုန်တွေ၊ လူတွေ ညပ်ခဲ ပြည့်သိပ်နေသော သင်္ဘော (အခု ကျွန်တော်စီးသော သင်္ဘောလောက်တော့ မဆိုး) ကို စီးခဲ့ရသည်။ ဒါတောင်မှ အပ်ပါးကမ္ဘိ သက်သောင့်သက်သာ ရှိခဲ့တာပါပဲ။ ကျွန်တော့် စိတ်အလို အရတော့ မသွားချင်။

ဆိုင်ကိုလည်း မန်နေဂျာနဲ့ လွှဲထားလိုက်ရမှာကို ဝန်လေးလှသည်။ ပြီးတော့ ပင်ပန်း နွမ်းနယ်စွာ သွားရမည့် ခရီးမျိုးကိုလည်း အကြောက်ကြီး ကြောက်သည်။

ဒါပေမဲ့ မသွားလို့ ဖြစ်တာမဟုတ်။ သူငယ်ချင်း စာထဲမှာက အတို့သားလူပျိုရံအဖြစ် ကျွန်တော် လုပ်ရမည်တဲ့လေ၊ အားလုံးစီစဉ်ပြီးသားမို့ ကျွန်တော်မလာရင် သူမျက်နှာပျက်၊ အရှက်ကွဲရတော့မှာဆိုပြီး ကျွန်တော့်ကို ချည်တုပ်ထားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သွားရတာပါပဲ။

လှူမှုရေးအစာမကြေမှာကို ကျွန်တော်က ကြောက်တတ်သည်လေ။

ဆိုင်မန်နေဂျာကို လုပ်ထား ကိုင်ထားရမှာတွေ အတန်တန်မှာ၊ ဒက်ဒီနဲ့ မာမီကို ခရီးထွက်ရမည့် ကိစ္စ ပြောပြီး စူပါကက်လေးဖြင့် သင်္ဘောဆိပ် ပြေးခဲ့ရသည်။ ဆီးရောင်လေး၏ ပြေးရှိန်နဲ့ သင်္ဘော အထက်တန်းလက်မှတ် ရချင်စိတ်တို့ရဲ့ပမာဏ တိုင်းတာနိုင်လျှင်တော့ ကျွန်တော့်စိတ်က နှိုင်းမရအောင် သာခဲ့မည် ထင်သည်။

သင်္ဘောဆိပ်ရောက်တော့ ကျွန်တော်စီးရမည့် သင်္ဘော (အခု စီးနေသည့် သင်္ဘော) က ငါးရက်မှ တစ်စင်းသာ ထွက်သည်တဲ့၊ မနက်ဖြန်မှာ သင်္ဘောပတ်ရှိသည် ဆိုတော့ ကျွန်တော်ဖြင့် ရုတ်တရက် ပျော်သလိုတောင် ဖြစ်သွားသည်။

လက်မှတ်မေးတော့ အထက်တန်းအတွက် လက်မှတ် မရှိတော့၊ ဘွတ်ကင် ပြည့်နေပြီ။ ရိုးရိုးတန်းမှာ ပိုက်ဆံပေး နေရာဦးခိုင်းပါလားတဲ့ လက်မှတ်ရောင်း စာရေးက အကြံပေးသည်။

ကျွန်တော် ဒေါသထောင်းခနဲ ဖြစ်သွားခဲ့သည်၊ နေရာဦးပေးတဲ့ ကောင်လေးတွေကို ငွေအထပ်လိုက် ကျွန်တော် ပစ်ပေးနိုင်သည်။ ဒါပေမဲ့ ကျွန်တော် ရိုးရိုးတန်းက မစီးနိုင်၊ ဘယ်တော့မှလည်း စီးလိမ့်မည် မဟုတ်။

ဒေါသဖြစ်လိုက်ချိန်မှာ ကျွန်တော့် မျက်နှာ အပြောင်းအလဲ ဖြစ်သွားပေမယ့် ဒါကို ချက်ချင်းမှာပဲ ပြင်ဆင်လိုက်နိုင်သည်။ ရယ်တာ မောကာနှင့် 'ပိုက်ဆံ' ပိုပေးမယ်၊ အပ်ပါးတစ်စောင် ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးပါ' ဆိုတော့ စာရေးက ရှုံ့ရှုံ့ရွဲ့ရွဲ့ သူ ဘယ်တော့မှ မှောင်ခိုမရောင်းတဲ့အကြောင်း၊ ရောင်းလို့လည်း မရတဲ့အကြောင်း၊ ပစ်ပစ်ခါခါ ပြောချိန်မှာ စာရေးရဲ့ မျက်နှာမှာ မာနရိပ်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

'တစ်ခါတလေမှာ အထက်တန်း ကြိုတင်လက်မှတ်က ပျက်ကွက်တဲ့လူ ရှိတတ်ပါတယ်၊ အဲဒီလို ပျက်ကွက်တဲ့အခါဆို ထပ်ရောင်း ပေးပါတယ်၊ မနက်ဖြန် စောစောတော့ ကြွခဲ့ပေါ့ဗျာ'

စာရေးရဲ့ ဘေးမှာ ထိုင်နေသူ (ကုန်ထမ်းအလုပ်သမား ဖြစ်ဟန်တူသည်) က ပြေပြေပျော့ပျော့ ပြောတော့ ကျွန်တော့် ခက်ထန်ထန်စိတ်က အနည်းငယ် လျော့ကျသွားခဲ့သည်။

ည အိမ်ပြန်ရောက်တော့လည်း ကျွန်တော့်မှာ ဘယ်လို့မှ အိပ်လို့မရ၊ သင်္ဘောလက်မှတ် မရလိုက်မှာကို အစိုးရိမ်ကြီး စိုးရိမ်နေခဲ့သည်။

အထက်တန်းစီးမယ့်သူတွေရဲ့ သွားလာရေးကိစ္စ ပျက်ပြား သွားစေချင်သည်။

တကယ်ပါပဲ၊ ကျွန်တော်ဖြင့် ရိုးရိုးတန်းက စီးလိုက်ရရင် သင်္ဘောပေါ်မှာ မွန်းကျပ် မေ့မြောသွားမလား မသိ။ ကုန်စိမ်းတွေ တုန်ခြောက်တွေ၊ ဆီပီပါတွေ (တိရစ္ဆာန်တွေတောင် ပါသေး) ကြားမှာ ခြေချစရာ တစ်နေရာတောင် ခဲယဉ်းလွန်းတဲ့ ရိုးရိုးတန်းလို နေရာမျိုးတတော့ ကျွန်တော့်တစ်သက် စီးမှာလည်း မဟုတ်။ ကျွန်တော်က သူနဲ့၊ ချွေးနံ့၊ အနံ့ဆိုး အားလုံးကို ကြောက်တတ်သည်လေ။ ဒီနေ့ မနက် ၄ နာရီထိုးပြီးတာနဲ့ ကျွန်တော် သင်္ဘောဆိပ်ကို ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောအောက်ထပ် နောက်ပိုင်း ရှိုးရှိုးတန်းနေရာဆီကို လူတွေ တဖွဲဖွဲ လာနေကြသည်။ တချို့ကလည်း ဝက်တွေ၊ ကြက်ခြင်းတွေ ကြားမှာ တုံးလုံးပက်လက် အိပ်ပျော်လို့၊ သူတို့ကို ကြည့်ပြီး ကျွန်တော် ကြက်သီးမွေးညင်းပင် ထသွားသည်။ ဘယ်လိုလူတွေလဲ၊ ဘယ်အချိန် တည်းက သင်္ဘောပေါ် ရောက်နေကြတာလဲ၊ ညအိပ် နေရာယူတာ လား၊ အစောကြီး ထလာတာလား၊ ဒီထက် စောရရင်တော့. . .။

ကျွန်တော် သူတို့အစား ရင်တုန်လှသည်။ ဒါပေမဲ့ ဒီကိစ္စက ပြဿနာမှ မဟုတ်တာ၊ ကျွန်တော့်အတွက် အထက်တန်းလက်မှတ်၊ ဒါက အရေးကြီးသည်။ စာရေးဆီ ဝင်စုံစမ်းတော့ ၆ နာရီမထိုးခင်မှာ ပျက်ကွက်အတွက် ရောင်းပေးမည်ဆိုတော့ ကျွန်တော့်မှာ စိတ်မအေး နိုင်ဘဲ စိတ်ဓာတ် အင်အားတွေ ကျပြီးရင်း ကျလာခဲ့သည်။

လက်မှတ်ရုံနှင့် မလှမ်းမကမ်းမှာ ရှိနေသည့် လက်ဖက်ရည်ဆိုင် လေးမှာ သွားထိုင်လိုက်တော့သည်။ ကျွန်တော် သောက်ချင်သည့် မာလ်တိုဗာ မရှိ။ နက်စ်ကောင်မှ မရှိ၊ ချက်နို့ဆီနဲ့ ဖျော်ထားတဲ့ လက်ဖက်ရည်ကိုတော့ ကျွန်တော် ဘယ်လိုမှ မျိုမကျနိုင်၊ တစ်ငုံ နှစ်ငုံ တောင် ကျွန်တောင် သောက်ချင်စိတ် မရှိ။

ဒါပေမဲ့ ကျွန်တော် လက်ဖက်ရည် တစ်ခွက် မှာလိုက်ပြီး စားပွဲ ထောင့်စွန်းဆီ ပို့ထားလိုက်သည်။ ဘာမှ မမှာဘဲ ခပ်ကြောင်ကြောင် ထိုင်မှာ မဟုတ်။

ဒါမျိုး ကျွန်တော် ရှက်တတ်သည်လေ။

အိတ်ထဲမှာ ပါလာသည့် ကျွန်တော့် ကင့်န်တ် စီးကရက် ၃ လိပ် ကုန်ချိန်မှာ ၅ နာရီ ခွဲလေပြီ။ လက်မှတ်ရုံကို ပြန်သွားတော့ ဘွတ်ကင်

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပျက်ကွက်မရှိတဲ့။ ကျွန်တော်ဖြင့် နံနက်ခင်းမှာပင် ချွေးစို့လာလေသည်။

စာရေးက သိပ် အရေးကြီးရင်လည်း သဘော်ခေါင်မိုးပေါ်တစီးပါလားဟု မပွင့်တပွင့် ပြောတော့ စာရေးမျက်နှာကို ပိတ်ထိုးပစ်ချင်စိတ် အဆမတန် ကဲထွက်လာသည်။

ဒါပေမဲ့ ကျွန်တော့်စိတ်ကို ကျွန်တော် ထိန်းနိုင်ခဲ့သည်။

စိတ်လိုက်မာန်ပါ ရမ်းကားတာမျိုးကို ကျွန်တော် စက်ဆုပ်တတ်သည်လေ။

၁

ဒီလိုနဲ့ သဘော်က ထွက်ခွာမည့်အချိန် နီးလာခဲ့သည်။

သဘော် ခေါင်မိုးပေါ်ကို ယောကျ်ားသားများ အလျှိုလျှိုတက်သွားကြတာကို ကျွန်တော် အတိုင်းသား မြင်နေသည်၊ ဒါနဲ့ပဲ ကုန်းဘောင်တံတား ဆွဲသိမ်းဖို့ လုပ်နေချိန်မှ စိတ်တုံးတုံးချ ဆုံးဖြတ်ပြီး နေပါဦး တားရင်း သဘော်ဆီ လျှောက်ခဲ့ရသည်။ အပြေးတောင် မသွားရဲ၊ ကျွန်တော့် ခွာမြင့် ကက်ဂလုပ် ဖိနပ်က ရွှံ့စေးများ ပေကျံနေသော ကုန်းဘောင်ပေါ်မှာ ချော်ချက်ကျသွားနိုင်သည်။

ကျွန်တော် အထက်တန်း အခန်းကိုလည်း စိတ်မကူးတော့၊ ရိုးရိုးတန်း နေရာကိုတော့ လုံးဝ ကွင်းရှောင်ပစ်လိုက်သည်။

ကျွန်တော် သံလှေကားလေးက တစ်ဆင့် သဘော်ခေါင်မိုးပေါ်ကို သတိကြီးစွာဖြင့် တက်လာခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက် ၆ နာရီအတိမှာပင် သင်္ဘောက စတင် ထွက်ခွာလာပြီး ရေစီးကို ဒေါကြီး မောကြီး ထိုးခွဲသွားပေပြီ။ သင်္ဘောရဲ့ ခေါင်မိုးပေါ်မှာ ကျွန်တော်တစ်ယောက် သီးသန့်၊ လွတ်လပ်စွာ နေရာတစ်နေရာ ရခဲ့ပြီ။

မြစ်ပတိုဘက်ကမ်း အောက်ထဲကနေ နေလုံးက ထိုးထွက်လာဖို့ အားယူနေသည်။ အေးစိမ့်မှုကဲသော လေက ကျွန်တော့် မျက်နှာ၊ ဆံပင်၊ ရင်အုံတို့ကို ထိပါးနေသည်။ သန့်ရှင်း လတ်ဆတ်သော လေရဲ့ အရသာကို ကျွန်တော် တွေ့ခဲ့ပြီ။ ရှိုးရိုးတန်းနဲ့ အပ်ပါးက လူတွေတောင် သနားမိသေးရဲ့။

ကျွန်တော် ကျေနပ်နေသည်။

(အခုမှ ခေါင်မိုးပေါ်က လူတွေကို ကျွန်တော် ကြည့်မိပေ့။ ပီပါကြီး သုံးလေးလုံး ဆင့်ထားသလို ရှိသည့် ခေါင်းတိုင်ကြီးနားမှာ လူတွေ ပြွတ်ခဲ အုပ်ဖွဲ့ထိုင်နေကြသည်။ ခေါင်မိုးပြင် အကျယ်ကြီးပေါ်မှာ ကျပ်ခဲစွာ ထိုင်နေတာကို ကျွန်တော်ဖြင့် အံ့သြလို့ မဆုံးနိုင်တော့)

မနက် ၇ နာရီလောက်မှာ နေလုံးက ကျွန်တော်တို့ သင်္ဘောနှင့် ရင်ပေါင်တန်းနေသည်။ တဖြည်းဖြည်း မြင့်တက်လာမည်။ ပြီးတော့ အစွမ်းကုန် ပူမှာလား မသိ။ ကျွန်တော့်မှာ စိုးရိမ်လာနေမိသည်။

တကယ်ပါပဲ။ ကျွန်တော် စိုးရိမ်သလိုပင် နေလုံးက သင်္ဘောထက် မြင့်တက်လာချေပြီ။ အပူဒဏ်ကို စတင် ခံစားနေရပါပြီ။ ကျွန်တော် မကြိုက်၊ သည်အလင်းရောင်၊ သည်အပူကို မကြိုက်။

သားရေအိတ်ထဲမှ ရေဘင်န် မျက်မှန်ကို ထုတ်တပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ရေပြင်ကို လှမ်းကြည့်တော့ ညို့မှောင်လို့ သွားသည်။ လက်တိုင် ပဝါကို ခေါင်းပေါ် ဖြန့်တင်လိုက်သည်။

ကျွန်တော့်ရဲ့ အပူဒဏ် ကာကွယ်မှုက ဘယ်လိုမှ မရတော့။ ကျွန်တော် လည်စင်း ခံနေရတဲ့ သိုးတစ်ကောင်လို ဖြစ်နေသည်။

ခေါင်းတိုင်ဘေးက လူတွေကတော့ ခေါင်းတိုင်က ကျလာတဲ့ အရိပ်အောက်မှာ။ ကျွန်တော် မနာလိုဘူး။ သူတို့ကို မနာလိုဘူး။ ဝယ်ပစ်လိုက်ချင်တယ်။ ဒီအရိပ်ကို ဝယ်လို့ရရင် ဝယ်ပစ်လိုက်ချင် တယ်။ ခင်ဗျားတို့ ရောင်းမလား၊ ကြိုက်သလောက် ယူစမ်း၊ ပိုက်ဆံ တစ်ထပ်ကြီး ကျုပ်ဆီမှာ ပါတယ်၊ ကျွန်တော့် ရင်ထဲမှာ ယောက်ယက် ခတ်နေပြီ။

ကျွန်တော့်အကြည့်ကို ဟိုဟိုသည်သည် ရွှေ့တော့ ကျွန်တော့်လိုပဲ သီးသီးသန့်သန့် ထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

သည်လူက ကျောပေးထားသည်မို့ မျက်နှာကို မမြင်ရ၊ ဝတ်စား ဆင်ပြင်က ဘယ်လိုမှ အဆင်အသွေး မပေါ်။ ကျွန်တော့်ဆိုင်က အလုပ်သမားတွေကမှ သူ့ထက် အပြတ် သားနားဦးမည်။ ခုတော့ သည်လူ့ အဝတ်က ညစ်မှုန်လှသည်။

ကျွန်တော်သည် သူ့ကို ကြည့်ရင်း ကြည့်ရင်းမှာပင် ရုတ်တရက် ပျော်လာသည်။

သည်လူက နေရောင်ဘက်ဆီ မျက်နှာမူ၊ ခေါင်းငိုက်စိုက် ချထား သည်မို့ သည်လူ့ရဲ့ အရိပ်က သဘောင်္ပေါ်မှာ လဲကျလျက်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ခေါင်းတိုင်အရိပ်မှာ ကျပ်ကျပ်တည်းတည်း ခိုလှုံသူတွေ မသိတာလား၊ သတိမထားမိတာလား နှမြောဖို့ပင် ကောင်းသေးတော့။

ကျွန်တော် ,ထိုင်ရာက ဖင်တရွတ်ဆွဲပြီး ထိုလူ့အရိပ်ဆီ သွားလိုက်သည်။ လမ်းလျှောက်ပြီးတော့ မသွားရဲ၊ လှုပ်လှုပ် အနေအထားမှာ ကျွန်တော် လမ်းမလျှောက်ရဲပါ။

ကျွန်တော် အရိပ်လေးဆီ ရောက်သွားခဲ့ပြီ။ ဒူးဆန့်၊ ခြေဆန့် အနေအထား မဟုတ်ပေမယ့် သက်သောင့် သက်သာစွာ နေရာ အေးအေးလေးတစ်ခု ကျွန်တော် ပိုင်ဆိုင်ခဲ့ပြီ။ စောစောက ရှန်းကြွ နေသော ဒေါသများလည်း ပြေလျော့သွားပြီ ဖြစ်သည်။

အိတ်ထဲမှ ကင့်စ်တ် တစ်လိပ် ထုတ်သည်။ စီးကရက်ကို တရှိုက် မက်မက် ဖွာရှိုက်ပြီး တစ်ဝက်ကျိုးချိန်လောက်မှာ ကျွန်တော့်အတွက် အရိပ်ပေးသော ပုဂ္ဂိုလ်ကို စီးကရက် တစ်လိပ်လောက် တိုက်လိုက်ဖို့ စိတ်ကူးမိသည်။

သည်လူကတော့ ကျွန်တော် တိုက်လိုက်မယ့် စီးကရက်ကို မြင်ဖူး မည်တောင် မထင်။ သူ့အတွက် တစ်သက်လုံး ပြောစရာ၊ ကြွားစရာ စီးကရက်လေး ဖြစ်နေမှာလား မသိ။ ကျွန်တော် စီးကရက်တစ်လိပ် တိုက်လိုက်ပါမည်။

'ဒီမှာ . . . ဒီမှာ' ကျွန်တော် ထိုလူ့ ကျောကို လှမ်းပုတ်ပြီး ခေါ်လိုက်တော့ ထိုလူ ကျွန်တော့်ဘက် လှည့်လာသည်။

ရုတ်တရက် ကျွန်တော် ခုန်ထပစ်တော့မလို ဖြစ်သွားသည်။ ကျွန်တော့်လက်ဖျံမှာ၊ ခြေထောက်မှာ၊ တစ်ကိုယ်လုံးမှာ ကြက်သီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြန်းခနဲ ထလာသည်။ သွေးတောင် ဆုတ်သွားခဲ့သလား မသိ။ မျက်နှာက ပွရောင်းရောင်း၊ နှာခေါင်းကဆို ပြားကပ်လို့တောင် နေသည်။ နားရွက် နှစ်ဖက်ကလည်း ထူအမ်းအမ်း။ ကျွန်တော့်ကို မေးငေါ့ပြပြီး 'ဘာလဲ' ဆိုသည့် အသံက နှာခေါင်းသံ အပြည့်၊ နှာစေး နေသည့်သူ တစ်ယောက်ရဲ့ အသံနဲ့တောင် မတူ။ ကျွန်တော် တံတွေးကို ပျစ်ခနဲ ထွေးချင်စိတ်တောင် ပေါ်လာသည်။

ထိုလူ ပြန်လှည့်သွားတော့ ကျွန်တော့် ရင်က မြင်းအကောင် တစ်ရာလောက်ရဲ့ ခွာသံတွေလို မြည်းဟည်း တုန်ခါနေလေသည်။

၁

ညနေ ၅ နာရီလောက်မှာ ကျွန်တော့် သူငယ်ချင်းရဲ့ မြို့ကလေးကို သင်္ဘောဆိုက်ကပ်လိမ့်မည်။ ကျွန်တော် စီးရတဲ့ သင်္ဘောခရီးစဉ်ကတော့ နေရောင်အောက်မှာ ပူပြင်း ရှုတစွာ. . .။

ဒါပေမဲ့ ကျွန်တော် သိပ်မမှု၊ ကျွန်တော့်အတွက် အရိပ်ကလေး တစ်ခု လုံခြုံစွာ ရနေပြီ။


ကျွန်တော်က ပူပြင်းမှုဒဏ်ကို ကြောက်တတ်သည်လေ . . .။

၁၉၈၉ အောက်တိုဘာ

ရှပ်ရှင်တေးကဗျာ မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပျော့ခွေ လျော့ရဲနေတဲ့ ခြေလှမ်းတွေဟာ ဖလံကုန်းရွာထိပ်လည်း ရောက်ရော -

'ကျွန်တော်များ ဖလံကုန်းကျေးရွာ ဘောလုံး လက်ရွေးစင် အသင်းနဲ့ မန္တလေး တက္ကသိုလ် ကျောင်းသား လက်ရွေးစင်အသင်း တို့ရဲ့ ချစ်ကြည်ရေး ဘောလုံးပွဲကြီးဟာဖြင့် သူနိုင် ကိုယ်နိုင် ယှဉ်ပြိုင်ကြတော့မှာမို့ မကြည့်လိုက်ရ မရှိရလေအောင်နော် ကြုံတောင့် ကြုံခဲ ဘောလုံးပွဲကြီး ဖြစ်တာမို့နော်၊ ဖလံကုန်းရွာ အားကစားကွင်းကြီးမှာဖြင့် ဒီနေ့ ညနေ ၄ နာရီခွဲ အရောက် လှမ်းလို့ အားပေးကြပါဦးနော်'

ထန်းပင်ထိပ်က စပီကာရဲ့ ကြေညာသံဟာ နားထဲကို ကန့်လန့်ဖြတ်ရော၊ ဒေါင်လိုက်ရော၊ အစောင်းလိုက်ရော ဝင်ချလာလိုက်တာ။

နဂို နွေးပျော့နေတဲ့ ခြေလှမ်းတွေ ရှေ့ဆက် မတက်တော့ဘူး။

ကျွန်တော်တို့အားလုံး ဆရာဦးကံစောကို တစ်ပြိုင်နက် ကြည့်မိကြတယ်။ မျက်လုံးတွေ အားလုံးက ဆရာ့ကို 'အားကိုးတကြီး' ဆိုတဲ့ ဝေါဟာရ ထည့်သွင်းလို့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာက ရိပ်မိပုံရတယ်။ 'ရွာထဲရောက်မှ မေးကြည့်တာပေါ့ဗျာ ဘာပဲဖြစ်ဖြစ် မင်းတို့ အဆင်သင့်တော့ ပြင်ထား' ရွာထဲရောက်တော့ ဆရာက ရွာသူကြီးအိမ်ဘက် ချိုးဝင်သွားတယ်။ ဆရာက ဝဖိုင့်ဖိုင့် ပုကွကွပေမယ့် ဘူမိဗေဒ လက်ထောက် ကထိကတစ်ယောက် ပီပီ ခြေလှမ်းက အရမ်းသွက်တယ်။ ကျွန်တော်တို့ တတိယနှစ်ကျောင်းသား တွေ၊ အသက် ၂၀ ဝန်းကျင်တွေထက် သူက ပိုသွက်နေသေးတယ်။

မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ဖလံကုန်းကျေးရွာမှာ စခန်းချ နေတဲ့ မန္တလေးတက္ကသိုလ်၊ ဘူမိဗေဒဌာန တတိယနှစ် ကွင်းဆင်းအဖွဲ့ ၃ ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဆရာဦးကံစောဟာ ဧပြီလဆန်း အပူချိန် ၁၀၈˚F လောက်ကို ထီးဆောင်းထားသလား အောက်မေ့နေတယ်။ မနက် ၆ နာရီကနေ စခန်းက စထွက်၊ ညနေ ၄ နာရီမှ စခန်း ပြန်ဝင် နေ့လယ် ထမင်းစားချိန် ၂ နာရီလောက် ပေးနားတယ်။

လမ်းလျှောက်ရင်း စာသင်သွားတာ လွင်ပြင်၊ လျှို၊ ချောင်းကော တွေ ဖြတ်၊ ကျောက်ဆောင်တွေရဲ့ အငိုက် အစောင်း ဒိဂရီတိုင်း ကျောက်တွေ နမူနာကောက် ကျောက်ဖြစ်ရုပ်ကြွင်းရှာ၊ မမောမပန်း လုပ်သွားတော့ ကျွန်တော့်တို့ အဖွဲ့ (၃) ၁၃ ယောက်ကလည်း ဆရာ့ ခြေရာမီအောင် လိုက်ရတော့တာပေါ့။ ဒါကြောင့် တွက်ကြည့်ရင် တစ်နေ့တစ်နေ့ လျှောက်တဲ့ ခြေလှမ်းတွေဟာ မိုင် ၂၀ အထက်မှာ ရှိတယ်။

ဆရာက စည်းကမ်းလည်း တင်းကျပ်တယ်။ ပါမောက္ခ ဒေါက်တာ မောင်သိန်း၊ ကထိက ဦးသော်တင့်၊ ဦးဘမော်တို့ရဲ့ တပည့်ဆိုတော့ ဒီလောက်တော့ ရှိရမှာပဲလို့ ဖိုင်နယ် ကျောင်းသားကြီးတွေက ပြောပြ ဖူးတယ်။ မနက် ၅ နာရီ အိပ်ရာထရတယ်။ မနက် ၆ နာရီတိတိမှာ ကွင်းဆင်းဧရိယာကို စထွက်ရတယ်။ တစ်နာရီအတွင်းမှာ ထမင်းချက် ကြီး ဦးညွန့်ရွှေ ကျွေးတဲ့ ထမင်းကြော် စား၊ ကွင်းဆင်းဝတ်စုံ အပြီးဝတ်

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဘူး၊ ရေဘူး၊ ဘူမိဗေဒသုံး တူ၊ မှတ်စုစာအုပ် အားလုံး ခါးမှာ ချိတ်ပြီး ဖြစ်နေရမယ်။ နောက်ကျလို့ကတော့ အမှတ်လျှော့မယ်။ ကွင်းဆင်းဘာသာရပ်က အရေးကြီးတယ်။ ဂရိတ် ၅ ပေးထားတော့ ၃ လောက်မှ မရတဲ့ ကျောင်းသား ပါမောက္ခ ခေါ်တွေ့ ခံရဦးမယ်။ ဒီရှာဇရိယာ ကွင်းဆင်းပြီးရင် ကျောက်ဆည်၊ မြင်းမွေးတောင်ကို စခန်းပြောင်းရမယ်။ အဲဒီမှာ ပါမောက္ခ ဆရာသိန်း ရှိတယ်။ ဆရာက တစ်ဦးချင်း လူတွေ့ နှုတ်ဖြေ စစ်မယ်။ ဒါကြောင့် ဘယ်သူမှ မခိုမကပ်ရဲဘူး။ ဆရာသင်တာ အမိအရ လိုက်မှတ်ရတာ ပင်ပန်းတယ်။ ညနေ ကွင်းဆင်း အပြန် ကျွန်တော်တို့ စခန်း ဖြစ်တဲ့ ဖလံကုန်း ရွာရဲ့ ဘုန်းကြီးကျောင်းဝင်းထဲက မူလတန်းကျောင်းလေးထဲ ရောက်တာနဲ့ တောစီး ဖိနပ်ချွတ်ပြီး အိပ်ရာထဲ ပစ်လှဲလိုက်ချင်တာပဲ သိတယ်။ ခုတော့ နားမယ် မကြံသေးဘူး။ ဘောလုံးကန်ရမတဲ့။ ကျွန်တော်တို့ အားလုံး ဘယ်လိုမှ စိတ်မပါဘူး။

ကျွန်တော်တို့ ၁၃ ယောက်လုံး အိပ်ရာထဲမှာ ခြေထောက်တွေ လက်တွေ မိုးပေါ် ထောင် လှဲနေရင်း ဆရာ ပြန်အလာကို ရင်တထိတ်ထိတ်နဲ့ စောင့်နေတာ အသံမထွက်ဘူး။ ခြေထောက်တွေ လက်ချောင်းတွေက လမ်းလျှောက်ရလွန်းလို့ သွေးကျတာမို့ ဖောင်းကားကားလေးတွေ ဖြစ်နေတာ။ ဒါကြောင့် နားချိန်မှာ ထောင်ထားရတယ်။ ၁၀ မိနစ်လောက် ဆိုရင်တော့ ပုံမှန် ဖြစ်သွားတာပေါ့။

အသံချဲ့စက်က ရွာဘောလုံးကွင်းဆီ ပြန်ရောက်သွားပုံ ရတယ်။ မန္တလေးတက္ကသိုလ် လက်ရွေးစင်ဘောလုံးအသင်းရဲ့ ကစားကွက်ကပဲ သာလေမလား၊ ဖလံကုန်းကျေးရွာ လက်ရွေးစင်အသင်းရဲ့ တွဲဖက်ညီညီ တိုက်စစ် ခံစစ်ကပဲ သာလေမလား မကြာခင် ရှုစားရတော့မှာမို့ . . ဘာညာနဲ့ အသံချဲ့စက် ကြေညာတဲ့သူကတော့ အတို့အထောင် လုပ်နေလေရဲ့။ မန္တလေးတက္ကသိုလ်အသင်းရဲ့ တကယ့်လက်ရွေးစင်တွေ ဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်းချမ်း၊ ကိုခင်မောင်ထွန်း၊ ချစ်ဖူးတို့သာ သိရင် တက်သေလောက်တယ်။ ကျွန်တော်တို့ အဖွဲ့ထဲမှာ လောက်လောက်လားလား ဘောလုံးကန်တတ်တာ ဆိုလို့ မေဂျာ လက်ရွေးစင်ဖြစ်တဲ့ အောင်ကျော်ညွန့်၊ အောင်ဝင်း၊ တင့်လွင်တို့ပဲ ရှိတယ်။ ကျွန်တော်၊ ခင်မောင်လန်း၊ စန်းဝင်း၊ ဇော်ဝင်း၊ သန်းဝင်း၊ ကိုဝင်းတင့်၊ မင်းအောင်၊ မောင်မောင်ဝင်း၊ ကျော်ဝင်းနဲ့ ကိုကိုထွေးတို့ကတော့ ဝါးတားတားပဲ။ ကိုဝင်းတင့်က မှန်ဘီလူးကို မျက်မှန်လုပ် တပ်တဲ့လူ၊ ဇော်ဝင်းက အရပ် ၄ ပေ ပြည့်ရုံလောက် ရှိတာ။ ကျွန်တော်ကရော ဘာထူးလို့လဲ၊ ခြေသလုံး ပလွေရိုး၊ ကိုကိုထွေးထက် နည်းနည်းပဲ သာလိမ့်မယ်။

အောင်ကျော်ညွန့်၊ အောင်ဝင်း၊ တင့်လွင်တို့ကတော့ ကျောင်းလက်ရွေးစင်ဖြစ်ကဲ့ ဘူမိဗေဒက ကိုငြိမ်းချမ်း၊ ဘိုတူးတို့နဲ့ တွဲကစားနေတာမို့ ကစားနိုင်တယ် ဆိုဦးတော့ သူတို့လည်း ခုဆို ခြေပစ်လက်ပစ်ဖြစ်နေပြီ။ ဆရာ ဘောလုံး မကစားဖို့ ငြင်းခဲ့ပါစေလို့ပဲ ဆုတောင်းနေရတော့တယ်။

ကျွန်တော်တို့ စခန်းဆောင်ထဲကို ဆရာ သုတ်သီးသုတ်ပျာ ဝင်လာရင်း 'ကဲ ဟေ့ လုပ်လုပ် ဘောလုံးက မကန်လို့ မဖြစ်ဘူး ပရိသတ်က အများကြီး၊ ဘေးရွာတွေကပါ ရွာလုံးကျွတ် လာကြည့်တာ'

ဟာ သွားပြီ။ ကျွန်တော်တို့ဆုတောင်း မပြည့်ဘူး။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိတော့ မျက်နှာငယ်လေးတွေနဲ့။ ကိုဝင်းတင့်တတော့ မျက်မှန်ချွတ်ပြီး မျက်လုံးပွတ်နေတယ်။ ငိုတာတော့ မဖြစ်တန်ဘူး ထင်တာပဲ။

'မင်းတို့ ဖိနပ်စီးကန်မှ ရမယ်၊ ကွင်းက ကျောက်ဖြုန်းတွေ ပြီးတော့ ရွာအသင်းက ဘောကန်ဖိနပ်တွေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဆရာပြောတာနဲ့ နံစော်နေတဲ့ ခြေအိတ်တွေ ထိုးထည့်ထားတဲ့ တောစီးဖိနပ်တွေ ကောက်ကိုင်ရပြန်ရော။ တောစီးဖိနပ်နဲ့ ဘောလုံးကန်ရလို့ကတော့ ဘယ်လိုမှ ပြေးနိုင်မယ် မထင်ဘူး။ ဘယ်သူမှလည်း ကင်းဗတ်ဖိနပ်တောင် မပါဘူး။

ကျွန်တော်တို့ကို ဆရာဦးဆောင်ပြီး ဘောလုံးကွင်းဆီ ခေါ်လာတော့ နဂိုက ယိုင်နဲ့နဲ့ ခြေထောက်တွေဟာ မလှုပ်ချင် မသယ်ချင် ဖြစ်နေကြပြီ။ ဆရာကတော့ သူ့ထုံးစံအတိုင်း ရှေ့ကနေ တက်ကြွနေလိုက်တာ။ ကျွန်တော်တို့ အပြေး လိုက်နေရတယ်။

အားပါး . . . ဆရာပြောတဲ့အတိုင်း ပါပဲလား။ ဘောလုံးကွင်း ပတ်ပတ်လည်မှာ ပရိသတ်က အပြည့်။ ယောက်ျား၊ မိန်းမ၊ ကလေးခွေး အပြည့်။ မန္တလေးတက္ကသိုလ် အသင်းနဲ့ ပြည်သူ့ရဲ အသင်းတို့ ဗထူးကွင်းမှာ ဖိုင်နယ်ကစားတုန်းက ပရိသတ်ကို မြင်ယောင်မိတယ်။ ကွင်းပြည့် ကွင်းလျှံ။

ကွင်းထဲမှာ သွေးပူ လေ့ကျင့်ခန်း လုပ်နေတဲ့ ရွာခံ ဘောလုံးအသင်းက အကျီနီ၊ ဘောင်းဘီဖြူ၊ ခြေအိတ်အနီ၊ ဘောကန်ဖိနပ် အပြည့်အစုံ။

ဆရာက 'ဝင်းတင့်နဲ့ ဇော်ဝင်းနေ၊ ကျန်တဲ့ကောင်တွေ ကွင်းထဲဝင်တော့' ဆိုတော့ မကန်ရလောက်ဘူး ထင်နေတဲ့ ကျွန်တော့်မှာ ဖိနပ်ကြိုး မစည်းရသေးတာမို့ အမြန်စည်းရသေးတယ်။ စွပ်ကျယ်လက်တို အဖြူ၊ ဘောင်းဘီတို အရောင်စုံ၊ တောစီးဖိနပ်တွေ ကိုယ်စီနဲ့ ကျွန်တော်တို့ ၁၁ ယောက် ရွာခံအသင်းနဲ့ လက်ဆွဲနှုတ်ဆက်နေချိန်မှာ ကွင်းကို လေ့လာမိတယ်။ ကွင်းက ကျောက်စရစ်တွေ တင်းကျပ်၊ ကွင်းလယ်စည်းနားမှာ ထန်းပင်ကြီးတစ်ပင်က ထီးထီးကြီး၊ ကွင်းအား ဆရာသင်တဲ့ အငိုက် အစောင်းနဲ့ ပြည့်စုံတယ်။ ပရိသတ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းတယ်။ အိုးစည် လင်းကွင်းတွေတောင် ပါတယ်။ ဒီပုံ ဒီပရိသတ်နဲ့ဆို ကျွန်တော်တို့ လေး ငါးဂိုး ပြတ်တော့ အတီးခံရမှာပဲ။

ဒိုင်လူကြီး ဝီစီ မမှုတ်ခင်မှာ ကျွန်တော်တို့ နေရာယူရမှာ သိပေမယ့် ဘယ်သူ ဘယ်နေရာမှာ ကစားရမှန်း မသိတာမို့ ကွင်းလယ်မှာ ယောင်တောင်တောင် ရပ်နေတော့ အရှည်ကြီး တင့်လွင်က 'ငါ ဂိုးစောင့်မယ်၊ ရဲလွင်၊ သန်းဝင်း၊ ကိုကိုထွေး၊ မင်းအောင်က နောက်တန်း။ ခင်မောင်လန်း၊ စန်းဝင်း အလယ်၊ အောင်ကျော်ညွှန့်၊ အောင်ဝင်း၊ ကျော်ဝင်းနဲ့ မောင်မောင်ဝင်း ရှေ့က ကစား၊ ဖိုးတူးဖိုးပေါ့ကွာ၊ အဲဒါ ဘာရာဇီး ကစားဟန်ပဲ'

ခပ်တည်တည်နဲ့ ကပ္ပတိန် လုပ်တဲ့ တင့်လွင် စကားအတိုင်း ကျွန်တော်တို့ နေရာယူလိုက်တယ်။ 'ဝင်း' က ကစားရင် ပိုပင်ပန်းမှာမို့ ကျွန်တော် ညာအတွင်းနေရာကို အပြေးအလွှား ယူထားလိုက်တယ်။

ဒိုင်လူကြီး ခရာမှုတ်လိုက်ချိန်မှာ ဂိုးတိုင်ဘေး ဝေါင်စင်းစင်း ထိုင်နေတဲ့ ကိုဝင်းတင့်ကို နာရီမေးတော့ လက်လေးချောင်းထောင် ဘယ်လက်ဝါးပေါ် ညာလက်ညှိုးထောက်ပြတယ်။ ၄ နာရီခွဲ ဆိုတဲ့ အဓိပ္ပာယ်။

ညနေ ၆ နာရီကျော်လောက်မှာ ဘောလုံးပွဲပြီးမယ်။ ရွာကနေ ၁ မိုင်လောက် လှမ်းတဲ့ ရေတွင်းမှာ ရေချိုး၊ ထမင်းစားပြီးရင် ၈ နာရီလောက် အနည်းဆုံး သွားမှာပဲ။ နောက်တစ်နေ့ ကွင်းဆင်းဖို့ကို ဆရာက အနားပေးမှာလား မသိဘူး။ သူတပည့်တွေ သိပ်ပင်ပန်းနေပြီဆိုတာ ဆရာသိမှာပါ။ တစ်ရက်လောက် အနားရရင် သန်းဝင်းနဲ့ အောင်ဝင်းကတော့ အကြိုက်နေမှာ။ ဒီကောင်နှစ်ကောင်က ရှောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာ 'ကြောင်' ရမှ။ ဒါကြောင့်လည်း သူတို့ကို ဖော်ပူး၊ သန်းပူးလို့ ခေါ်တာနေမှာ။

ညနေ ၄ နာရီခွဲ၊ နေကလည်း အစွမ်းကုန် ပူကောင်းတုန်း။ ကျွန်တော်ကတော့ ဘောလုံး ကိုယ့်ဆီလာရင် ကျုံးကန်ထည့်လိုက်မှာပဲ။ ပြေးပြေးလွှားလွှားတော့ မလုပ်နိုင်ပါဘူး။ တွေးလို့မှ မဆုံးသေးဘူး၊ ဘောလုံးက ကျွံဝင်လာတယ်။ ရှိသမျှ အားအကုန် ထည့်ကန်လိုက်တာ ဘောလုံးက ကျွန်တော်တို့အတွက် ပေးထားတဲ့ တစ်ခုတည်းသော သောက်ရေအိုးကြီးကို မိမိရရ မှန်သွားတာ။ အိုးလည်း ခွမ်းခနဲ ကွဲတယ်။ ပရိသတ်ကတော့ တဝါးဝါးနဲ့ ပွဲကျသွားပေမယ့် ကျွန်တော့်ကောင်တွေရဲ့ မျက်စောင်းတွေက တိုင်ပင်ထားတာကမှ နောက်ကျဦးမယ်။

ပွဲချိန် ၁၅ မိနစ်လောက်မှာ ဖလံကုန်း အလယ်တန်းတစ်ယောက်က ဘောလုံး ရလာပြီး အောင်ကျော်ညွန့် ဝင်အလုမှာ ထန်းပင်ကြီးဆီ ကန်ထည့်လိုက်တယ်။ ထန်းပင်ထိပြီး ပြန်လာတဲ့ ဘောလုံးကို ဆွဲလာပြီး ကျွန်တော့်ကို တစ်ချက်လိမ်တယ်။ ကျွန်တော် ကွတတနဲ့ ကျန်နေခဲ့ပြီး ပြေးတက်လာတဲ့ ဂိုးသမားတင့်လွင်ကိုပါ ဆက်လိမ်ပြီး ဂိုးထဲ ကန်ထည့်သွားတာ ကျွန်တော့်မှာ ပါးစပ်အဟောင်းသား ဖြစ်ကျန်ရစ်ခဲ့တာပေါ့။

'ဂိုး' ဆိုတဲ့ အသံကြီးနဲ့အတူ ဖလံကုန်းရွာသားတွေ ယောက်ျား မိန်းမ၊ ကလေး ကွေးနေအောင် ကကြတယ်။ အို့စည် လင်းကွင်းတွေတီး တီးလိုက်ကြတာ။ ဦးထုပ်တွေ၊ ခမောက်တွေ မြှောက်လို့။

'အဲသလို အဆင့် မြင့်မြင့် ပညာသား ပါပါ အလိမ့် အလှည့် အခေါက်လေးတွေနဲ့ ကစားနေတဲ့ ကျွန်တော်တို့ ကျေးရွာအသင်းကို ဖြင့်နော် . . . ဒီနှစ် နွားထိုးကြီးမြို့နယ် ဥက္ကဋ္ဌဖလားကြီးကို ပေါ့နော် . . . ပိုင်ပိုင်နိုင်နိုင် ဆွတ်ခူးသွားမှာ မလွဲနိုင်တော့ပါဘူး ဆိုတဲ့ ကျွန်တော် ရိုးသားစွာ ဝန်ခံပြောပါရစေနော်'

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့အသံက ဦးလှဝင်းထက် သာတဲ့လူကို အသံချဲ့စက် မိုက် အပိုင် ပေးထားပုံရတယ်။

ကွင်းလယ် ဘောလုံးပြန်တည်တော့ အောင်ကျော်ညွှန့် အောင်ဝင်း ကျော်ဝင်းတို့ ခေါင်းချင်း ဆိုင်နေကြတယ်။

ဒိုင်လူကြီးလည်း ခရာမှုတ်ရော အောင်ကျော်ညွှန့်၊ အောင်ဝင်း၊ ကျော်ဝင်းတို့ ဝမ်း တူးတွေ တစ်ချက်ထိတွေနဲ့ အပေးအယူလုပ်ပြီး တိုဘက်ရေိယာထဲ ဆွဲဝင် ဂိုးရှုးသွားတာ ၃ မိနစ် မကြာဘူး၊ ချေပဂိုး ရတော့တာပါပဲ။ အောင်ကျော်ညွှန့် သွင်းတာ၊ ညာဘက်ထောင့်ထဲ တွက်တိ။ လက်အိတ်နဲ့ ရှိုးပြနေတဲ့ ဖလံကုန်း ဂိုးသမား ဘာမှ မတတ်နိုင်ဘူး။ ကိုဝင်းတင့်နဲ့ ဆရာဦးကံစော ထခုန်တာ မြင်ရတယ်။ ဇော်ဝင်း မတွေ့ရဘူး။ ထုံးစံအတိုင်း ရွာထဲက ကောင်မလေးတွေဆီ ရစ်နေလောက်ပြီ။

အသံချဲ့စက်ရော ဘောလုံးပွဲရော နည်းနည်း အေးသွားတယ်။ အောင်ဝင်း၊ အောင်ကျော်ညွှန့်၊ မောင်ဝင်းတို့လည်း အပေး အယူ လေးတွေ လုပ်ပြီး အချိန်ဆွဲ ကစားနေလိုက်တာ ပထမပိုင်း တစ်ဂိုးစီ သရေနဲ့ ပွဲပြီးသွားတယ်။

အရေးထဲ လဒ (လင်းတ) က ရေအိုးခွဲပစ်သေးတယ်၊ ဟိုကောင် ဇော်ဝင်းကို ရေခပ်ခိုင်းဦး'

'မထူးဘူးကွာ၊ ချမယ့်ချ နိုင်အောင် ချ၊ သူတို့က တက္ကသိုလ် ထက်မြွှေစင်ဆိုပြီး ကြေညာထားတာ၊ ရှုံးရင် အရှက်ကွဲမှာ၊ တို့ ဒုတိယပိုင်း တစ်ဂိုးသွင်းပြီး ထိုင်ဆော့မယ်၊ အားလုံး နည်းနည်း ကြိုးစားလိုက်ကွာ' အထူထိန်တင့်လွင်က တက်ကြွနေတယ်။ ကျွန်တော်ကလည်း ဘောလုံး ငါးချက်လောက် ထိတာကိုပဲ ဘဝင်က မြင့်ချင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁

ဒုတိယပိုင်း ပြန်စတာနဲ့ ကျွန်တော်တို့အသင်း ဖိကစားပေမယ့် ဂိုးမရဘူး။ ရွာအသင်းကလည်း ပထမပိုင်းသာ ကြွရွှနေတာ။ သူတို့လည်း ဒုတိယပိုင်းမှာ ကုန်နေပြီ။ အောင်ကျော်ညွန့်နဲ့ အောင်ဝင်းတို့က ရှေ့တန်း ကစားပေမယ့် နောက်ဆင်း ကူနေရတော့ ဂိုးမသွင်းနိုင်တော့ဘူး။

ဒုတိယပိုင်း မိနစ် ၄၀ လောက်မှာ ကျွန်တော်တို့ ကော်နာရတယ်။ ကျွန်တော်က ခပ်တည်တည်နဲ့ တက်သွားတယ်။ တင့်လွင်က 'ဟေ့ကောင် ရဲလွင် မင်း ဘာကိစ္စ တက်သွားရတာလဲ' လို့ အော်နေတာကို မကြားချင်ယောင်ဆောင် နေလိုက်တယ်။

မောင်မောင်ဝင်းက ကော်နာကန်တယ်။ ဘောလုံးက ဂိုးရှေ့ကို အနေတော် ဝိုက်ကျလာတယ်။ ဒီအချိန်မှာ ကျွန်တော့်ကို ဘယ်ကောင် တိုက်လိုက်လဲ မသိဘူး။ ကျွန်တော် ဟပ်ထိုးလဲကျသွားတယ်။ နားထင်ကလည်း ဖျဉ်းခနဲ ဖြစ်သွားတယ်။ ဘောလုံးမှန်တာလေ။ တစ်ခေါင်းလုံး ကျဉ်စက်တို့လိုက်သလိုပဲ။ ထူထူပူပူနဲ့။ ခေါင်းကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ထားချိန်မှာ ဂိုး ဆိုတဲ့ အသံနဲ့အတူ ကျွန်တော့်ကောင်တွေ ကျွန်တော့်ကို ဆွဲမြှောက်လိုက်တာ ခံစားလိုက်ရတယ်။ တင့်လွင်က ပြေးလာပြီး ကျွန်တော့်ကို ဖက်တယ်။

'သိပ်လှတယ်ကွာ၊ ဒိုက်ထိုးပြီး ထောင့်ထဲ တိုက်ချလိုက်တာ၊ တစ်လုံးစာ ကွက်တိပဲ၊ မင်း လျှိုထားတာပဲကွ၊ ဒီဂိုးကတော့ ရေရေလည်လည် ပညာပါတယ်'

ကျွန်တော်ကတော့ ကိုယ့် အကြောင်း ကိုယ် သိနေတော့ ငါးသလောက်ဖြုံးလေးနဲ့ ဟန်လုပ်နေရတယ်။ နောက်တစ်ခါ နားထင်ကို ဘောလုံးမှန်ရင် ကိစ္စပြတ်သွားလောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖလံကုန်း ရွာသားတွေ ဂိုးပေးလိုက်ရလို့ ဒေါပွ သွားတာ ထင်တယ်။ တရကြမ်း တိုက်စစ်ဆင်တယ်။ ကြမ်းလည်း ကြမ်းတယ်၊ သံခွာဖိနပ်တွေနဲ့မို့ ကျွန်တော်တို့ ရှောင်ကစားနေရတယ်။

ကိုဝင်းတင့်ဆီ ပြေးသွားပြီး သူ့လက်က နာရီကို ကြည့်တော့ ၆ နာရီ ၁၅ မိနစ်၊ ဘောလုံးပွဲ ပြီးတော့မယ်။ ဒီအချိန်မှာပဲ ဖလံကုန်း ရှေ့တန်း တစ်ယောက် ဘောလုံးဆွဲ ဝင်လာတယ်။ ကျွန်တော်က ဧရိယာထဲ ပြေးဝင်ရင်း ကျုံ့လာရင် ကန်ဖို့ ဟန်ပြင်နေတုန်း ရှေ့တန်း သမား ကန်ထည့်လိုက်တာ ကျွန်တော့်မျက်နှာဆီ တည့်တည့် ဘောလုံး ဝင်လာတယ်။ ကြောက်အားလန့်အားနဲ့ မျက်နှာကို ကာလိုက်တာ ဘောလုံးက ကျွန်တော့်လက်ထဲ ကွက်တိ၊ တင့်လွင်ထက်တောင် သေချာ သေးတယ်။

ဒိုင်လူကြီး ခရာမှုတ်သံကလည်း ကျယ်သလား မမေးနဲ့၊ ကျွန်တော့် ကောင်တွေ တစ်ယောက်တစ်ပေါက် ဆဲတော့တာပဲ။

ရှေ့တန်း နံပါတ် ၁၀ ပင်နယ်တီကို သေသေချာချာ တည်တယ်၊ ဘောလုံးကိုလည်း ထိုင်ရှိခိုးသေးတယ်။ ဘောလုံးပွဲ ပြီးဖို့ စက္ကန့်ပိုင်း အလိုမှ ဖြစ်တာဆိုတော့ ကျွန်တော်တို့ မချိတင်ကဲ ဖြစ်နေပေမယ့် တင့်လွင်ကတော့ အေးအေးဆေးဆေးပဲ။ ဘုမိဗေဒဌာန လက်ရွေးစင် ဂိုးသမားမို့ ယုံကြည်မှု အပြည့်အဝနဲ့။ ပရိသတ်ကတော့ ပွဲဆူနေပြီ၊ ပင်နယ်တီကန်မယ့် နေရာထိ ပရိသတ်က ရောက်လာတယ်။ ဒိုင်လူကြီးက မောင်းထုတ်တာလည်း မရဘူး။ ညာသံတွေပေးပြီး တင့်လွင် ကယောင် ချောက်ချား ဖြစ်အောင် သံချပ်တောင် တိုင်နေကြသေးတယ်၊

ခရာမှုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကန်တယ်။

ပိုင်တယ်ဗျာ။ တင့်လွင် ညာဘက်ပစ်ချလိုက်တာ ဘောလုံးက တင့်လွင်ရင်ခွင်ထဲ ပိုက်လျက်။ ကျွန်တော်တို့ ပေးခနဲ အော်လိုက်ကြတယ်။ တင့်လွင်က ဘောလုံး ကန်ထုတ်လိုက်တာနဲ့ ဘောလုံးပွဲပြီးပြီ။ ကျွန်တော်တို့ နိုင်ပြီ။

တင့်လွင် ကန်လိုက်တဲ့ ဘောလုံး မြေမကျခင်မှာဘဲ ဒိုင်လူကြီးရဲ့ ပွဲသိမ်း ခရာရှည်မှုတ်သံက မင်္ဂလာရှိစွာ စူးရှ ကျယ်လောင်လှတယ်။ ကျွန်တော်တို့ ဘောလုံးပွဲနိုင်တယ်။ လောလောဆယ် နားရတော့မယ့် အတွေးက ပီတိ ဖြစ်စရာ။ ဆရာ့ကို လှမ်းကြည့်တော့ ပြုံးပြုံးကြီး။

ဒီမှာတင်ပဲ -

ဖလံကုန်းရွာ ဘောလုံးသမားတွေ ကျွန်တော်တို့ဘက် ပြေးလာနေတယ်။ ကွင်းဘေးက ရွာသားတချို့လည်း ပြေးဝင်လာတယ်။ သွားပြီ ကျွန်တော်တို့တော့ သူများရွာမှာ ကျယ်ကျယ်ကျယ်ကျယ် လုပ်တာ ခံရပြီ။ ကျွန်တော် မျက်လုံး စုံမှိတ်လိုက်တယ်။ ကျွန်တော့် ခါးကို တစ်ယောက်က ဖက်လိုက်တာ ခံစားရတယ်။ ကျွန်တော် မြောက်ခနဲ ပါသွားတယ်။ ပြုတ်ကျတယ်၊ တစ်ယောက်က ဖမ်းတယ်။ ဘာတွေ ဖြစ်ကုန်ပြီလဲ။

'မီးသွေးခဲမို့ မည်းသကိုဗျ၊ ကျောင်းတော်သားမို့ ရဲသကိုဗျ၊ မိုးပေါ်က ညီမှိုင်းမှိုင်း ကျောင်းသားကန်တဲ့ ဒိုင်းပေါ့'

အားပါး ကျွန်တော့်ကို ပွေ့ချီ ပစ်မြှောက်နေကြတာပါလား။ ဟိုဘက်မှာ အောင်ကျော်ညွန့်တို့၊ တင့်လွင်တို့လည်း ကျွန်တော့်လို လေမှာဝဲနေကြတယ်။ စခန်းဆောင်ကို ကျွန်တော် မြေကြီး ခြေမကျဘဲ ရောက်သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ညပိုင်း ထမင်းစားနေတုန်း ဆရာက နောက်နေ့ နားရက်တစ်ရက် ပေးမယ်။ ဘောလုံးပွဲ နိုင်လို့ ဂုဏ်ပြုတာ ဆိုပဲ။

ထမင်းစားအပြီးမှာ ဖလံကုန်း ဘောလုံးသမားတွေ ရောက်လာကြတယ်။ သူတို့ရွာရဲ့ တစ်ခုတည်းသော လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ကို ဧည့်ခံတယ်။ စကားဝိုင်းမှာ ပီလီ၊ မာရာဒိုနာ၊ လက်ဗ်ယာရှင်၊ တင်အောင်၊ ဗဟာဒူး၊ လှဌေး စတဲ့ နာမည်တွေ အပြည့်အသိပ်နဲ့ ဟောင်ဖွာဟောင်ဖွာ လုပ်နေတာကတော့ ဘယ်သူဖြစ်မလဲ၊ မာရာဒိုနာနဲ့ ခေတ်ပြိုင် . . .


ကျွန်တော်ပဲပေါ့။

*(၁၉၇၉ ခုနှစ်၊ တတိယနှစ် ဘူမိဗေဒ
ကွင်းဆင်းခရီး အမှတ်တရ)
၂၀၀၃၊ ဒီဇင်ဘာ၊ မန္တလေး တက္ကသိုလ်၊
ဘူမိဗေဒဌာန ရွှေရတု မဂ္ဂဇင်း။*

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် ဒုရုံပိုင်ချုပ် ရုံးခန်းလေးထဲကို ဝင်လာတဲ့သူကို ကျွန်တော် ချက်ချင်းပဲ မှတ်မိလိုက်ပါတယ်။ ကျွန်တော် ရုံပိုင်လေးဘဝက တွဲလုပ်ခဲ့ဖူးတဲ့ ရုံပိုင်ကြီးပဲလေ။ ကျွန်တော်ဘယ်လိုမှ မေ့နိုင်မှာ မဟုတ်ပါ။

'ကျွန်တော် အငြိမ်းစားရုံပိုင်ကြီးပါ၊ ပြည်ကို ဒီနေ့ထွက်မယ့် ရထားလက်မှတ် လေးစောင်လောက် ကူညီပါ၊ ကျွန်တော်ကတော့ ဝယ်မစီးတော့ဘူး၊ ဒီအတိုင်း ပြောစီးပါ့မယ်'

သူ ကျွန်တော့်ကို မမှတ်မိဘူးလား၊ သူ မမှတ်မိတာကိုပဲ ချော်လဲရောထိုင် လိုက်ရမလား၊ ဒါမှမဟုတ် အတိတ်ကို နှိုးဆွ နှုတ်ဆက်လိုက်ရမလား။

'ရုံပိုင်ကြီး ထိုင်ပါဦး၊ ကျွန်တော် အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်'

သူတန်းလျားလေးပေါ် ထိုင်နေချိန်မှာ သူ့သွင်ပြင်ကို ကျွန်တော် အသေးစိတ် လေ့လာနေမိပါတယ်။ သူတော့်တော့်ကို နွမ်းယဲ့ အိုစာနေပါပြီ။ ဘယ်လိုပဲ ဖြစ်ဖြစ်လေ ကျွန်တော့်ကိုတော့ သူ မှတ်မိဖို့ကောင်းပါတယ်။ တစ်ဘူတာတည်းမှာ လနဲ့ချီ အတူတာဝန် ထမ်းဆောင်ခဲ့ဖူးသူ တစ်ယောက်ကို မေ့လျော့သွားတာ ကျွန်တော် နားလည်ရခက်နေပါတယ်။ တကယ်ပဲ မမှတ်မိတော့တာလား၊ မမှတ်မိချင်ယောင်ဆောင်နေတာလား သူမှပဲ သိမှာပါ။ ခုတော့ သူ ကျွန်တော့်ကို

www.burmeseclassic.com



မမှတ်မိဖူးလို့ပဲ ကောက်ချက်ဆွဲရတော့မှာ ပါပဲ။ သူ မမှတ်မိတော့ပေမယ့် သူနဲ့ ကျွန်တော့် ဆက်နွယ်မှု အားလုံးကိုတော့ ကျွန်တော်ထအသေးစိတ် မှတ်မိနေပါတော့တယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ခန့်က တိတိကျကျ ပြောရရင် ၁၉၉၃ ဇွန်လမှာ တောင်ပေါ်ဒေသ ရထားလမ်းရဲ့အစ မြေပြန့် ဘူတာလေးမှာ ကျွန်တော် ဒုရုံပိုင်အဖြစ် ခေတ္တတာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အမြဲတမ်း တာဝန်ကျ ဒုရုံပိုင်က ရထား မတော်တဆမှုနဲ့ ရာထူးတရပ်စဲထားရတဲ့အတွက် ကျွန်တော်က ဘူတာကြီးကနေ လာဆင်းပေးရတာပါ။ ရုံပိုင်ကြီးက အခု ကျွန်တော့်ရှေ့ တန်းလျားလေးပေါ် ထိုင်နေသူပါပဲ။

အဲ့သည်အချိန်က အောင်ပန်း-ပင်လောင်းလမ်းဖောက်နေချိန်မို့ ကျွန်တော် တာဝန်ကျ ဘူတာလေးမှာ သံလမ်းတွေ အပြောင်းအရွှေ့ လုပ်ရပါတယ်။ သင်္ဘောကြီးတွေနဲ့ ရောက်ရှိလာတဲ့ သံလမ်းတွေကို ရန်ကုန်ကနေ မြေပြန့်တွဲတွေနဲ့ ကျွန်တော်တို့ ဘူတာလေးကို ရောက်လာပါတယ်။ အဲဒီ သံလမ်းတွဲတွေကို တောင်ပေါ်တွဲလို့ ခေါ်တဲ့ ဘရိတ်ကိရိယာ အပြည့်အစုံ တပ်ဆင်ထားတဲ့ တွဲပေါ် ပြောင်းတင်ရပါတယ်။ တောင်ပေါ်တွဲ အဆင်သင့် မဖြစ် သေးတဲ့အခါ မြေပေါ် ပုံရပါတယ်။ ဘူတာရှေ့မှာ 'သစ်ကွင်း' လည်း လုပ်ထားတာမို့ ကုမ္ပဏီအသီးသီးက သစ်လုံးမျိုးစုံလည်း စုပုံထားပါတယ်။ မြေပြန့်တွဲပေါ်က သံလမ်းတွေ ချပြီးတဲ့အခါ သစ်လုံးတွေ ပြန်တင်ပြီး တစ်ခေါင်းခိုင်း (စက်ခေါင်း အပိုင်ထား/သစ်တင်တွဲ အားလုံး ချိတ်ဆွဲ)နဲ့ ထွက်ခွာရတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဘူတာလေးက အရမ်း အလုပ်များပါတယ်။ အလုပ်များသလို အဖက်ဖက်ကလည်း အဆင်ပြေလှပါတယ်။ သံလမ်းတွေ တင်ထားတဲ့ မြေပြန့်တွဲတွေ ဘူတာကို ရောက်လာတာနဲ့ သစ်လုံးတင်တဲ့ ကလပ်လို့ ခေါ်တဲ့ ဂဏန်းလက်မ စက်ယန္တရားကြီးတွေနဲ့ သံလမ်းတွေ တွဲပြောင်း (သို့မဟုတ်) မြေပုံ ရပါတယ်။ ဒီအခါမှာ သံလမ်းတင် တွဲပေါ်က ဇင်တုံးအဖြစ် အသုံးပြုတဲ့ ဇလီဖားတုံး အဟောင်းတွေ တစ်တွဲကို ၁၂ တုံးခန့် ပါလာတတ်ပါတယ်။ ရုံပိုင်ကြီးနဲ့ စောစောက ရာထူး ရပ်စဲခံထားရတဲ့ ရုံပိုင်လေးတို့ ကိုယ်တိုင်အပြင် မိသားတစ်စုလုံး ဖားတုံးတွေကို အလုအယက် ထမ်းပိုး အိမ်ကို သယ်ကြပါတယ်။ သံလမ်း အလုပ်သမားတွေ၊ ဝန်ထမ်းငယ်ဖြစ်တဲ့ လမ်းခွဲကိုင်တွေက ငေးကြည့်နေရလောက်အောင်ကို အလုအယက် အော်ဟစ် သယ်ယူကြတာပါ။ ကျွန်တော်ကတော့ ဘူတာလေးထဲမှာ တစ်ဖက်တစ်ချက်က ရောက်လာမယ့် ရထားတွေအတွက် လမ်းရှင်း အပေးအယူလုပ်ရင်း အလုပ်တွေနဲ့ ရှုပ်ထွေးနေတတ်ပါတယ်။ သူတို့ ဖားတုံးလုပွဲကြီး ပြီးပြီဆိုရင်တော့ ကျွန်တော်က ရောက်ရှိလာတဲ့ သံလမ်းအရေအတွက်၊ တွဲနံပါတ် တစ်တွဲချင်း တိုက်ဆိုင်စစ်ဆေး၊ လယ်ဂျာသွင်း၊ တောင်ပေါ် ပြန်တင်တဲ့ တွဲနံပါတ်နဲ့ သံလမ်းအရေအတွက် စာရင်းလုပ်တော့လည်း အားလုံးကို ကျွန်တော်လုပ်ရတာပါပဲ။ အဲ့ဒီအချိန်မှာ ရုံပိုင်ကြီးက ဖားတုံးထမ်းရလို့ အမောဖြေနေတာပါ။ အညာဒေသမို့ ဇွန်လရဲ့ အပူချိန်က ပြင်းထန်လွန်းတော့ သူ့ခမျာ မောရှာမှာပါပဲ။

မြေပြန့်တွဲကနေ သံလမ်းတွေ ချပြီးတဲ့အခါ သစ်လုံးတွေကို ကလပ်ကြီးတွေနဲ့ ပြန်တင်ပြီး ရန်ကုန်ကို (အဲ့သည်ကနေ သင်္ဘောကြီးတွေဆီ တင်မှာပါ) တစ်ခေါင်းချိတ် သစ်လုံးရထားကြီး ထွက်ခွာဖို့ စီစဉ် ရပါတယ်။ တွဲတွေကို လမ်းခွဲကိုင် နှစ်ယောက်နဲ့ ဖွဲ့ဆင်၊ ပုံမှန်ရထားတွေ အန္တရာယ်ကင်း၊ ကြန့်ကြာမှု မရှိအောင် ဆောင်ရွက်နဲ့ ကျွန်တော် မနားတမ်း လှုပ်ရှားနေချိန်မှာ ရုံပိုင်ကြီးက သစ်ကုမ္ပဏီဝန်ထမ်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ် ခေါ်ထားပြီး တန်ဆာဆွဲပါတယ်။ သစ်လုံး တန်ဆာဆွဲတာတော့ သူက အိမ်ပေါ်မှာ လုပ်ပါတယ်။ ဘူတာထဲမှာ မလုပ်ပါ။

'ရုံပိုင်လေးရာ တစ်တွဲကို တန်ဆာတစ်ဆောင်ဆွဲရတာ ၁၆ ကျပ် ဆိုတော့ လက်ကို အံ့သြရော၊ အလကားပါဗျာ၊ ဘောလ်ပင် မင်တန် ကာဗွန်ကူန်တာပဲ အဖတ်တင်တယ်'

ကျွန်တော် ရယ်နေလိုက်ပါတယ်။ ကုမ္ပဏီက လူတွေနဲ့ ကျွန်တော် သစ်လုံးတင်နေတဲ့အချိန်မှာ စကားပြောဖူးပါတယ်။ သူတို့က ဘူတာ ဝန်ထမ်းတွေကို Service အနေနဲ့ တစ်တွဲတစ်ထောင်ပေးထားတယ် လို့ ဆိုပါတယ်။

ရာထူးရပ်စဲခံရတဲ့ ရုံပိုင်လေးကလည်း ညနေငွေစာရင်း ပိတ် ချိန်မှာ ဘူတာကို တက်လာပြီး နေ့စဉ် ဝင်ငွေစာရင်းကို လှန်လှော ကြည့်ရှုပါတယ်။ အဲဒီအခါမှာ ရုံပိုင်ကြီးက ပျာပျာသလဲ ဖြစ်နေတတ်ပြီး နောက်တော့လည်း သူတို့ချင်း ရယ်လို့မောလို့ပါ၊ ချစ်ကြည်ရေးရ ပြေလည်သွားပါတော့တယ်။

ကျွန်တော်က ဘူတာကြီးကနေ ဘူတာလေးကို ခေတ္တလာဆင်း ရတာမို့ စားအိုးစားခွက် မပါ။ ပါဦးတော့လည်း ချက်ပြုတ်စားဖို့ အဆင်မပြေပါဘူး။ ဒါကြောင့် ရန်ကုန်-ရွှေညောင် ရထားနဲ့ ကျွန်တော့် ဇနီးသည်က ထမင်းချိုင့် ထည့်ပေးတတ်ပါတယ်။ အဲ့သည့်ရထားက ဘူတာလေးမှာ မရပ်ပါဘူး။ ဂါတ်ဗိုလ်ကြီးက ထမင်းချိုင့်ကို တွဲလောင်းခါ ယမ်းပြတာကို ကျွန်တော်က ဆီးဖမ်းရတာပါ။ တစ်ရက်ကျတော့ ရန်ကုန်ရထားက တော်တော် နောက်ကျပါတယ်။ နေ့လယ် နှစ်နာရီ လောက်ထိ ဘူတာကြီးကိုတောင် မရောက်သေးပါဘူး။ ကျွန်တော် နေ့လယ်စာ တော်တော်လွန်နေပါပြီ။ တောဘူတာလေး ဖြစ်တာမို့ ဝယ်စားစရာလည်း မရှိပါ။ ကားလမ်းဘက်မှာ သက်ဖက်ရေဆိုင်လေး ရှိပြီး မနက်ခင်း တစ်ချိန်လေးသာ ဖွင့်တာမို့ ကျွန်တော်မှာ ဗိုက်ဆာဆာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငြိမ်ကုပ်နေရပါတယ်။ ဒီအချိန်မှာ ရှုပိုင်ကြီး ခေါင်းအုံးတစ်လုံးပိုက်ပြီး ဘူတာထဲ ဝင်လာပါတယ်။

'ရှုပိုင်လေး ထမင်းချိုင့်ရောက်ပြီလား'

'ရထား မလာသေးဘူး. . . ကျွန်တော်တော့ အူလိမ်နေပြီဗျာ'

'အင်း. . အဲ. . အိမ်ထဲက အရမ်းပူတယ်ဗျာ၊ ဒါကြောင့် ဘူတာထဲ အိပ်မလို့ ဝင်လာတာ'

ကျွန်တော် တန်းလျားလေးပေါ် လှဲနေရာကနေ အလိုက်တသိ ထပေးလိုက်ရပါတယ်။ ကျွန်တော် တစ်ညလုံး တာဝန်ထမ်းဆောင်ထားတာမို့ သက်သောင့်သက်သာ အနားယူဖို့ လိုအပ်နေပေမယ့် တစ်ခုတည်းသော တန်းလျားလေးပေါ်ကနေ စိတ်လက်ပေါ့ပါးစွာပဲ ဖယ်ရှားပေးနိုင်လိုက်ပါတယ်။ အဲသည့်နေ့က ရထား ညနေ ခြောက်နာရီလောက်မှ ရောက်လာတာမို့ နေ့လယ်စာနဲ့ ညစာ ပေါင်းစား လိုက်ရပါတယ်။ ကျွန်တော် အံ့ဩတာက သူ ကျွန်တော့်ကို ထမင်းတစ်နပ်ကျွေးဖို့ စိတ်မကူးနိုင်တာကို ပါပဲ။ ဟန်ဆောင်ပြီးတော့တောင် ပဋိသန္ဓာရ စကား မဆိုပါ။ သူ ထမင်းကျွေးလည်း ကျွန်တော်က စားမှာလည်း မဟုတ်ပါ။ သူတို့က အမဲသားကို စုံစုံမက်မက် စားတာကို ကျွန်တော်က သိနေပါတယ်။ ဘူတာကို လာရောင်းတဲ့ အမဲသားသည်ဆီက သူတို့ နေ့စဉ် ဝယ်တာ မြင်နေရတာကြောင့်လည်း ဖြစ်ပါတယ်။

ဒီလိုနဲ့ပဲ ဘူတာလေးမှာ နေ့နေ့ညည နှစ်လကျော် အလုပ်ဆင်းပြီး လမ်းဖောက်ရေး စီမံကိန်း ပြီးတဲ့အခါ ဘူတာကြီးဆီ ကျွန်တော် ပြန်ရပါတယ်။ ဘူတာလေးဆီက နောက်ထပ် ဒုရှုပိုင်အသစ် ထပ်ရောက်လာလို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်မှတ်မိနေတာက သံလမ်းတွဲပေါင်း ၁၅၀ ကျော်မို့ သစ်လုံးတွဲလည်း ၁၅၀ ကျော် တင်ပို့ပေးနိုင်လိုက်တာ ပါပဲ။

နောက်တစ်လလောက် ကြာပြီးတဲ့အခါ ဘူတာလေးရဲ့ အမင်္ဂလာ သတင်းတွေကို မကြားလိုပဲ ကြားနေရပါတယ်။ ရှုပိုင်ကြီးရဲ့ ခယ်မလေး

www.burmeseclassic.com

www.burmeseclassic.com



က ဘူတာရှေ့ သစ်ကွင်းမှာ ရုံပိုင်ကြီးရဲ့ သမီးငယ်လေးကို ထိန်းရင်း သစ်လုံးပြိုကျ ပိပြီး ပွဲချင်းပြီး သေသွားတာပါ။ ရုံပိုင်ကြီးရဲ့ သမီးလေး ကတော့ ကံကောင်းထောက်မစွာ လွတ်သွားပါတယ်။

နောက် ရောက်လာတဲ့ ဒုရုံပိုင်က ရာထူးရပ်စဲခံရတဲ့ ရုံပိုင်လေးကို ဘူတာလုပ်ငန်းတွေ ဝင်ရောက်မစွက်ဖက်ဖို့ တားဆီးတာမို့ သူမှာ လက်ရှိရုံပိုင်လေးနဲ့ သူ မလွန်ဆန်နိုင်တဲ့ ရာထူးရပ်စဲထားခံရတဲ့ ရုံပိုင် လေးကြားမှာ ဗျာများနေတော့တာပါပဲ။ ရာထူးရပ်စဲခံရတဲ့ ရုံပိုင်လေး ကလည်း ဘယ်လို အညာကိုင်ထားလည်း မသိပါ။ သူ့ခမျာ မရှုန်းသာ၊ မဖယ်သာနဲ့ သောက ခြေရာတွေ ထပ်နေတယ်လို့ ကဗျာဆန်ဆန် ဆိုရမှာပါပဲ။

နောက်ထပ် ကြားရတာက သူ့တတိယဇနီး (ပထမ၊ ဒုတိယတွေက ဘယ်ဆီရောက်နေလဲတော့ မသိပါ) ဆေးရုံတက်ရတာပဲ ဖြစ်ပါတယ်။ ပုသိမ်မှာ ဆေးရုံတင်တာမို့ သူ အမြန်သွားရောက်ဖို့ တိုင်းအရာရှိတွေ ဆီ မရမက ခွင့်တောင်းပါတယ်။ ဒီအချိန်မှာ လက်ရှိရုံပိုင်လေးက လည်း ရာထူးတိုးမြှင့်စာမေးပွဲဖြေဖို့ မန္တလေးကို ရောက်နေပါတယ်။ မဖြစ်မနေ ခွင့်ပေးမယ့်ကိစ္စ ဖြစ်နေတာကြောင့် တိုင်းရုံးက သူ့ကို ခွင့်ပေးပြီး ကျွန်တော့်ကို ခေတ္တသွားရောက် ဆင်းဖို့ လွှတ်ပါတယ်။ ကျွန်တော့်မှာ ဘူတာကြီးကနေ ညဂျူတီအပြီး မနားရဘဲ ဘူတာလေး ဆီ ထွက်လာရတော့တာပေါ့။ ကျွန်တော် ဘူတာရောက်တော့ သူ အထုပ်အပိုး ပြင်ဆင်ပြီး ရထားကြုံတောင် မစောင့်ဘဲ ကားကြုံနဲ့ ဘူတာကြီးဆီ လိုက်သွားပါတယ်။ မနက်ရထားနဲ့ ရန်ကုန်ဆင်း၊ ရန်ကုန်က တစ်ဆင့် ပုသိမ်ကို ခရီးဆက်ရမှာလို့ ဆိုတယ်။

ကျွန်တော် ဘူတာလေးရောက်ပြီး သိပ်မကြာခင်မှာပဲ ဘူတာကြီး ဆီကနေ သစ်လုံးတင်ဖို့ တွဲလွတ်ရထားလာဖို့ လမ်းရှင်းတောင်းပါ တယ်။ တွဲလွတ်ရထားက အနည်းဆုံး ၁၅ တွဲလောက် ပါမယ့် သစ်လုံး တွေ တင်ပြီးရင်တော့ . . . ။ အမှန်အတိုင်း ပြောရမယ် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ထိတ်ခနဲ ဝမ်းသာသွားတာပါ။ ကျွန်တော့် အလှည့်မှာတော့ ဘူတာ ဝန်ထမ်းအားလုံး မျှတစေရမယ်လို့ စိတ်ကူးဖဲ ရိုက်နေမိပါတယ်။ သစ်လုံးတင်ဖို့ တွဲလွတ်ရထားကြီး ဘူတာလေးဆီ ဝင်လာချိန်မှာ ကျွန်တော် တက်ကြွစွာပဲ တွဲစာရင်းတွေ မှတ်နေလိုက်ပါတယ်။

ဟောဗျာ. . . နောက်ဆုံးတွဲမှာ သူ . . . ရထားရပ်တော့ အိတ်ကြီး ဆွဲရက် ဘူတာထဲ ဝင်လာပါတယ်။ ဘာများကျန်ရစ်ခဲ့လို့ ပြန်ယူတာလဲ ဒါမှမဟုတ် ခွင့်မသွားဖြစ်တာလား။ ကျွန်တော့်မှာ ပဟေဠိတွေနဲ့ ပြည့်သိပ် ကျပ်ခဲနေပါပြီ။

'ရုံပိုင်ကြီး . . . ဘာဖြစ်လို့လဲ'

'မနက်ဖြန်မှ ခွင့်သွားတော့မယ်၊ ရုံပိုင်လေး ပြန်ပါ၊ မနက်ဖြန် စောစောလေး ပြန်လာပေးပါ'

ကျွန်တော် ဘာမှ ပြန်မပြောနိုင်အောင်ကိုပဲ ဆွံ့အသွားပါတယ်။ တိုင်းရုံးက ခွင့်ပေးဖို့ ခက်ခဲနေချိန်မှာ ဇနီးသည် အသည်းအသန် ဖြစ်နေလို့ဆိုပြီး သဲသဲလှုပ်လှုပ် ခွင့်တင်သူ တစ်ယောက်က ခုတော့ဖြင့် သစ်လုံးတင် ရထားကြီးလည်း ရောက်လာရော ခွင့်တစ်ရက် နောက် ဆုတ်လို့ သွားပါတယ်။ ကျွန်တော် သူ့စိတ်ကို ဖတ်မိလိုက်ချိန်မှာ လောဘ ဆိုတာကြီးက ထုထည်အပြည့် စီးစီးပိုးပိုး နေရာယူနေတော့တာပါ။

ကျွန်တော် လက်မှတ်ရုံကို ဖွင့်ဆက်ပြီး သူ့အတွက် လက်မှတ် စီစဉ် ပေးပါတယ်။ အထက်တန်းလက်မှတ် စီစဉ်ပေးတာကို လက်မခံပါ။

'ရထားခ မတတ်နိုင်ဘူး၊ ရိုးရိုးတန်းပဲ စီစဉ်ပေးပါ၊ သူ့အတွက် တော့ ပြောစီးမယ်' လို့ ဆိုပါတယ်။

'ရုံပိုင်ကြီးအတွက် ကျွန်တော် လက်မှတ် ဝယ်ပေးလိုက်ပါမယ် ဒီအတိုင်းမစီးပါနဲ့ ပြောစီးလို့လည်း မရပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်နှာ ကွက်ခနဲ ပျက်သွားပါတယ်။

'ရပါတယ် ဝယ်စီးရုံပေါ့ဗျာ'

သူ သိပ်တော့ ကျေနပ်ပုံ မရပါ။

'ရုံပိုင်ကြီးနဲ့ ကျွန်တော် အောင်ပန်း- ပင်လောင်း လမ်းသစ် သံလမ်းစီမံကိန်းမှာ တစ်ဘူတာတည်း နှစ်လလောက် အတူ ဆင်းဖူးတယ်လေ၊ မမှတ်မိတော့ဘူးလား'

သူ ကျွန်တော့်ကို မကြည့်ဘဲ ခေါင်းယမ်းပါတယ်။

'ကျွန်တော့်ကို မမှတ်မိဘူးဆိုရင် ကိုချစ်သောင်းကိုတော့ မှတ်မိသေးလား'

'ဟာ . . . သိပ်မှတ်မိတာပေါ့၊ အတူတူ လက်တွဲခဲ့တာပဲလေ'

အို . . . ကျွန်တော့် အံ့အားသင့်မှုက ဟိုး ထိပ်ဖျားဆီ ရောက်သွားတော့တာပါပဲ။

တာဝန်ပေါ့လျော့ ရာထူးရပ်စဲ ခံထားရပြီး သူကဲ့သို့ပင် ကျင့်ကြံနေထိုင်တဲ့၊ သူ မရှောင်လွှဲနိုင်တဲ့ ရုံပိုင်လေး ကိုချစ်သောင်းကိုတော့ သူ့ရင်ထဲ၊ နှလုံးသားထဲ စွဲနေတဲ့ ပုံပဲ။ သူ့ကို လုံးဝပြေသနာ မရှာ၊ အခွင့်အရေး ဆိုတာကို မသိကျိုးကျွန်နေခဲ့ပြီး လုပ်ငန်းတာဝန်တစ်ခုတည်းပဲ အာရုံထားခဲ့တဲ့ ကျွန်တော့်ကို သူ အမျက်ရှိခဲ့ပုံ မရပါ။ ဒါကြောင့်လည်း ကျွန်တော်ဟာ သူ့ရင်ထဲမှာ မရှိတာကြောင့် မမှတ်မိတာလို့ ထင်းခနဲလို့ နားလည်လိုက်ချိန်မှာ. . . ။

ကျွန်တော်ကတော့ သူနဲ့ပတ်သက်ပြီး အသေးစိတ် မှတ်မိနေပြန်ပါရော။ သေချာပါပြီ။ ကျွန်တော့် ရင်ထဲမှာ အမျက်ဆူးကလေး စူးစူးနစ်နစ် အခုထက်ထိတိုင် ရှိနေခဲ့တာ နေမှာပါလေ။

*၂၀၁၀၊ အောက်တိုဘာလ၊ ရွှေအမြုတေ မဂ္ဂဇင်း*

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

နှုတ်ခမ်း တစ်ချက် ကိုက်ပြီး အမေ့ကို စူးစူးရဲရဲ ကြည့်တော့ နှုတ်ခမ်းတုန်တုန် မျက်ရည် ဝေ့သီသီဖြင့် ခေါင်းတခါခါ လက်တကာကာ ယိမ်းထိုးနေသည်။

'အမေတို့ အဆင်ပြေတဲ့အခါ ကြိုက်ဈေးပေးပြီး ပြန်ဝယ်ပါရစေဆိုပြီး ရောင်း လိုက်တာ၊ မရောင်းလို့လည်း မဖြစ်ဘူး၊ မင့်အစ်ကိုကြီးဟိုမှာ နေရ၊ စားရတာ သိပ် နုံချာတာ'

အမေ့စကားများကို မကြားတစ်ချက်၊ ကြားတစ်ချက်။

ဆေးထိုးအပ်လို ပြွန်လေးဖြင့် မင်စုပ်ရသော နစ်သွားချော်ချော 'ရွှေကြယ်' တံဆိပ် ဖောင်တိန် နီညိုကလေးကိုသာ မျက်ဝန်းထဲမှာ မြင်ယောင်နေမိသည်။

အဲသည် ဖောင်တိန်လေးထဲမှာ အဖေ့ရနံ့လေးတွေ ရှိသည်။ အဖေ့လက်ရေး သွယ်လျလျကို ဖွဲ့စည်းသည့် အက္ခရာလေးတွေ ရှိသည်။ အဖေရေးတဲ့ ကဗျာလေးတွေ ရှိသည်။ ဝါသနာ၊ အနုစ်နာ၊ စေတနာတို့ ရှိသည်။ ပြီးတော့ အဖေ့အဆုတ်ထဲမှာလို မြေဖြူမှုန့်တွေ ရှိသည်။

ဖောင်တိန်လေးဟာ မားသွေးကျောက် ပါးလျလျရဲ့ ကိုယ်ပွားပါပဲ။ ဉယျာဉ်မှူး တစ်ယောက်ရဲ့ ပစ္စည်းပါပဲ။ မယားနဲ့ သားနှစ်ယောက်ကို ချစ်မက်တွယ်တာတဲ့ သူတစ်ယောက်ရဲ့ ဘဝအဖော်မွန်လေးလည်း ဖြစ်ခဲ့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဖောင်တိန်လေး မရှိတော့ပြီ။ ကျွန်တော် အမေ့ကို လွမ်းတိုင်း ထုတ်ကြည့်ရသော၊ အဖေ့ကိုလွမ်းတဲ့ စာတွေ (ဒီစာတွေကို သိမ်းထားလိုက်တာပဲ) ရေးတဲ့အခါ သုံးတဲ့ ဖောင်တိန်လေး။ နှမြော ဝမ်းနည်းလိုက်တာ။

'အမေလုပ်တာ မမှန်ဘူး'

ကျွန်တော့်အသံက ဆူးချွန်တွေနှင့် လည်ချောင်းကို ခြစ်ရှသွားသည်။

'မဟုတ်သေးဘူး သား၊ ဒါအရေးကြီးလို့ ရောင်းရတာ၊ အမေတို့ သားအမိက ဘယ်လိုစားရ စားရ ရတယ်၊ သားကြီးမှာသာ'

'အလကား၊ အမေ့သားက မလည်ရှုပ်ပါဗျာ၊ လွှတ်ထားလိုက်စမ်းပါ ဗျာ၊ ဖြစ်ချင်တာဖြစ်'

'ဘာ' ဆိုတဲ့ အသံနှင့်အတူ အမေ့ ငိုက်စိုက်စိုက် မျက်နှာက ဖျတ်ခနဲ မော့သွားသည်။ ဝေ့သီနေသော မျက်ဝန်းက ချက်ချင်း အရောင်ပြောင်းလို့ သွားသည်။

'မင်း ဒီလို မပြောနဲ့၊ မင်းလည်း သား၊ သူလည်း သား၊ သားကြီးကို မင့်မို့ ကြက်ကလေး၊ ငှက်ကလေးလို သဘောထားရက်တယ်'

'အိုဗျာ. . . ပြောတယ်၊ အလကား လူရှုပ်'

ကျွန်တော့်စကား မဆုံးခင်မှာပဲ အမေ့လက်ဝါးက မျက်နှာဆီ တည့်တည့်ဝင်လာသည်။ ကျွန်တော်မျက်လုံး မှိတ်ထားလိုက်သည်။

ကျွန်တော့် မျက်နှာဆီ အမေ့လက်ဝါး ကျမလာ၊ ဒါ ဘာဖြစ်လို့လဲ၊ အမေ့ကို ဘယ်အရာက တားဆီးလိုက်တာပါလဲ။ ဒါကို အမေပဲ သိမည်။

'လူမိုက်၊ အကြင်နာမဲ့တဲ့ သား၊ အဖေ့ဂုဏ်ကို မသောက်သားဆဲ့ သား၊ ပျော့ညံ့တဲ့ သား'

တစ်ခါမျှ မဖြစ်ခဲ့ဖူးသော အမေ့သွင်ပြင်၊ စူးရဲ တောက်ဝင်းနေသော အကြည့်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသရှိုက်သံတွေကြားက ကျွန်တော်တစ်ရှိန်ထိုး ပြေးထွက်သွားလိုက်သည်။

[ ၂ ]

ဝါးရုံတောထဲမှာ ဝါးပင်နှင့် ခြားသွားထိသံ၊ ဝါးပင် လဲသွားသံတို့ကို နားစွင့်ရင်း လှည်းပေါ်မှာ ကောက်ရိုးထုံး ခေါင်းအုံးလျက် ကျွန်တော်သည် မှုတ်ထုတ်လိုက်သော ဆေးလိပ် မီးခိုးငွေ့များကို ငေးကြည့်နေမိသည်။ ဆေးလိပ် မသောက်တတ်သော ကျွန်တော့်မှာ ဆေးလိပ်အရသာကို ခံလို့မရ။

ဆေးလိပ်သောက်လို့ မူးမေ့သွားတယ် ဆိုရင်လည်း ကောင်းမည်။ ကျွန်တော် အားလုံးကို မေ့ထားလိုက်ချင်သည်။ ဒါပေမဲ့ မရ။ မီးခိုးငွေ့တွေကို ငေးနေရင်းကပဲ အဖေ့ရုပ်သွင်က ပေါ်လာသည်။ ကျွန်တော် ရှစ်တန်းကျောင်းသား ဘဝမှာ ကျွန်တော်တို့ကို ရုတ်တရက် ထားရစ်ခဲ့တဲ့ အဖေ၊ ကျွန်တော့် ခေါင်းကို ခါယမ်းပစ်လိုက်တော့ မျက်ရည်တစ်စ စဉ်ထွက်သွားပြီး အဖေ့နေရာ အမေဝင်လာသည်။

အို. . . အမေ့မျက်လုံးတွေက ဒေါသတွေ မပြေသေးပါလား။ ငါ့ကို စူးစူးရဲရဲ ကြည့်နေလိုက်တာ။ သူ့သားကြီး ဆိုရင်ကော အမေ ဒီလို ကြည့်မှာလား။ ကျွန်တော် နှုတ်ခမ်းကို ဖိကိုက်ပစ်လိုက်သည်။

အမေရေ. . . အမေ မကြည်လင်တဲ့ သား၊ အမေ မချစ်တဲ့ သား၊ သား ဒီမှာပါ အမေ။ ကျွန်တော် ပြန်မလာဘူး။ စိတ်ချ။ ကျွန်တော့် မျက်နှာကို တစ်ချက်လေးတောင် အမေ မမြင်စေရ။

'ဟ. . . ဆေးလိပ်တွေ ဘာတွေ ဖွာလို့ပါလား၊ မင်းကွာ မသောက်တတ်ဘဲနဲ့ ဘာလို့ အစလုပ်တာလဲ၊ ဘာလဲ မင်း ပျင်းလို့လား'

အမေ လှစ်ခနဲ ပျောက်သွားပြန်သည်။ မြင်ကွင်းထဲမှာ စိန်မေဒီမြင့်က ပြုံးလျက်။ နဖူးမှချွေးများကို လက်ညှိုးလေး ခေါက်ကွေးလျက် သပ်ချနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စကို မျက်တောင်ခတ် သိမ်းရင်း ကျွန်တော် ကြိုးစားပြုံးသည်။

'အေးကွာ၊ မင်းက ဝါးခုတ်နေပြီး ငါက ဒီအတိုင်း နေရတော့ ပျင်းတာပေါ့ကွာ၊ တဲ့ . ငါလည်း ကူခုတ်မယ်'

'ဟ မြို့သားရ မလုပ်ပါနဲ့၊ တစ်ခါလေး အလည်လာတာ သူငယ်ချင်းက ခိုင်းတယ် ဖြစ်နေဦးမယ်၊ အသာနေ၊ အသာနေ'

ပြောရင်း စိန်မောင်မြင့်က လှည်းအိမ်တွင် ချိတ်ထားသော လွယ်အိတ်ကို ဖြုတ်သည်။ ဆေးပေါ့လိပ် တစ်လိပ် နှိုက်ပြီး ကျွန်တော့်ဆီမှ မီးခြစ် လက်လှမ်းသည်။

'ဟော့ကောင်. . . မင်း ၁၀ တန်း အောင်ပြီးရင် ဘာလုပ်မလဲ၊ ကျောင်းဆရာ လုပ်ကွာ၊ ငါဆို သိပ်ဖြစ်ချင်တာ သိလား ကောင်လေး၊ ငါ မင်းတို့ အဖေကို သိပ်အားကျတာ၊ အဟင်း. . . အားသာကျတာ ငါက ဉာဏ်မမီတော့ ရှစ်တန်းနဲ့ထွက်၊ ခုတော့ ဝါးခုတ်၊ ထင်းခုတ်'

စိန်မောင်မြင့် အသံက မသိမသာ တိမ်ဝင်သွားသည်။ ကျွန်တော့် အတွေးထဲမှာတော့ စိန်မောင်မြင့်က ရွာကနေ လေးတန်းအောင်ပြီး ကျွန်တော်တို့ ကျောင်း ရောက်လာတာ။ ကျွန်တော့် အဖေက စိန်မောင်မြင့်ကို အိမ်မှာ အချိန်ပို စာသင်ပေးတာ။ အဖေ ကျွန်တော်တို့ ရှစ်တန်းနှစ်မှာ ကျွန်တော်တို့မိသားစုလေးကို ထားခဲ့တဲ့နေ့က စိန်မောင်မြင့် တစ်ယောက် တိုင်နဲ့ခေါင်းနဲ့ ဆောင့်ပြီး ငိုတာ။ အားလုံးက အစီအစဉ်လိုက် ဝင်ရောက်လာသည်။

'ဆရာကြီးသာရှိရင် ငါ သေချာပေါက် ရှစ်တန်းအောင်မှာကွာ'

ကျွန်တော့်ရင်ဝမှာ စူးခနဲဖြစ်ပြီး အဖေ့ကို လွမ်းလို့ သွားသည်၊ အဖေ့အကြောင်းနှာ အေးအေးမြမြလေးကို ကျွန်တော့်မှာ တမ်းတနေမိသည်။

'တဲ ကောင်လေး၊ နှပ်နေဦး ငါ ဝါးဆက်ခုတ်လိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



စိန်မောင်မြင့် ထွက်သွားတော့ ကျွန်တော် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ အတွေးများ ပြတ်တောက်ပြီး ကျွန်တော် အိပ်ပျော်သွားရင် ကောင်းမည်။

[ ၃ ]

ဟော. . . အစ်ကိုကြီးပါလား။ ကြည့်စမ်း၊ အသားတွေ မည်းညို့နေတာပဲ။ ညက်ပြေပြေ မျက်နှာလေးက ခုတော့ . . . .

'မင်းကွာ. . . နေတတ်သလို နေပါလို့ ဆိုတာ'

အစ်ကိုကြီးက ကျွန်တော့် အပြောကို ဟက်ဟက်ပက်ပက် ရယ်သည်။

'မင်းမို့ ဒီစကား ထွက်ရက်တယ်၊ ဒီမယ် ဟော့ကောင် အဖေ့သားကွ'

အို. . . အဖေလည်း ဒီမှာ ရောက်နေပါလား။ အဖေက အစ်ကိုကြီး လက်ဖဝါးကို ဖမ်းဆုပ်ထားသည်။ အဖေ့မျက်ဝန်းက အစ်ကိုကြီးကို ကျေနပ်၊ ပီတိတွေနဲ့ လက်နေသည်။ အမေရော. . . အမေ ဘယ်မှာလဲ ဟိုမှာ အမေ၊ အစ်ကိုကြီးကို ငေးရီရီဖြင့် ကြည့်နေသည်။

ဟင် . . . မရှိတော့ဘူး။ ဘယ်ရောက်သွားကြတာလဲ။

အဖေရေ၊ အမေရေ၊ အစ်ကိုကြီးရေ. . .

ကျွန်တော် အသံကုန် ဟစ်အော် ခေါ်လိုက်တော့ 'ဟော့ကောင် သွားစမ်း' ဆိုတဲ့ အသံနက်ကြီးက ဘယ်ကမှန်းလည်း မသိ၊ ပြီးတော့ လက်ဝါးကြမ်းကြီး တစ်ခု။ အရှိန်အဟုန်ဖြင့် ကျွန်တော့်မျက်နှာကို ပိတ်တီးပစ်လိုက်သည်။ ပူခနဲ။

ကျွန်တော့်ခန္ဓာကိုယ်က တွန့်ခနဲ ဖြစ်သွားပြီး မျက်လုံးအစုံကို အားယူ ဖွင့်လိုက်တော့ ဝါးရွက်တွေ ကြားမှ ခိုးဝှက် ဝင်လာသော နေရောင်က ကျွန်တော့်မျက်လုံးဆီ။ ကျွန်တော် ဝုန်းခနဲ ထပတ်လိုက်သည်။

လှည်းကြမ်းပြင်ပေါ် လဲနေသော ဝါးဆစ်ရေဘူးကို ဖမ်းကောက်ပြီး အငမ်းမရ မော့သောက်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် သွားစမ်း။

ဟော့ကောင် သွားစမ်း။

ဟော. . . အိပ်မက်ထဲက အသံနက်ကြီး၊ ကျွန်တော့်လက်ဖျား ခြေဖျားများ ချွေးစေးတို့ဖြင့် စေးထန်းလာသည်၊ ကျွန်တော့်ရင်တွေ ဒိတ်ဒိတ် ဒိတ်ဒိတ်ဖြင့် ခုန်နေပြီး ဆောက်တည်ရာမရ၊ ကျွန်တော် စိန်မောင်မြင့်ကို အော်ခေါ်လိုက်ရမလား။

ကျွန်တော် အသံလာရာဆီကို တထိတ်တလန့်ဖြင့် လှည့်ရှာသည်၊

တစ်. . . တီ. . . တူး. . . တစ်. . . တီ. . . တူး. . . .

ဟော့ကောင် တော်စမ်းကနေ တစ်တီတူးတဲ့ ငှက်ဆိုး၊ မကောင်းဆိုး ရွား ငှက်၊ နိမိတ် မကောင်းတဲ့ ငှက်။

ကျွန်တော် ထိတ်ခနဲ ဖြစ်သွားသည်။ အစ်ကိုကြီး နေကောင်းရဲ့လား အမေများ ဈေးရောင်းရင်း တစ်ခုခုဖြစ်. . . ။

ကျွန်တော် လွယ်အိတ်ကို ဆွဲဖြုတ်လိုက်သည်။ အဲသည် လွယ်အိတ် ထဲမှာ လေးခွ ပါသည်။ လောက်စာလုံးတွေ ပါသည်။

ကျွန်တော် လှည်းပေါ်မှ ခုန်ချလိုက်ပြီး ဝါးရုံထိပ်ဖျားပေါ်မှာ တဝဲဝဲ လုပ်နေသော တစ်တီတူး ငှက်ယုတ်နှစ်ကောင်ဆီ လေးခွဖြင့် ဆက်တိုက် ပစ်လိုက်သည်။

ငှက်နှစ်ကောင် ပျံသွားပြီ။

ကျွန်တော် လွယ်အိတ်ထဲ လေးခွလေး ပြန်ထည့်လိုက်စဉ်မှာပဲ၊

တစ်တီတူး၊ တစ်တီတူး တဲ့။

ကျွန်တော် လေးခွနှိုက်ပြီး ငှက်နှစ်ကောင်ကို နောက်ထပ်အချက် ပေါင်း များစွာ ဆက်တိုက် ပစ်လိုက်ပြန်သည်။

ငှက်နှစ်ကောင်က တဝဲဝဲ တလှည့်လှည့်ဖြင့် အဝေးကို မပျံတော့ ဘဲ ကျွန်တော့်ကို လှောင်ပြောင်နေသည်။ ကျွန်တော့်စိတ်တို့ ခြောက်လှန့်နေသည်။

ကျွန်တော် ဒေါပွလာသည်။ ကျွန်တော် ကြောက်လာသည်၊

www.burmeseclassic.com



'စိန်မောင်မြင့်ရေ'

ကျွန်တော် အစွမ်းကုန် ဟစ်အော်ပစ်လိုက်သည်။

ကျွန်တော့်အသံက ဝါးရုံတော တစ်ခုလုံး ဟိန်းထွက်လာသည်။ ကျွန်တော့်အသံနှင့် မရှေးမနှောင်းမှာပဲ တစ်တီတူး၊ တစ်တီတူးဆိုတဲ့ ငှက်ဆိုးသံက ထက်ကြပ်မကွာ။

ဟော. . . လာပြန်ပြီ။ နောက်ထပ် အသံ ဖြောက်ဖြောက် ဖြောက် ဖြောက်နဲ့ ဝါးရွက်ခြောက်တွေကို နင်းပြေးလာတဲ့ အသံ။ အသံ ကြားရာဆီကို ကျွန်တော် တုန်လှုပ်စွာ ကြည့်နေမိပြန်သည်။

လာနေပြီ. . . လာနေပြီ။ ကျွန်တော် တွန့်ဆုတ် တွန့်ဆုတ်နဲ့ လှည်းနံရံကို ကပ်မိသွားသည်။

'ကောင်လေး . . . ဘာဖြစ်တာလဲ၊ ပြောစမ်း၊ ပြောစမ်း'

ကျွန်တော့်ပခုံးကို စိန်မောင်မြင့်က အတင်းဆုပ်ကိုင် လှုပ်ယမ်းနေသည်။

ကျွန်တော် ဘာမှ မပြောနိုင်။ ဟိုဝါးပင် ထိပ်ဖျားပေါ်မှာ တဝဲဝဲ တလှည့်လှည့် လုပ်နေသော တစ်တီတူးငှက် အဖို၊ အမဆီ လက်ညှိုး ညွှန်ပြရုံသာ ပြနိုင်တော့သည်။

'ဟား ဟား ဟား . . . မင်းနှယ့်ကွာ တစ်တီတူးများ ကြောက်ရ တယ်လို့၊ မြို့သားရာ ရှူးလည်းရှူးပါ့၊ သွေးလည်း နည်းပါ့'

ကျွန်တော် ခေါင်းကိုသာ တွင်တွင် ခါယမ်းနေမိသည်။

'ဟေ့ကောင် စိတ်လျှော့စမ်း၊ ငါ အဲဒီငှက်နှစ်ကောင် ရအောင် ဖမ်းပြမယ်၊ ရရင် မင်း ဘာလုပ်မလဲ ပြော'

ကျွန်တော့်မျက်လုံးများ တောက်ပသွားမည် ထင်သည်။

'မင်းသာ ရအောင် ဖမ်းပေး၊ ချက်ချင်းကို မီးကင်စားပစ်မယ်'

'လွယ်ပါတယ် ကောင်လေးရာ၊ ကောက်ရိုးနဲ့ မီးခြစ်ယူပြီးသာ ငါ့နောက် လိုက်ခဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လှည်းပေါ်ရှိ ကောက်ရိုးထုံး နှစ်ထုံးကို ဆွဲချ လိုက်သည်။

စိန်မောင်မြင့်က တစ်တီတူးငှက် ဝဲလှည့်နေသော ဝါးရုံဝင် အောက်ဆီ ကုန်းကုန်းကွကွ သွားတော့ ကျွန်တော်လည်း တောင်ရိုး တစ်ပွေ့တစ်ပိုက်နှင့် သူ့လို ကုန်းကိုင်းကိုင်း။

စိန်မောင်မြင့်က လှည့်မကြည့်ဘဲ လက်ယပ်ခေါ်တော့ ကျွန်တော် ခပ်သွက်သွက်ပဲ ရွှေ့သွားလိုက်သည်။ စိန်မောင်မြင့်က ဟိုမှာကြည့် ဆိုပြီး လက်ညှိုးညွှန်ပြသည့် ဝါးရုံပင်ကြီးရဲ့ အခြေ ဝါးရွက်ခြောက်တွေ ပေါ်မှာ ငှက်ဥတွေ။

စိန်မောင်မြင့်က ကျွန်တော့်လက်ထဲက ကောက်ရိုးထုံးကို ဖြေပြီး နည်းနည်း ခွဲသည်။ ငှက်ဥတွေကို ကောက်ရိုးနှင့် ဝိုင်းပတ်ထားပြီး ငှက်ဥဘေးမှ ဝါးရွက်ခြောက်တွေကို ဖယ်ထုတ်ပစ်သည်။ ကျွန်တော် စိန်မောင်မြင့် လုပ်နေတာကို ဘယ်လိုမှ နားမလည်။

စိန်မောင်မြင့် ကျွန်တော့်ဆီက မီးခြစ်တောင်းရင်း မင်း ဟိုဘက် ချုံထဲ သွားနေဆိုပြီး ကျွန်တော့်ကို လက်ပြ၊ အဝေးသွားခိုင်းသည်။ ဝါးရုံထိပ်ဖျားမှာတော့ တစ်တီတူးငှက်နှစ်ကောင်ရဲ့ အော်မြည်သံက ထိတ်လန့် ချောက်ချားစရာ။

ခဏနေတော့ စိန်မောင်မြင့်က မီးတစ်ခြစ် ခြစ်ပြီး ကောက်ရိုး တွေကို မီးရှို့သည်။ ကောက်ရိုး မီးတောက်က ဝုန်းခနဲ၊ စိန်မောင်မြင့် နောက်ဆုတ်သွားပြီး ကျွန်တော်ရှိရာ ချုံထဲ ပြေးဝင်ပုန်းသည်။

မီးတောက်တွေ ထိန်ခနဲ ဖြစ်သွားချိန်မှာ တစ်တီတူး ငှက် နှစ်ကောင်က တစ်ေတာလုံး ဟိန်းညံသွားတဲ့ စူးရှရှအသံနှင့်အတူ မီးတောက်များဆီ တစ်ရှိန်ထိုး ဝင်ချလာသည်။

ငှက်နှစ်ကောင် ဟိုခုန် သည်ခုန်နှင့် မီးတောက်များကို တောင်ပံ ဖြင့် တဖြန်းဖြန်း ရိုက်ပြီး ငြိမ်းသတ်နေသည် ။ ကောက်ရိုးမီးက ခဏပါပဲ။ မီးလည်း ငြိမ်းသွားရော စိန်မောင်မြင့်က ဟေးဟု အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်တော့ ငှက်နှစ်ကောင် ဝေါခနဲ ထပျံသွားသည်။ ကောက်ရိုးမီးသင်းနံ့၊ ငှက်မွေးမီးလောင်ညှော်နံ့တို့ကတော့ ပျံ့လွင့်နေသည်။

ငှက်နှစ်ကောင် ပျံသွားတော့ စိန်မောင်မြင့်က ကျန်ကောက်ရိုးများကို စောစောကအတိုင်း ငှက်ဥတွေကို ဝိုင်းပတ်ပြီး မီးရှို့ပြန်သည်။ ကောက်ရိုးမီးတွေ ထိန်ခနဲ တောက်လာရော ငှက်နှစ်ကောင်ဆီက အသံကုန်ဟစ်လိုက်သံက ပိုလို့ မြည်းဟည်းသွားပြီး မီးတောက်များဆီ ခုန်ဆင်း၊ တောင်ပံ တဖြန်းဖြန်း ရိုက်၊ မီးငြိမ်းသတ်။

မီးခိုးမှိုင်းတွေကြားထဲမှာ ငှက်နှစ်ကောင်၏ လှုပ်ရှားမှုက တဖြည်းဖြည်း ဝေဝါးနွေးကွေးလေးလံလာသည်။ ညှော်နံ့များ ဝေ့ခနဲ။

လုံးဝ မီးငြိမ်းသွားတော့ စိန်မောင်မြင့် ကျွန်တော့်ကို ချုံထဲကနေ ဆွဲချလာသည်။ သက်မဲ့ရုပ်လို ဖြစ်နေသော ကျွန်တော့်မှာ စိန်မောင်မြင့် ဆွဲရာကို တရွတ်တိုက် ပါလာသည်။

'ကဲ. . . မင်းစားမယ်ဆိုတဲ့ ငှက် မီးကင်ပြီး အဆင်သင့်'

ကျွန်တော် တောင်ပံ၊ အမွေးတွေမဲ့ပြီး မီးသင့် လဲကျ သေဆုံးနေသော ငှက်နှစ်ကောင်ကို ကြည့်ရင်း ကြည့်ရင်းမှာပဲ ငှက်နှစ်ကောင်ပေါ် မျက်ရည်တစ်စက်စီ ကြွေကျသွားသည်။

[ ၄ ]


ကျွန်တော် အခုချက်ချင်း အမေ့ဆီ ပြန်တော့မည်။

*၁၉၉၁၊ မတ်လ၊ မဟေသီ မဂ္ဂဇင်း*

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လက်ချောင်းလေးများ အကြောင်းကို ကျွန်တော် ပြောပြချင်ပါသည်။

လက်ချောင်းလေးများတွင် အချောင်းရေအလိုက် အမိပ္ပာယ်ကိုယ်စီ၊ သင်္ကေတကိုယ်စီ ရှိကြပါသည်။ လက်ချောင်းလေးများ ကိစ္စသည် ဘယ်လိုမှ ထူးဆန်းဖွယ်မရှိသော၊ စိတ်ဝင်စားဖွယ် မကောင်းသော၊ အရေးတယူ လုပ်စရာ မရှိသော အကြောင်းအရာဟု ထင်ပြီး ရေးကြီးခွင့်ကျယ် ပြောနေသော ကျွန်တော့်ကို အပြစ်တင်လျှင်လည်း ကျွန်တော် ခံနိုင်ပါသည်။

ကျွန်တော်ကတော့ ပြောပြချင်လှပါသည်။

*၁။ လက်ချောင်းလေး တစ်ချောင်း ထောင်တာကို ပြောပြပါမည်။*

ခပ်ငယ်ငယ် ကျောင်းသား ဘဝက ဆရာမရှေ့မှာ လက်ညှိုး တစ်ချောင်း ထောင်ပြဖူးပါသလား။

အမိပ္ပာယ်အပြည့်ပါသော သင်္ကေတလေး တစ်ခုပင် ဖြစ်ပါသည်။

အပြင်ခဏ သွားခွင့်ပြုပါ။ အပေါ့သွားချင်လို့ပါ၊ ရေသောက်ချင်လို့ပါ ဆိုသည့် အမိပ္ပာယ်၊ လက်ညှိုးလေး ထောင်ပြတာနှင့် ပြီးပြည့်စုံသွားပါသည်။

ဤသင်္ကေတလေးကို မည်သူတီထွင်ခဲ့ပါသလဲ။ မည်သူကမှလည်း တိတိကျကျ ရေရေရာရာ သိမည် မထင်ပါ။ သို့သော် အရာရောက် တွင်ကျယ်လှပါသည်။ အဆင်လည်း ပြေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



*၂။ လက်ချောင်းနှစ်ချောင်း ထောင်တာကို ပြောပြပါမည်။*

ခပ်ရွှယ်ရွှယ် လူငယ်လေးဘဝမှာ ရှယ်တူမိန်းကလေးတစ်ယောက်ကို လက်ညှိုး၊ လက်ခလယ် လက်နှစ်ချောင်း ထောင်ပြဖူးပါသလား။

အဓိပ္ပာယ်အပြည့်ပါသော သင်္ကေတလေးတစ်ခုပင် ဖြစ်ပါသည်။

ငြိမ်းချမ်းပါတယ်၊ ပြေလည်ပါတယ်နော် ဆိုသည့် အဓိပ္ပာယ်ကို လက်ညှိုး၊ လက်ခလယ် နှစ်ချောင်း ထောင်ပြတာနှင့် ပြီးပြည့်စုံ သွားပါသည်။

ဤသင်္ကေတလေးကို မည်သူက တီထွင်ခဲ့ပါသလဲ။ မည်သူတစ်ယောက်မှ လည်း တိတိကျကျ ရေရေရာရာ သိမည် မထင်ပါ။ သို့သော် အရှေ့ ရောက် တွင်ကျယ်လှပါသည်။ အဆင်လည်း ပြေပါသည်။

*၃။ လက်သုံးချောင်း ထောင်ပြတာကို ပြောပြပါမည်။*

အနောက်နိုင်ငံ တချို့မှာ ဖြစ်ပါသည်။ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် လက်သုံးချောင်း ထောင်ပြတာ ဖြစ်သည်။ ကားသမား များ ကားချင်းရှောင်ရာတွင် သုံးကြတာ ဖြစ်သည်။

အဓိပ္ပာယ်အပြည့်ပါသော သင်္ကေတကလေး တစ်ခုပင် ဖြစ်ပါ သည်။

အိုကေပါတယ်။ လမ်းခရီး အဆင်ချောပါတယ်ဆိုတဲ့ အဓိပ္ပာယ် ကို လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်း ထောင်ပြတာနဲ့ ပြီးပြည့်စုံ သွားပါသည်။

ဤသင်္ကေတလေးကို မည်သူတီထွင်ခဲ့ပါသလဲ။ မည်သူတစ်ယောက်မှ တိတိကျကျ ရေရေရာရာ သိမည် မထင်ပါ။ သို့သော် အနောက်ရောက် တွင်ကျယ်လှပါသည်။ အဆင်လည်း ပြေပါသည်။

*၄။ လက်လေးချောင်း ထောင်တာ ပြောပြပါမည်။*

ပိန်ချည့်ချည့် အသားအရေ ခြောက်သွေ့သွေ့ မျက်လုံး [illegible] လူကို လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း [illegible] သင်္ကေတ ပြတာပဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်အပြည့်ပါသော သင်္ကေတကလေး တစ်ခုပင် ဖြစ်ပါသည်။

ဆေးသမား၊ နံပါတ်ဖိုးသမားပေါ့၊ ဘိန်းဖြူငနဲလေဟု ဆိုသည့် အဓိပ္ပာယ်ကို လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းတို့ ထောင်ပြတာနှင့် ပြီးပြည့်စုံ သွားပါသည်။

ဤသင်္ကေတလေးကို မည်သူတီထွင်ခဲ့ပါသလဲ။ မည်သူကမှလည်း တိတိကျကျ ရေရေရာရာ သိမည် မထင်ပါ။ သို့သော် အရာရောက် တွင်ကျယ်လှပါသည်။ အဆင်လည်း ပြေပါသည်။

*၅။ လက်ငါးချောင်း ထောင်တာကို ပြောပြပါမည်။*

အရှိန်အဟုန် တစ်ခုနှင့် ပြေးလာသူ အရာဝတ္ထု တစ်ခုခုကို လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း ငါးချောင်း ထောင်ပြဖူးပါသလား။

ရပ်၊ ဆက်မသွားနဲ့နော် ဆိုသည့် အဓိပ္ပာယ်ကို လက်ငါးချောင်း ထောင်ပြတာနှင့် ပြီးပြည့်စုံ သွားပါသည်။

ဤသင်္ကေတလေးကို မည်သူတီထွင်ခဲ့ပါသလဲ။ မည်သူကမှလည်း တိတိကျကျ ရေရေရာရာ သိမည် မထင်ပါ။ သို့သော် အရာရောက် တွင်ကျယ်လှပါသည်။ အဆင်လည်း ပြေပါသည်။

လက်ချောင်းလေးများအကြောင်းကို ကျွန်တော် ပြောပြပြီးပါပြီ။

ကျွန်တော် ပြောပြခဲ့သော လက်ချောင်းလေးများ၏ အဓိပ္ပာယ် ကိုယ်စီသည် အရေးမပါသော ပေါ့တန်သော ကိစ္စရပ်များဟု သဘော ထားလျှင်လည်း ထားနိုင်ပါသည်။

သို့သော် ယခု ထပ်မံပြောမည့် ကိစ္စကိုတော့ ပေါ့တန်သော သဘောထားမျိုး မရှိစေလိုပါ။ ဤအတွက် ကျွန်တော် တောင်းပန် ပါသည်။ တကယ့်ကို လေးနက်သော အကြောင်းအရာ ဖြစ်နေပါ သည်။ ထို့ကြောင့် ဂရုတစိုက် နားထောင်စေချင်ပါသည်။

www.burmeseclassic.com

တစ်ခုတော့ ရှိပါသည်။ ကျွန်တော် မပြောမီမှာ စောစောက ထောင်ထားခဲ့သော လက်ချောင်းလေးများကို လက်သန်းက စ၍ အစီအရီလိုက် ပြန်ကွေးစု ထားစေချင်ပါသည်။

ကျွန်တော် ပြောပြပါတော့မည်။

. . . . . . . . . . . . . .

. . . . . . . . . . . . . .

ရွှေမှုခင်း

●

www.burmeseclassic.com